# ကျွန်ုပ်တို့ဤကဲ့သို့မဟုတ်ရပါ

## မြန်မာနိုင်ငံအတွင်းရှိ အဓိကရုဏ်းများကြောင့် ထိခိုက်ခံခဲ့ရသော နှစ်ဖက်အသိုင်းအဝိုင်းများ၏ စကားသံကို နားထောင်ခြင်း



*နည်းစနစ်ပိုင်းဆိုင်ရာ နှင့် လေ့ကျင့်မှု*

Soth Plai Ngarm

*စီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်း နှင့် စာအရေးအသား*

Amie Kirkham

*စာအရေးအသားနှင့် တည်းဖြတ်ခြင်းဆိုင်ရာ အထောက်အပံ့*

Raymond Hyma ၊ Karen Simbulan

*မိတ္တူ တည်းဖြတ်ခြင်း*

Ayesha Saeed

*ပုံစံဒီဇိုင်း*

Boonruang Song-ngam

*ထုတ်ဝေသူ*

The Centre for Peace and Conflict Studies (CPCS), 2015

*ရံပုံငွေ ထောက်ပံ့သူ*

Catholic Agency For Oversea Development (CAFOD)

ထုတ်ဝေမှု အမှတ် - ၉၇၈-၉၉၉၆၃-၈၁၇-၈-၂

# ကျွန်ုပ်တို့ဤကဲ့သို့မဟုတ်ရပါ

## မြန်မာနိုင်ငံအတွင်းရှိ အဓိကရုဏ်းများကြောင့်
## ထိခိုက်ခံခဲ့ရသော
## နှစ်ဖက်အသိုင်းအဝိုင်းများ၏ စကားသံကို
## နားထောင်ခြင်း

ဤစာအုပ်သည် အဓိကရုဏ်းအကြမ်းဖက်မှုတွင် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ထိုကဲ့သို့
ထပ်မဖြစ်စေရန် သန္နိဋ္ဌာန်ချမှတ်သူတို့အတွက် ရည်ရွယ်ပါသည်။

# မာတိကာ


**အနှစ်ချုပ်ရှင်းလင်းချက်** ........ ၅
- အဓိက အကြောင်းအရာများ ........ ၆
- နားဆင်သူတို့ဘက်မှ ထင်မြင်သုံးသပ်ချက်များ ........ ၁၃
- ခွဲခြမ်းစိတ်ဖြာခြင်း ........ ၁၆
- အကြံပေးချက်များ ........ ၁၉

**မိတ်ဆက်ကဏ္ဍ** ........ ၂၁

**နည်းစနစ်ပိုင်းဆိုင်ရာများ** ........ ၂၄

**အဓိကအကြောင်းအရာများကိုအကျယ်ချဲ့ခြင်း** ........ ၃၄
- ပဋိပက္ခ ဖြစ်ပွားစေသော အရာများ ........ ၃၄
- လက်ရှိဖြစ်ပွားနေသော စိန်ခေါ်မှုများ ........ ၄၇
- ပေါင်းစည်းခြင်း၊ ကာကွယ်တားဆီးခြင်းနှင့် ရှေ့သို့ဆက်ခြင်း ........ ၅၅

**ရှေ့ဘို : ကာကွယ်တားဆီးခြင်းအတွက် ဖြစ်ရပ်ကို လေ့လာသုံးသပ်ခြင်း** ........ ၆၈

**နယ်မြေများကို အကျဉ်းချုပ် တင်ပြခြင်း** ........ ၇၆
- မိတ္ထီလာတွင် ........ ၇၆
- လားရှိုး ........ ၈၂
- မန္တလေး ........ ၈၆
- ပဲခူးအနောက်ဘက် ........ ၉၀
- စစ်တွေ ........ ၉၄
- ရှေ့ဘို ........ ၁၀၁

## ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာအသိုင်းတို့၏ စကားသံများကို နားထောင်ခဲ့သောနယ်များကို ပြသသော မြေပုံ




အမှတ်အသားပြထားသော နေရာများမှာ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း အနောက်ဘက်နှင့် ရခိုင်ပြည်နယ်တို့ ဖြစ်ကြသည်။

# အနှစ်ချုပ်ရှင်းလင်းချက်

၂၀၁၂ ခုနှစ်အလယ်ပိုင်းတွင် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ အဓိကရုဏ်းပဋိပက္ခများဖြစ်ပေါ်ခဲ့သည်။ ရခိုင်ပြည်တွင်မူ ထိုအချိန်မတိုင်မီကတည်းက အဓိကရုဏ်းများဖြစ်ခဲ့သောလည်း အခြားသောပြည်နယ်နှင့်တိုင်းများတွင်နိုင်ငံနှင့်အဝှမ်းထိုမျှသောပမာဏ ခန့်ဖြစ်ပွားခဲ့ခြင်းမရှိသေးပါ။ထိုဖြစ်ပွားခဲ့သော ပဋိပက္ခများကို "ဘာသာရေးအဓိကရုဏ်း" ဟု သတ်မှတ်ထားကြပြီး နှစ်ဖက်အသိုင်းအဝိုင်းများမှ ပြောပြသည်မှာ ဗုဒ္ဓဘာသာတို့က မွတ်စလင်များကိုအကြမ်းဖက်တိုက်ခိုက်သည်ဟူ၍လည်းကောင်း ဗုဒ္ဓဘာသာဝင်တို့သည် မွတ်စလင်တို့၏ တိုက်ခိုက်ခြင်း အောက်တွင် ဓါးစာခံဖြစ်ရသည်ဟူ၍လည်းကောင်းပြောပြကြသည်။ ထိုကဲ့သို့သော အပြန်အလှန် ပြောကြားချက်များကြောင့်ဗုဒ္ဓဘာသာဝင်တို့နှင့်မွတ်စလင်တို့အကြား မုန်းတီးမှုများ ပိုမိုကြီးထွားလာပြီး ထိုအကြမ်းဖက်မှုများတွင် ပတ်သတ်နေသော လုပ်ရပ်အပြုအမူတို့ကို ကောင်းမွန်စွာ သိရှိနားလည်နိုင်ရန် လုံလောက်သော အချက်အလက်များ တင်ပြနိုင်ရန် လည်းမဖြစ်နိုင်တော့ချေ။

ယခုထုတ်ဝေဖြန့်ချိမှုသည် ထိုကဲ့သို့ အဓိကရုဏ်းဖြစ်ပွားခဲ့သော နေရာခြောက်နေရာမှ သူတို့၏ အသံများကို မြှင့်တင်ပေးလိုက်ခြင်း ဖြစ်ပြီး ထိုအခြေအနေအား ဝေဝေဆာဆာ စုံစုံလင်လင် သိရစေရန်ပြုလုပ်ပေးလိုက်ခြင်း ဖြစ်သည်။ CPCS ၏ *နားထောင်ခြင်းဆိုင်ရာနည်းစနစ်* ကို အသုံးပြုထားကာ နိုဝင်ဘာလ ၂၀၁၄တွင် မန္တလေးတိုင်း မိတ္ထီလာမြို့၊ ရှမ်းပြည်နယ်လားရှိုးမြို့၊ မန္တလေးတိုင်းမန္တလေးမြို့၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၊ ပဲခူးတိုင်း ပဲခူးမြို့အနောက်ဘက်နှင့် ရခိုင်ပြည်နယ်စစ်တွေမြို့တို့ရှိ အသိုင်းအဝိုင်းတို့မှလူပေါင်း ၂၂၀တို့ကို မေးမြန်းပြောဆိုထားခြင်း ဖြစ်သည်။ ပြောကြားသောအသိုင်းအဝိုင်းရှိသူတို့မှာလည်း သူတို့တွေ့ကြုံခဲ့ရသော အကြမ်းဖက်မှု အတွေ့အကြုံများကို အခြေခံကာ အနာဂတ်တွင်ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်နိုင်ရန်အတွက် မျှော်လင့်ချက်နှင့်ပြောဆိုခြင်း ဖြစ်သည်။

## အဓိက အကြောင်းအရာများ

မြန်မာနိုင်ငံရှိ နေရာခြောက်နေရာမှ လူပေါင်း၂၂၀တို့၏ စုပေါင်းပြောကြားချက်များကို ကိုယ်စားပြုသော အဓိကခေါင်းစဉ်များနှင့် အကြောင်းအရာများကို ဖော်ပြထားပါသည်။ ထိုခေါင်းစဉ်နှင့် အကြောင်းအရာများကို ထိုအသိုင်းအဝိုင်းများနှင့် စကားပြောခဲ့သော ကြားနာရေးအဖွဲ့မှ အမျိုးအစားခွဲခြားကာ အဆင့်အလိုက် စီထားပါသည်။

**ပြင်ပမှလူများက အဓိကရုဏ်းတွင် အဓိကပါနေသည် :** ရှိရှိသမျှသော အသိုင်းအဝိုင်းတိုင်းမှ လူတို့ကအကြမ်းဖက်မှု ကိုလှုံ့ဆော်ရာတွင်လည်းကောင်း၊ ဖျက်စီးသောင်းကြမ်းသူများကို စုရုံးရာတွင်လည်းကောင်း သူစိမ်းများပါဝင်နေခြင်းကို သတိထားမိသောကြောင့် ထိုအကြမ်းဖက်မှုများသည် ကြိုတင်စီမံ အကွက်ချထားသည်ဟုယုံကြည်ကြသည်။ထိုအသိုင်းအဝိုင်းရှိလူများကလည်း "သူစိမ်းများ" "မျက်နှာစိမ်းများ" ကို ဘာသာရေးအဆောက်အအုံများ သို့မဟုတ် ဈေးများကို မီးရှို့ရာတွင် မြင်လိုက်ကြရသည်။ ထိုလူစုလူဝေးများကြားထဲတွင် လူစိမ်းများ သို့မဟုတ် အပြင်လူများကို တွေ့ရပြီး လူများကို စုဝေးကာ မွတ်စလင်ရပ်ကွက်များ၊ ဈေးဆိုင်များနှင့် ဘာသာရေးအဆောက်အအုံများကို ဖျက်စီးနေသောလူများနှင့်အတူ ပါဝင်ရန် ဗုဒ္ဓဘာသာဝင်တို့ကို ဆွယ်နေသည်ကို တွေ့ရသည်။ တစ်ချို့ဖြစ်ပွားခဲ့သော နေရာများတွင် အကြမ်းဖက်မှု မဖြစ်ပွားမီ ရက်အနည်းငယ်အလိုတွင် ရဲနှင့်စစ်တပ်များ ရှိနေသည်ကို သတိထားမိကြသည်။

ထိုအဓိကရုဏ်းအကြမ်းဖက်မှုများကို လှုံ့ဆော်ရာတွင် အဖွဲ့အစည်းများလည်း ပါဝင်ကြောင်းကို ပါဝင်သူတို့က ပြောပြလေသည်။ အများစုက ထိုပါဝင်မှုများသည် ပြည်နယ်အာဏာပိုင်ဖြစ်သော မြန်မာ့စစ်တပ်နှင့်အစိုးရသော်လည်းကောင်း သို့မဟုတ် ပြည်နယ်အာဏာပိုင်မဟုတ်သော နိုင်ငံရေးပါတီနှင့်ဘာသာရေး အစွန်းရောက်အုပ်စုများမှ ဖြစ်သည်ဟု ယုံကြည်ကြသည်။ နေရာအများစုတွင် ဘာသာရေးအယူသည်းအုပ်စုများမှ အမုန်းတရားဟောပြောမှုများ မြင့်တက်လာခဲ့ပြီး မွတ်စလင်ဆန့်ကျင်ရေးသီချင်းများ သီဆိုခြင်း မွတ်စလင်ဆန့်ကျင်ရေး လက်ကမ်းစာစောင်များနှင့် စီဒီများ ဖြန့်ဝေခြင်းတို့ကို ပြုလုပ်လာသည်။အဓိကရုဏ်း မဖြစ်မီ ရက်အနည်းငယ်အလိုတွင်လည်း ကောလဟာလများကို အခြေအနေတင်းမာမှုများ ဖြစ်ပေါ်စေရန် ဖြန့်ဝေမှုများပြုလုပ်ခဲ့သည်။

အချို့အသိုင်းအဝိုင်းများမှ ပြောပြသည်မှာ မွတ်စလင်တစ်ချို့အား ရာဇဝတ်မှုများ ကျူးလွန်သယောင်အဓမ္မဖိအားပေးသည်ဟု ပြောကြသည်။ ထိုအရာများမှာ လှုံ့ဆော်သည့်စနစ်များ ဖြစ်တန်ရာ၏။ဥပမာတစ်ခုမှာ စိတ်ဝေဒနာသည် ယောကျ်ားလေးတစ်ဦး (၁၇နှစ်)အား အမျိုးသမီးတစ်ဦးကို အတင်းအဓမ္မမုဒိန်းကျင့်ခိုင်းပြီး အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်ခြင်းဖြစ်သည်။ နောက်တစ်နေရာတွင်အရက်စွဲနေသော မွတ်စလင်တစ်ဦးကို ငါးရက်တိတိ အရက်တိုက်ပြီးနောက် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းကို အဓမ္မဖျက်ဆီးစေရန် စေခိုင်းခြင်းဖြစ်သည်။ မွတ်စလင် အမျိုးသမီး နှစ်ယောက်ကိုလည်း နေရာတစ်နေရာသို့ လာသည်ကိုတွေ့ရပြီးထိုနေရာရှိလူများကို "နာမည်ကြီးစေတီ" ဘယ်မှာလဲဟု ထိုစေတီအဖျက်မခံရမီ နှစ်ရက်အလိုက လာရောက် မေးမြန်းခဲ့လေသည်။ ထိုအရာများသည် မွတ်စလင်တို့အပေါ် သံသယကြီးထွားစေရန် ပြုလုပ်သည်ဟု ခန့်မှန်းရာ၏။

**လုံခြုံရေးတပ်ဖွဲ့တို့မှ ကျကျနန တုံ့ပြန်မှုရှိခြင်း :** ထိုအသိုင်းအဝိုင်းအတွင်းရှိသူတို့မှလည်း သက်ဆိုင်ရာတာဝန်ရှိသူတို့က အဓိကရုဏ်းဖြစ်နေစဉ်အတွင်း၊ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်းထိထိရောက်ရောက် တာဝန်ယူတုံ့ပြန်မှုမရှိဟု ခံစားရလေသည်။ နေရာတော်တော်များများတွင် ရဲများရှိသော်လည်း လူစုခွဲခြင်း၊ အကြမ်းဖက်မှုကို တားဆီးခြင်းတို့ကို လုပ်ပေးလိုခြင်း မရှိကြချေ။အကြမ်းဖက်မှုဖြစ်ပွားရာနေရာများတွင် ရဲများက ဘေးဖယ်နေကာ အကြမ်းဖက်မှုကို ဖြစ်ပွားစေသည်။ ဆူပူမှုများဖြစ်ပွားနေစဉ်တွင် "မင်းမဲ့တိုင်းပြည်" ကဲ့သို့ ဖြစ်သွားကြောင်း အသိုင်းအဝိုင်းအတွင်းရှိသူတို့မှ ပြောပြလေသည်။

**ထိုဖြစ်ပွားမှုများသည် ပြည်သူတို့၏ ဘဝကို အဘက်ဘက်မှ ထိခိုက်လေသည် (နေအိမ်များ၊ ပိုင်ဆိုင်မှုများ လူမှုဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် ပညာရေး) :** အုပ်စုတိုင်းမှသူတို့သည် ထိုအဓိကရုဏ်းများသည် ၄င်းတို့ကို ပြင်းပြင်းထန်ထန် သက်ရောက်မှု ရှိကြောင်း သတိထားမိလေသည်။ အချို့သောအခင်းဖြစ်ပွားခြင်းများတွင် ၄င်းတို့၏နေအိမ်များနှင့် ပိုင်ဆိုင်မှုများကိုဆုံးရှုံးလိုက်ရကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပျက်ယွင်းပြီး အချို့သောသူများသည် မိသားစုဝင်များ ဆုံးရှုံးလိုက်ရသောကြောင့်စိတ်ဖောက်ပြန်ရူးသွပ်ခြင်းနှင့် စိတ်ဒဏ်ရာခံစားရမှုများ ရှိလာကြသည်။ ထိုအဓိကရုဏ်းများ ဖြစ်ပြီးနောက်တွင် လုံခြုံရေးအတွက် ပူပန်မှုများ အသိုင်းအဝိုင်းများကြားတွင် ရှိလာသည်။ နောက်ဆုံးတွင်လူအများစုမှာလည်း ခွဲခြားဆက်ဆံခံရမှုများ ရှိလာသည်။ ကျောင်းသား

များသည်လည်း ခြိမ်းခြောက်ခံရပြီးကျောင်းတွင် ခွဲခြားဆက်ဆံခံရမှုများရှိလာသည်ဟု ပြောသည်။

**ကြောက်ရွံ့မှုများနှင့် မိမိအတွက် စိုးရိမ်ပူပန်မှု :** အကြမ်းဖက်မှု ဖြစ်စဉ်များအတွင်း ကြုံတွေ့ခဲ့ရသောအတွေ့အကြုံများသည် စိတ်ဒဏ်ရာအနေနှင့် ဆက်လက်ကျန်ရှိနေသောကြောင့် ၎င်းတို့၏ နေ့စဉ်ဘဝကိုပါ သက်ရောက်လျက်ရှိသည်။ အသိုင်းအဝိုင်းများမှာလည်း ကြုံတွေ့နေရသော အမုန်းစကားများနှင့် ခွဲခြားဆက်ဆံမှုများကြောင့် ဆက်လက်ကြောက်ရွံ့လျက် ရှိသည်။

**မွတ်စလင်ဆန့်ကျင်ရေး ဝါဒဖြန့်မှုမှ အကြမ်းဖက်မှုအသွင် ကူးပြောင်းသွားခြင်း :** မွတ်စလင်ဆန့်ကျင်ရေးတရားများကြောင့် မွတ်စလင်များအပေါ်တွင် ပိုပြီးသက်ရောက်မှုများရှိလာသည်။ လူအများမှာလည်းကောလဟာလများနှင့် အမုန်းတရားများကို ယုံပြီးနောက် ထိုအချက်သည် မွတ်စလင်များအပေါ် မယုံကြည်မှုနှင့် ကြောက်ရွံ့မှုများကို အဓိကဖြစ်ပေါ်လာစေပြီး အကြမ်းဖက်မှုဖြစ်ပွားနိုင်သော ပတ်ဝန်းကျင်အသွင်သို့ ပြောင်းလဲလာသည်။ ၎င်းတို့အတွက် လက်ရှိပူပန်ရမည်မှာ အယူသည်းအုပ်စုများမှ ဖြန့်ဝေသော မွတ်စလင်ဆန့်ကျင်ရေးသီချင်းများ၊ တရားများနှင့် အမုန်းတရားများဖြစ်သည်။ လူမှုမီဒီယာများ၊ လက်ကမ်းပုံနှိပ်စာစောင်များ၊ စီဒီများနှင့် တရားပွဲများမှ မွတ်စလင်များနှင့်ဆိုင်သော ကောလဟာလများက မွတ်စလင်အသိုင်းအဝိုင်းရှိသူများကို စိုးရိမ်ပူပန်စေသည်။

**IDP စခန်းများရှိ ဒုက္ခသည်များ ၎င်းတို့၏ အခြေခံလိုအပ်ချက်များ ရရှိနိုင်ရန်လက်ခဲသည် :** ထိုအကြမ်းဖက်မှုများဖြစ်ပွားပြီးနောက်တွင် ပြန်လည်ထူထောင်ရေးစခန်းတွင် နေထိုင်ရသူတို့မှာအင်မတန်မှ ခက်ခဲကြမ်းတမ်းသော အတွေ့အကြုံများကိုကြုံတွေ့ရသည်။ စစ်ဘေးရှောင် ပုဂ္ဂိုလ် (IDP) တို့မှာ အစားအစာရရှိရေး၊ ညှံ့ဖျင်းနေရာအဆောက်အအုံ၊ ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် ပစ္စည်းများခိုးယူခံရမှုမှာ ၎င်းတို့အဓိကပူပန်ရသော အချက်များဖြစ်သည်။ နောက်တိုးအနေဖြင့် အိမ်ခြေရာမဲ့ဖြစ်သွားသော ပြည်သူတို့မှာ ပြန်လည်နေရာချထားရေး စီမံကိန်းမရှိခြင်း၊ ၎င်းတို့ယခင်နေထိုင်ခဲ့သော မြေနှင့်ပတ်သော အမည်ပေါက်ပိုင်ဆိုင်မှုများ၊ ပိုင်ဆိုင်ကြောင်းသက်သေများ မရှိတော့ခြင်းကြောင့်လည်း ထိုအချက်ကိုစိုးရိမ်ပူပန်နေကြရသည်။ အခြားသူများမှာလည်း အမျိုးသားနှင့် အမျိုးသမီးများကို ခွဲခြားထားခြင်းမရှိဘဲ ဒုက္ခသည်စခန်းများတွင်

ယောကျ်ားများနှင့် မိန်းမများကို အကုန်ရောထားခြင်းကိုလည်းစိတ်ပူပန်ရသည်။ ထိုစိုးရိမ်ပူပန်မှု များသည် မိတ္ထီလာတွင်အဖြစ်များပြီး ပြောဆိုမှုများအားလုံးသည် IDP စခန်းများအတွင်း ပြုလုပ်ထားခြင်း ဖြစ်သည်။

**အကြမ်းဖက်မှုများသည် မိသားစုဘဝကို ပြင်းထန်စွာ ထိခိုက်ခြင်း :** ထိုအဓိကရုဏ်းများကြောင့် အချို့ကလေးများ မိဘမဲ့ဖြစ်သွားရကြသည်။ မတူညီသော ဘာသာဝင်တို့ ပါဝင်နေသော မိသားစုများမှာလည်း ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။ အချို့မိသားစုဝင်များမှာ ခွဲခွာခံလိုက်ရပြီး မတူညီသောဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရသည်။

**သက်ဆိုင်ရာ အသိုင်းအဝိုင်းများသည် ၎င်းတို့၏ ဘာသာရေးအဆောက်အုံများကို ပြန်လည်တည်ဆောက် ခွင့်မရဟုခံစားနေရသည် :** ပါဝင်ခဲ့သူများသည် ဖျက်စီးခံခဲ့ရသော ဘာသာရေးအဆောက်အအုံများအကြောင်းကို အသေးစိတ်ပြောပြကြသည်။ မွတ်စလင်အသိုင်းအဝိုင်းရှိသူများသည် ၎င်းတို့ကိုးကွယ်သောဘာသာကြောင့် ၎င်းတို့၏ ဘာသာရေးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခွင့်ကို ငြင်းပယ်ခံခဲ့ရသည်ကို သတိပြုမိကြသည်။ အသိုင်းအဝိုင်းတစ်ခုတွင် မွတ်စလင်ကလေးငယ်များအတွက် မိဘမဲ့ဂေဟာတည်ဆောက်ပေးခြင်းကို တားမြစ်ပိတ်ပင်ခြင်းခံရသည်။ အခြားတစ်နေရာတွင်လည်း ၎င်းတို့၏ပျက်စီးသွားသော ဗလီများကို ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးဟုဆိုသည်။

**ထိုအသိုင်းအဝိုင်းများသည် တစ်ချိန်က ချစ်ခင်စွာနေထိုင်ခဲ့ကြသော သူများဖြစ်ပြီး ထိုဖြစ်ပွားသောအဓိကရုဏ်းများကြောင့် များစွာ စိတ်ဆင်းရဲကြရသည် :** နေရာတိုင်းတွင်ရှိသော အသိုင်းအဝိုင်းအစုံတို့မှပြောသည်မှာ ၎င်းတို့သည် ထိုဖြစ်ရပ်များမတိုင်ခင်က နှစ်ဖက်ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသည်ဟုဆိုသည်။ တစ်ချို့အသိုင်းအဝိုင်းများတွင် အဓိကရုဏ်းများဖြစ်သည်ဟု သတင်းကြားသော်လည်း ယခင်ကတည်းက ငြိမ်းချမ်းစွာ ချစ်ချစ်ခင်ခင် ယှဉ်တွဲနေလာခြင်းကြောင့် ၎င်းတို့နေထိုင်ရာဒေသတွင် ဖြစ်လာလိမ့်မည်ဟု မယုံကြည်ခဲ့ကြချေ။ အသိုင်းအဝိုင်းများမှာလည်း ၎င်းတို့၏ပျက်စီးသွားသော ဘာသာရေးအဆောက်အအုံများနှင့် နောက်ဆက်တွဲဖြစ်လာသော ပြဿနာများအတွက် ဝမ်းနည်းခဲ့ရပြီး ထိုအဓိကရုဏ်း များသည် ၎င်းတို့၏ ကိုယ်ရည်ကိုယ်သွေး တန်ဖိုးများကို စိန်ခေါ်လျက်ရှိသည်ဟု ခံစားရသည်။

**အသိုင်းအဝိုင်းများသည် အဓိကရုဏ်းဖြစ်ပွားနေစဉ်မှာပင် ဆက်လက်ပြီး ချစ်ချစ်ခင်ခင် နေနိုင်ရန် ထိန်းသိမ်းလျက်ရှိသည် :** ထိုအသိုင်းအဝိုင်းတို့က ပြောသည်မှာ ထိုကဲ့သို့သော အဓိကရုဏ်းများ မဖြစ်ပွားမီက မတူကွဲပြားသော ဘာသာရေးအုပ်စုများသည် မိတ်ဆွေများ၊ အိမ်နီးချင်းကောင်းများ အနေဖြင့် နေထိုင်ခဲ့သည်ဟု ဆိုသည်။ အကြမ်းဖက်မှုဖြစ်ပွား နေစဉ်ကာလအတွင်း မွတ်စလင်နှင့် ဗုဒ္ဓဘာသာအိမ်နီးချင်းများ တစ်ဦးကိုတစ်ဦး အကာ အကွယ် ပေးခဲ့ကြသည်ဟုဆိုသည်။ ထိုအသိုင်းအဝိုင်းတွင်းမှာပင် မိမိကိုယ်ကိုအန္တရာယ်အ ဖြစ်ခံပြီး ဘာသာခြားများကို ကယ်ဆယ်ပေးခဲ့သော သူများအကြောင်းကိုလည်းကြားသိ ခဲ့ရသည်။ လူအများစုကမူ ထိုအဓိကရုဏ်းများသည် ၎င်းတို့အသိုင်းအဝိုင်းအတွင်းတွင် မဖြစ်သင့်ပဲဖြစ်ခဲ့ရသည်ဟု ပြင်းပြင်းထန်ထန်ခံစားရကြောင်း ပြောသည်။ ၎င်းတို့ ရှေးကြာ မြင့်လှကတည်းက ချစ်ချစ်ခင်ခင်ယှဉ်တွဲနေထိုင်ခဲ့သောကြောင့် ထိုအဓိကရုဏ်းများ ဖြစ်ရသည်ကို အင်မထန်မှ ထိတ်လန့်သွားပြီး အရှက်လည်းရမိကြောင်း ပြောကြသည်။ အခြားသူများကမူ ထိုအဓိကရုဏ်းများသည် ပြင်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့်ဖြစ်ပြီး ထိုအသိုင်းအဝိုင်းအတွင်းမှ ဖြစ်ခြင်းမဖြစ်နိုင်ဟု ပြောသည်။

ထိုသုံးသပ်ချက်များသည် စစ်တွေတွင် ကြားသိခဲ့ရခြင်းဖြစ်ပြီး ထပ်တွဲပြောဆိုသည်မှာ ထိုမတူညီသော ဘာသာဝင်များကို ခွဲခြားထားခြင်းသည်သာလျှင် တစ်ခုတည်းသော ဖြေရှင်းနည်းဖြစ်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ကြောင်းကို ပြောဆိုလေသည်။ အခြား သောနေရာများတွင်လည်း အသိုင်းအဝိုင်းပေါင်းစုံတို့မှလည်း ထိုအကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက်တွင် ဘာသာပေါင်းစုံ ပြန်လည်ညီညွတ်ရေးအတွက် ပြန်လည်ကြိုးပမ်း လာသည်ကို တွေ့ရသည်။ အချို့မှာမူ ဘာသာပေါင်းစုံ ဆွေးနွေးမှုများနှင့်အတူ ခွဲခြား မှုများကို ကျော်လွှားနိုင်စေရန် ဓလေ့ရိုးရာ လှုပ်ရှားမှုများတွင် ပါဝင်လာသည်ကို တွေ့ရ သည်။

**အသိုင်းအဝိုင်းတို့မှလည်း ဘာသာရေးအဆောက်အအုံများ ပျက်စီးရခြင်းနှင့် မွတ်စလင်တို့ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံခဲ့ရမှုများအတွက် အပြစ်မကင်းသလိုခံစားရသည် :** စကားများ အပြန်အလှန်ပြောဆိုရင်း သိလာရသည်မှာ ဗုဒ္ဓဘာသာဝင်အများစုကလည်း ၎င်းတို့ အသိုင်းအဝိုင်း အတွင်း ဗလီများ မီးရှို့ဖျက်ဆီးခံခဲ့ရမှုအတွက် အပြစ်မကင်းသလို ခံစားရသည်။ တစ်ဖက်ဘာသာရေး အဖွဲ့အစည်းမှ ပြုလုပ်သွားသောကြောင့် ခံစားခဲ့ရ သော ဇာတ်လမ်းများကိုလည်း နှစ်ဖက်စလုံးမှ လူများက ကြင်နာသနားကြပြီး အကြမ်း ဖက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဂရုဏာသက်ကြသည်။

**အဓိကရုဏ်းများ ဖြစ်ပွားပြီးနောက်တွင် ပြောဆိုဆက်ဆံရသည်မှာ ပိုမိုခက်ခဲမှုရှိလာသည် :** သက်ဆိုင်ရာ အသိုင်းအဝိုင်းများမှ ညီညွတ်ခြင်းကို လိုလားသော်လည်း အများစုကမူ နှစ်ဖက်ဘာသာရေး အဖွဲ့အစည်းအချင်းချင်း ပြောဆိုဆက်သွယ်ရသည်မှာ ပိုမိုစိန်ခေါ်မှုများ များပြားလာကြောင်း အသိအမှတ်ပြုလာကြသည်။အဓိကရုဏ်းများကြောင့် တစ်ချိန်က ရင်းနှီးခဲ့သူတို့ သူစိမ်းပြင်ပြင် ဖြစ်သွားကြသည်။ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အချင်းချင်း မိမိအသိုင်းအဝိုင်းအတွင်းမှ ဘာသာခြားပုဂ္ဂိုလ်များနှင့်ပြောဆိုဆက်ဆံရာတွင် စကားမှား၊ နားလည်မှု လွဲမှားမည်ကိုစိုးရိမ်သောကြောင့်ပြောဆိုဆက်ဆံရာတွင်ပိုမိုပြီးသတိထားလာကြသည်။

**အသိုင်းအဝိုင်းတို့မှစည်းလုံးမှုနှင့် အပြန်အလှန်နားလည်နိုင်စွမ်းတို့ကို အင်အားကောင်းစေလိုကြသည် :** ဘာသာရေးနှင့် လူမျိုးရေးနောက်ခံတို့ ကွဲပြားနေသော်လည်း အသိုင်းအဝိုင်းအတွင်းရှိ လူတို့သည်တစ်ဖက်နှင့်တစ်ဖက် နားလည်လိုကြသည်။ အသိုင်းအဝိုင်းများကိုယ်တိုင်ကလည်း ၎င်းတို့သာစည်းလုံးညီညွတ်ပါက ပြင်ပမှ ဝင်ရောက်သွေးခွဲ၍ မရနိုင်ဟု ယုံကြည်ကြသည်။ ဘာသာပေါင်းစုံ နားလည်မှုရရှိနိုင်ရန်အတွက် ဘာသာရေးခေါင်းဆောင်များနှင့် သက်ဆိုင်ရာ အသိုင်းအဝိုင်း အတွင်းရှိလူများတွေ့ဆုံပြီး အချက်အလက်များ မျှဝေနိုင်ရန်၊ ဘာသာတရားတို့၏ယုံကြည်ချက်များနှင့် ကျင့်ကြံပုံတို့ကို သင်ကြားပြသနိုင်ရန် အခွင့်အလမ်းတို့ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်သည်။

နေရာတိုင်းတွင်ပါဝင်သူတို့က ယခင်ကမတူညီသော ဘာသာရေးအသိုင်းအဝိုင်းများ ချစ်ချစ်ခင်ခင်ယှဉ်တွဲနေထိုင်ကြပုံကို ပြောပြခဲ့သည်။ ပြန်လည်ချစ်ခင်နိုင်စေရန်နှင့် စည်းလုံးမှုကို ပြန်လည်ထူထောင်နိုင်ရန် လှုပ်ရှားမှုများတွင် ပါဝင်လိုသော ဆန္ဒရှိကြောင်းကိုလည်း ပြောသည်။ အသိုင်းအဝိုင်းအတွင်းရှိလူတို့မှာ အောက်ပါဘာသာပေါင်းစုံ လှုပ်ရှားမှုများကို လိုအပ်သည်ဟု ယုံကြည်ကြလေသည်။

- ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းဆိုင်ရာ လှုပ်ရှားမှု
- နိုင်ငံသား၊ လူ့အခွင့်အရေးနှင့် ပဋိပက္ခအသွင် ပြောင်းပုံ ရှင်းလင်းသင်ပြခြင်း
- အကြောင်းကိစ္စတစ်ခုခုတွင် ဘာသာခြားများအား အတူတူ ယှဉ်တွဲဆောင်ရွက်စေရန်အတွက် အခွင့်အလမ်းပေးခြင်း
- ဘာသာပေါင်းစုံ အသိပညာကို ဝေမျှခြင်းကို မြှင့်တင်ခြင်းနှင့်
- ကျောင်းများတွင် ဘာသာပေါင်းစုံအသိပညာတို့ကို သင်ကြားပေးခြင်းတို့ဖြစ်သည်။

**ပြင်ပမှလူမှုဝန်ထမ်းကိစ္စဆောင်ရွက်သူများသည် အခြေအနေကို အတိုင်းအတာတစ်ရပ်ထိ သာနားလည်သည် :** ရခိုင်ပြည်တွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းများနှင့် ပတ်သတ်ပြီး မီဒီယာများ၏ ဖော်ပြချက်များနှင့် နိုင်ငံတကာ လူမှုဝန်ထမ်း ဆောင်ရွက်သူများအပေါ်တွင် စစ်တွေမြို့ဒေသခံများမှာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ စစ်တွေရှိ အသိုင်းအဝိုင်း များသည် ရခိုင်တွင် ဖြစ်ပွားခဲ့သော အခြေအနေအမှန်ကို အတွင်းကျကျသိရှိမှု အားနည်း လွန်းသည်ဟု ခံစားရပြီး အပြင်လူများမှာလည်း မကြာခဏဆိုသလို မှားယွင်းနေသော လိုအပ်ချက်များရှိနေသော NGOများ၏ အစီရင်ခံစာ တစ်မျိုးတည်းကိုသာအားကိုးလွန်း နေသည်ဟု ခံစားရသည်ဆိုသည်။

မိတ္ထီလာတွင်လည်း IDP စခန်းများတွင် အမှန်တစ်ကယ်ဖြစ်ပွားသွားသော အခြေအ နေအမှန်များနှင့်လက်ရှိကြုံတွေနေရသော အခက်အခဲများကို အတိုင်းအတာတစ်ရပ်ထိသာ လူသိကြသည်ဟုခံစားရသည်ဆိုသည်။

**အခြားသောဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ အခန်းအနားများတွင် ပါဝင်ခြင်းသည် အသိုင်းအဝိုင်းအတွင်း ညီညွှတ်မှုကို ဖြစ်ပေါ်စေသည် :** အသိုင်းအဝိုင်းတို့မှ အခြား သော ဘာသာတို့၏ အခမ်းအနားတို့တွင် ဝင်ရောက်ပါဝင်ခြင်းသည် အသိုင်းအဝိုင်းအတွင်း သဟဇာတ ညီညွှတ်မှုကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်နိုင်ကြောင်း သတိပြုမိကြလေသည်။ ယခင်က မွတ်စလင်တို့သည် ဗုဒ္ဓဘာသာရဟန်းများကို ဆွမ်းကပ်ပြီး ဗုဒ္ဓဘာသာ ပွဲတော်တို့တွင်လည်း ဆွမ်းလှူကြသည်။ ဗုဒ္ဓဘာသာတို့ကလည်းဗလီများအား အလှူဒါနများပြုကြလေသည်။ ထိုအမှု များသည် အသိုင်းအဝိုင်းများကြား နားလည်မှုနှင့် ချစ်ခင်မှုကို ဖြစ်ပေါ်စေသည်။

**ထိုအသိုင်းအဝိုင်းအတွင်းရှိ လူများကပင် ထိုအဓိကရုဏ်းများ မဖြစ်အောင် တားဆီး ပေးနိုင်သည် :** အသိုင်းအဝိုင်းအတွင်းရှိ လူတို့မှ ကောလဟာလများကို ငြိမ်ဝပ်စေရန်၊ ပဋိပက္ခများကို တားဆီးနိုင်ရန် နည်းလမ်းများကိုပြောပြထားလေသည်။ ၎င်းတို့မှာ -

- **ကောလဟာလများကို သတိထားပြီး ဖြေရှင်းနိုင်ရန် အသိပညာပေးခြင်း :** ပါဝင်သူတို့ဘက်မှ အသိုင်းအဝိုင်းအတွင်းရှိ လူများကို ကျကျနန ခွဲခြမ်းစိတ် ဖြာနိုင်စွမ်းလိုအပ်ကြောင်းကို အဓိကထား ပြောလေသည်။ အသိုင်းအဝိုင်းတစ်ခု သည် ကောလဟာလတစ်ခုကို ကြားသည့်အခါ ကျကျနန ခွဲခြမ်းစိတ်ဖြာ

သုံးသပ်တတ်ရန်နှင့် ထိုသတင်းကို အများသူငါတို့အား မဖြန့်မီသေချာအော င်စီစစ်နိုင်စွမ်းတို့ရှိရန်လိုသည်။ ဘာသာပေါင်းစုံ လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်း များကိုလည်း ဘာသာရေး အဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခု ကို နားလည်မှု တည်ဆောက်ပေးနိုင်သော၊ ဘာသာခြားသူများ တစ်ယောက်နှင့် တစ်ယောက် ထိတွေ့ဆက်ဆံနိုင်သော နည်းလမ်းတစ်ခုအဖြစ် ပြောကြားလေသည်။ ထိုသို့ ပြုလုပ်ပါက လူများလည်းတစ်ဖက်ဘာသာရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သော ကောလဟာလများကို ယုံကြည်ရန် ခက်ခဲသွားမည်ဖြစ်ပြီး ကောလဟာ လများကို မပြန့်ပွားစေရန် တားဆီးနိုင်မည် ဖြစ်သည်။

- **နားလည်မှု လွဲမှားခြင်းများကို တုံ့ပြန်ရန် ပူးပေါင်းဆောင်ရွက်သော အဖွဲ့များ တည်ထောင်ခြင်း :** သက်ဆိုင်ရာ အသိုင်းအဝိုင်းခေါင်းဆောင်များ၏ ပဋိပက္ခဖြစ်ရာတွင် တားဆီးနိုင်မှုတွင် အရေးပါကြောင်းကို ပါဝင်သူတို့က အထူးပြောကြားလေသည်။ ဘာသာပေါင်းစုံအဖွဲ့အစည်းမှ ခေါင်းဆောင်များ အတူတကွယှဉ်တွဲလုပ်ဆောင်ပြီး ကောလဟာလများကို တားဆီးကာ ကြီးထွား လာနိုင်သော အခြေအနေများကို ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်နိုင်မည်ဟု ယူဆသည်။ အသိုင်းအဝိုင်းအတွင်းရှိသူများမှ ပြောဆိုသည်မှာ ထိုကာကွယ် တားဆီးရေး အသင်းအဖွဲ့ပြုလုပ်ရေးအကြံဉာဏ်ကိုလည်း ကြိုဆိုကြောင်း ပြောသည်။

## နားဆင်သူတို့ဘက်မှ ထင်မြင်သုံးသပ်ချက်များ

နားဆင်သူတို့သည်လည်း ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ မြန်မာနိုင်ငံဒေသပေါင်းစုံမှ ဖြစ်ပြီး ၎င်းတို့ဆိုင်ရာဒေသ၏ အဓိကရုဏ်းများ၊ ဘာသာပေါင်းစုံဆက်ဆံရေးနှင့် ညီညွတ်စွာ ယှဉ်တွဲ နေနိုင်ရေးတို့အတွက် လုပ်ဆောင်နေသူတို့ဖြစ်သည်။ နားဆင်သူတို့ဘက်မှလည်း ဘာသာပေါင်းစုံဖြင့် ဖွဲ့စည်းထားသောနားဆင်ရေးအဖွဲ့များဖွဲ့လိုက်သောအခါဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊မွတ်စလင် တို့တစ်ဦးအပေါ် တစ်ဦး စာနာနားလည်လာကြသည်။နားဆင်သူတို့ ဘက်မှလည်း၎င်းတို့တွေ့ရှိချက်၊ အတွေ့အကြုံများနှင့် အမြင်များကို ပြောကြားရာတွင် အောက်ပါအတိုင်း အနှစ်ချုပ်တင်ပြထားပါသည်။

- ကျွန်ုပ်တို့သည်ဒေသတွင်းဖြစ်နေသော အခြေအနေများကို နားလည်ရန် လိုအပ်ပြီး အခြားသော တစ်ဖက်မှ သူတို့ကိုလည်း တွေ့ဆုံမေးမြန်းရန်

လိုအပ်သည်။အဓိကရုဏ်းအတွင်း ပါဝင်ခဲ့သူများကိုပင် အခြေအနေတစ်ရပ်၏ ရှုထောင့်အမျိုးမျိုးကို နားလည်ရန် လိုအပ်သောကြောင့် ဆူပူမှုတွင် ပါဝင်ခဲ့သော သူများ၏ ပြောကြားချက်ကိုပင်နားဆင်ရန်လိုအပ်သည်။

- ကျွန်ုပ်သည် ကျွန်ုပ်အသိုင်းအဝိုင်းအတွင်းရှိ သူများကို ကူညီရေးတွင်အတွေ့အကြုံရှိပါသည်၊ အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်သည် ဂျာနယ်လစ်များကို အင်တာဗျူးလုပ်ရာတွင် ကူညီပေးခဲ့သောကြောင့် ဖြစ်သည်။ ယခုတစ်ကြိမ်တွင်မတော့ တော်တော်ကွာခြားပါသည်။ စာအရေးအသားတွင် ဘက်လိုက်မှုမရှိစေရန် ဂရုစိုက်ရသည်။ သူတို့ပြောစကားကို နားထောင်ရာတွင်လည်း ကျန်ရစ်ခဲ့သည်တို့ မရှိရအောင် အာရုံစိုက်ရသည်။
- ကျွန်ုပ်တို့သည် နှစ်ဖက်စလုံးကို နားထောင်ခြင်းအားဖြင့် ပြဿနာကိုဖြေရှင်းနိုင်မည်ဖြစ်သည်။ ပြဿနာ၏ မူလဇစ်မြစ်ကို နားဆင်ပြီး ဖြေရှင်းနိုင်လိမ့်မည်။ နားထောင်နေစဉ်တွင်ပင် ဖြေရှင်းနိုင်လိမ့်မည်။
- စကားပြောဆိုနေစဉ်တွင် ကျွန်ုပ်မည်ကဲ့သို့ဖြစ်သည်၊ သူတို့၏ခံစားရပုံတို့ကို သိသလိုလို ရှိလာသည်။ သို့ရာတွင် ကျွန်ုပ်တို့သွားရောက်ပြီး နားထောင်ရာတွင် သူတို့၏ အကြံဉာဏ်များ၊ ထင်မြင်ယူဆချက်များနှင့် ရှုထောင့်အမြင်များသည် ကျွန်ုပ်တို့ထင်ထားသည်နှင့် ကွာခြားနေသည်ကို တွေ့ရလေသည်။
- ဆူပူမှုများ စတင်ဖြစ်ပေါ်ကတည်းက ကျွန်ုပ်ထိုကိစ္စမျိုးတွင် လုပ်ကိုင်ခြင်းများအတွက် အတွေ့အကြုံရှိပါသည်။ ကျွန်ုပ်တို့ သူတို့ပြောမည့် စကားများနှင့်ထိုဖြစ်ရပ်များကို အစောကြီးကတည်းက ကြိုတင်နားလည်ထားလိမ့်မည်ဟုထင်ထားသော်လည်း နားထောင်လိုက်သောအခါတွင် ကျွန်ုပ်တို့နားမလည်သေးသော မသိသေးသော အရာများများစွာရှိသည်ကို သတိထားမိသည်။

အောက်ပါလေ့ကျင့်ခန်းတွင် နားဆင်သူတို့သည် သူတို့ကိုသူတို့ ဘာသာ "ခြား" တစ်ဦး၏စိတ်အနေအထားဖြင့် ဝင်ရောက်ခံစားစေပြီး ၄င်းတို့အနေနှင့် ဘာသာပေါင်းစုံ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ဘာလုပ်မည်ဆိုသည်ကို မျှဝေပြောဆိုစေသည်။ နားဆင်သူတို့ထံမှ ထွက်လာသောအဖြေတို့မှာ အဲ့ဒီအဖွဲ့ကောင်းလောက်အောင်ပင် တူညီနေပြီးနောက်လူတိုင်းကလည်း ငြိမ်းချမ်းစွာနေလိုကြသည်ဟု ဆိုသည်။ အချို့သောအကြံပေးချက်များမှာ-

- မွတ်စလင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် အခန်းအနားများတွင် စားသောက်ရန်အတွက် အခြားသောသူများကို ဗလီအတွင်းသို့ ဖိတ်ခေါ်ပါမည်။
- ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ကျွန်ုပ်အသိုင်းအဝိုင်းအတွင်းရှိ မွတ်စလင်မိတ်ဆွေများအား ဗုဒ္ဓဘာသာ၏ တရားတော်များကို ဝေမျှပါမည်။
- မွတ်စလင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် ကျွန်ုပ်အသိုင်းအဝိုင်းအတွင်း ရှိအခြားသောဘာသာခြားများနှင့် စကားပြောဆိုကာ မွတ်စလင်တစ်ယောက်၏ ဘဝအတွေ့အကြုံ (ကျွန်ုပ်တို့၏ရိုးရာ၊ယုံကြည်ချက်)များကို ဗဟုသုတအ နေနှင့်မျှဝေပါမည်။
- ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် အမုန်းတရားနှင့် ကောလ ဟာလများကို ချေဖျက်ပြီးနောက်တွင် အခြားသူများအား ထိုအရာများသည် ဗုဒ္ဓတရားတော်နှင့် မညီကြောင်းရှင်းပြပါမည်။
- မွတ်စလင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် တူညီသောအချက်များကို ရှာဖွေပြီး ကျွန်ုပ်၏မိတ်ဆွေများနှင့် အတူတကွ ယှဉ်တွဲလုပ်ဆောင်နိုင်ရန် ကြိုးပမ်းပါမည်
- ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနှင့် ကျွန်ုပ်သည် မွတ်စလင်များနှင့် အခြား သော ဘာသာဝင်များကို သူတို့ဘာသာအကြောင်း ကောင်းစွာနားမလည်ဘဲ ပြစ်တင်ဝေဖန်ခြင်း စော်ကားပုတ်ခတ်ခြင်းမျိုး ရှောင်ပါမည်။
- မွတ်စလင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် ကျွန်ုပ်ဘာသာ၏ အနှစ်သာရ ကိုနားလည်အောင်ကြိုးစားပြီး ကျွန်ုပ်၏မိသားစုနှင့်မိတ်ဆွေများကိုဘုရားသ ခင်များသည်ငြိမ်းချမ်းရေးကိုသာလိုလားကြောင်းပြောဆိုမည်ဖြစ်သည်။
- ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် လူသားအားလုံးအပေါ် မေတ္တာ၊ကြင်နာမှုနှင့် ဂရုဏာတရားတို့အား လူသားအားလုံးအပေါ်တွင်ပျံ့နှံ့ စေရန် ပြုလုပ်မည် ဖြစ်သည်။
- မွတ်စလင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် ကျွန်ုပ်အသိုင်းအဝိုင်းအတွင်း မှလူငယ်များကို စုပြီး လူမှုပရဟိတများ ပြုလုပ်ရန် ဆော်သြမည်ဖြစ်သည်။
- ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ကျွန်ုပ်သည် အခြားသောသူများနှင့် ခွဲခြားဆက်ဆံခြင်း ကင်းသော ဆက်ဆံရေးမျိုးနှင့် မိတ်ဆွေဖွဲ့နိုင်ရန် ကြိုးစားပါ မည်။

ထိုအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်နေစဉ်နှင့် ဆွေးနွေးပြောဆိုနေစဉ်အတွင်းတွင် ထိုနားဆင်သူ ၂၄ယောက်သည် ၄င်းတို့၏ ၄င်းတို့အလုပ်လုပ်နေစဉ် သို့မဟုတ် အဓိကရုဏ်းကြောင့် ထိခိုက်ခဲ့ရသော ရှုထောင့်အမြင်များနှင့် အတွေ့အကြုံများကို အတူတကွ လုပ်ဆောင်ရင်း မျှဝေပြောကြားကြလေသည်။ ထိုသူတို့သည် မတူညီသော ဘာသာရေးအဖွဲ့အစည်း နောက်ခံများမှ လာသော်လည်း မတူကွဲပြားမှုများကိုကျော်လွှားကာတစ်ဦး၏ယုံကြည် မှုနှင့် ဖြစ်ပွားခဲ့သော အရာများအပေါ် ကွဲပြားသော ရှုထောင့်အမြင်များ ပေးစေခြင်း ဖြင့်နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ခြင်းနှင့် လေးစားမှုကို ပြသနိုင်ခဲ့ကြသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲ အဆုံးသတ်အနေဖြင့် နားဆင်သူတို့မှာ ထိုနေရာကို ပိုင်ဆိုင်မှုရ ယူလျက် အသစ်ဖြစ်ပေါ်လာသော ဆက်ဆံရေးကို မည်သို့ထိန်းသိမ်းမည် ဆိုသည်နှင့် ရှေ့လျှောက်ဆက်လက် ပူးပေါင်းနိုင်ရန်အတွက် မည်သို့ပြုလုပ်ရမည်ဆိုသော ရှင်းလင်း ချက်များကို စတင်လေသည်။ အတူတကွပူးပေါင်းပြီး အင်တာနက်ပေါ်တွင် အမုန်းတရား များ ဖြန့်ဝေနေခြင်းကို စောင့်ကြည့်ရေးနှင့် ဘာသာအချင်းချင်းနားလည်မှု ရရှိနိုင်ရန်အ တွက် ထိုအသိုင်းအဝိုင်းများနှင့် ယှဉ်တွဲလုပ်ကိုင်ခြင်းသည် အရေးပါသောအချက်ဖြစ် ကြောင်း ရှာဖွေတွေ့ရှိလာခဲ့ကြလေသည်။ မြန်မာပြည်၏ တိုင်းရင်းသားများ၊ ဘာသာ ရေးများနှင့်မြန်မာနိုင်ငံရှိ တိုင်းနယ်နမိတ်တို့နှင့် ဆက်စပ်နေသော ကိစ္စများနှင့် အဓိကရုဏ်းနှင့် သက်ဆိုင်သောကိစ္စများတွင် ပူးပေါင်းယှဉ်တွဲ လုပ်ဆောင်နိုင်ရန်အတွက် ဖောင်ဒေးရှင်းတစ်ခု တည်ထောင်လျက် ထိုအဓိကရုဏ်းကို ဆက်လက်လေ့လာလျက် ရှိသည်။ ၄င်းတို့၏ ပူးပေါင်းဆောင်ရွက်မှု အင်အားကောင်းစေရန်နှင့် ၄င်းတို့၏ ကွန်ယက်ကို ချဲ့ထွင်ရာတွင် နားထောင်သူတို့ဘက်မှလည်း ထိုအသိုင်းအဝိုင်းများ အတွင်းမှ ထွက်လာသော အဓိကရုဏ်းကို တုံ့ပြန်ပုံနှင့် မဖြစ်အောင် ကာကွယ်သော ဗျူဟာများကို ခိုင်ခိုင်မာမာလုပ်ဆောင်နိုင်မည့် အကြံဉာဏ်အသစ်များကို ပြောပြကြလေ သည်။

## ခွဲခြမ်းစိတ်ဖြာခြင်း

ထိုအဓိကရုဏ်းအတွင်း တွေ့ကြုံခံစားခဲ့ရသော သူများ၏စကားများကို နားထောင်လိုက် ရခြင်းသည်မြန်မာနိုင်ငံတွင် ပုံမှန်ကြားနေကျ ဇာတ်လမ်းနှင့် မတူကွဲပြားသော ခိုင်မာသည့် အကြောင်းအရာတစ်ရပ်ကို ပေါ်ထွန်းလာစေသည်။ အသိုင်းအဝိုင်းအတွင်းရှိ သူများမှာ လည်း ထိုအဓိကရုဏ်းများမှာ မဖြစ်သင့်ဘဲ ဖြစ်ရသည်ဟု ယူဆကြပြီး အားလုံးထံမှ

အင်တိုက်အားတိုက် စုပေါင်းကာ ထွက်ပေါ်လာသည်မှာ "ကျွန်ုပ်တို့ဤကဲ့သို့မဟုတ်ရပါ" ဟူ၍ဖြစ်သည်။ ကြုံတွေ့ခဲ့ရသူများမှာ လည်းငှင်းတို့၏ အသိုင်းအဝိုင်းအတွင်း ထိုကဲ့သို့သော အဓိကရုဏ်းမျိုးဖြစ်လာသည့်အတွက် အံ့သြခြင်းနှင့် စိတ်ပျက်ခြင်းများ ဖြစ်ပေါ်ရသည်ဟု ဆိုသည်။ သို့သော်လည်း အချို့သော အသိုင်းအဝိုင်းမှ သူများမှာလည်း အကြမ်းဖက်မှုတွင် ပါဝင်ခဲ့ကြသည်ဟု အသိအမှတ်ပြုပြောဆိုခဲ့ကြသည်။ ၎င်းတို့၏ အသိုင်းအဝိုင်း အတွင်းမှ ရှုထောင့်အမြင်များသည်လည်း "တင်ပြမှုလွဲမှားကြောင်း" ဆိုသည့် စကားကို ကြိတ်မှိတ် ပြောဆိုခဲ့ရပြီး ၎င်းတို့တစ်ဦးချင်း၏ညီညွတ်မှုတသော ဘာသာခြားများနှင့် ဆက်ဆံရေးမှာ လည်း ချိနဲ့ခဲ့ရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခြင်းမျိုးမှာလည်း ၎င်းတို့အသိုင်းအဝိုင်းအတွင်း ပိုမိုကျယ်ပြန့်စွာ တွေ့ရကြောင်း ပြောသည်။

လူအများကလည်း ရှေးယခင်ကရှိခဲ့သော အေးချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့မှုများနှင့် အဓိကရုဏ်းဖြစ်ပွားနေစဉ်အတွင်း တစ်ဦးကိုတစ်ဦး ခွဲခြားမှုကင်းစင်လျက် ကူညီခဲ့ပုံများကို ပြောပြကာထိုထင်မြင်ချက်ကိုသရုပ်ဖော်ပြလေသည်။ စကားပြောဆိုနေစဉ်အတွင်းမှာ လည်း ပါဝင်ခဲ့သူများက အကြမ်းဖက်မှုများကို ခံစားခဲ့ရသော ဘာသာခြားများအပေါ် ဂရုဏာသက်ကြောင်းကို ဖော်ပြလေသည်။ ထိုကဲ့သို့အဓိကရုဏ်းဖြစ်ပွားခြင်းကြောင့် ၎င်းတို့အသိုင်းအဝိုင်းအတွင်း စည်းလုံးမှု ပျောက်ကွယ်ရခြင်းအတွက်လည်း ဝမ်းနည်း ကြောင်း ပြောဆိုလေသည်။ အသိုင်းအဝိုင်းအတွင်းရှိလူတို့မှာလည်း ၎င်းတို့ခံစားခဲ့ရသော၊ ခံစားနေရသော အကြမ်းဖက်မှု၏ သက်ရောက်မှုများကို အဓိကထားဖော်ပြပြီး ထိုကဲ့သို့သော ဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်စေရန်အတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဖော်ပြလေ သည်။

ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုသည် ဘာသာဝင်များအကြားတွင် မုန်းတီးမှုများ၏ စေ့ဆော်မှုကြောင့်ဖြစ်လာရသည်မဟုတ်ပေ။ နားဆင်သူများက အကြမ်းဖက်မှုကို အဘယ်အရာက ဖြစ်ပေါ်စေသနည်း၊ အဘယ်ကြောင့်ဖြစ်ရသနည်း ဟူသော မေးခွန်းကို မမေးသော်ငြားလည်း အသိုင်းအဝိုင်းများအကြား အရေးအပါဆုံး ဆွေးနွေးလိုသော အကြောင်းအရာ ဖြစ်လာသည်။ ထို့အပြင်နေရာတိုင်းတွင် စကားပြောဆိုကြည့်ရာတွင် လည်း စိတ်အားအထက်သန်ကြဆုံး အကြောင်းအရာ ဖြစ်နေသည်ကို တွေ့ရသည်။ အသိုင်းအဝိုင်းအတွင်းရှိသူများက ဘာသာရေးကိုင်းရှိုင်းသူများနှင့် ဘာသာရေး အစွန်းရောက်များဟူ၍ နှစ်ပိုင်းခွဲထားသည်ကိုတွေ့ရသည်။ အသိုင်းအဝိုင်းအတွင်းရှိသူ အများစုမှာလည်း ဘာသာရေးအစွန်းရောက် အဖွဲ့အစည်းများနှင့် အဆက်အဆံမရှိဘဲ နှစ်ဖက်ချစ်ခင်စွာ ယှဉ်တွဲနေနိုင်ရန် အားပေးခြင်းခံရကြောင့်လည်း သတိပြုမိလေသည်။

အသိုင်းအဝိုင်းတို့မှ နိုင်ငံရေး၊ အစိုးရ သို့မဟုတ် စစ်တပ်တို့ကို အကြမ်းဖက်မှုများ အတွင်းပါဝင်မှုကိုဂရုထားကြသော်လည်း မည်သူ၊မည်သည့်အဖွဲ့အစည်း၊ အစိုးရလောစစ်တပ်လော သို့မဟုတ် နိုင်ငံရေးပါတီတစ်ခုခုမှ ပါဝင်ပတ်သတ်နေသလောကိုမူ အတိုင်းအတာတစ်ခုထိသာ သိရှိလေသည်။ အသိုင်းအဝိုင်းတို့ဘက်မှလည်း ထိုအကြမ်းဖက်မှုများသည် အသိုင်းအဝိုင်းပြင်ပမှ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်သည်ဟု ပြင်းပြင်းထန်ထန် ယုံကြည်ပြီး အသိုင်းအဝိုင်းများအတွင်းရှိ ဘာသာရေးဆိုင်ရာ မုန်းတီးမှုနှင့် မသက်ဆိုင်ဟုလည်း ယုံကြည်ကြသည်။ ထိုအချက်သည် သုစိမ်းများက လူစုလူဝေးများ ပြုလုပ်ကာ အမုန်းတရားများဖြန့်ဝေနေခြင်းကို ကိုယ်တိုင်မျက်မြင် တွေ့ရှိခဲ့သူက ပြောကြားခြင်းဖြစ်ပြီး လုံခြုံရေးတပ်များကလည်းထိုအကြမ်းဖက်မှုများကို တားဆီးရန်မတတ်နိုင်၊ တားဆီးလိုပုံမရခြင်း၊ ထိုရာဇဝတ်မှုများကို တရားဥပဒေဘောင်အတွင်းမှ စွဲဆိုနိုင်ခြင်းမရှိခြင်းတို့ကိုလည်း ပြောကြားခဲ့သည်။

ထိုအကြမ်းဖက်မှုများသည် အသိုင်းအဝိုင်းအတွင်း ဖြစ်သည်ဟုဆိုသော်လည်း အသိုင်းအဝိုင်းအတွင်းရှိလူအများစုကမူ ထိုကဲ့သို့သော အကြမ်းဖက်မှုမျိုးကို လက်မခံကြချေ။ ထိုကဲ့သို့သော အကြမ်းဖက်မှုမျိုး ထပ်မဖြစ်ရန်လည်း တားဆီးလိုကြသည်။ အသိုင်းအဝိုင်းတို့မှလည်း နှစ်ဖက်ဘာသာရေးဆိုင်ရာ အသိပညာပေးရေးနှင့် သတိပြုစေရေး လှုပ်ရှားမှုတို့ကို ယုံကြည်မှုနှင့် ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရန်အတွက်သာမက ဘာသာရေးအစွန်းရောက် အဖွဲ့အစည်းများ၏ ကောလဟာလများနှင့် အမုန်းတရားဖြန့်ဝေမှုတို့ ကိုပါ တန်ပြန်တုံ့ပြန်နိုင်ရန်အတွက် အကြံပေးကြလေသည်။ ထို့အပြင်ရွှေဘိုမြို့ရှိ မြို့နယ်တစ်ခုတွင် အသိုင်းအဝိုင်းတို့မှ ဘာသာရေး ခေါင်းဆောင်များကို အတူတကွစုပေါင်းစေလျက် ကောလဟာလများကို ငြိမ်ဝပ်စေကာ နိုင်ငံရေး ပဋိပက္ခဖြစ်စေရန် လှုံ့ဆော်သူများကို တားဆီးရန်အတွက် စုပေါင်းပြီး အကြံအစည်ကို အကောင်အထည် ဖေါ်လိုက်ရသည်။

အသိုင်းအဝိုင်းပေါင်းများစွာတို့မှ နှစ်ဖက်ဘာသာ အသိပညာပေးမှု အားပေးသော၊ ငြိမ်ချမ်းစွာ ယှဉ်တွဲနေနိုင်ရေးကို အားပေးသော အဖွဲ့များကို ထူထောင်ရေးကို အကြံပေးကြလေသည်။ ထိုလှုပ်ရှားမှုများသည် အကြမ်းဖက်မှု၏ မူလဇစ်မြစ်မှာ အသိုင်းအဝိုင်းတို့က ပုံမှန်တုံ့ပြန်မှုအတိုင်း ဘာသာရေးကြောင့်ဖြစ်ရခြင်းမဟုတ် ဟူသော တွေ့ရှိချက်ကို ပိုမိုအားကောင်းစေသည်။ ထိုကြောင့် ထိုအဓိကရုဏ်းများသည် ထိုအသိုင်းအဝိုင်းများအတွင်း စတင်ဇစ်မြစ်ခံခဲ့ခြင်းမဟုတ်ဟူသော ခိုင်မာသော ကောက်ချက်တစ်ခုထွက်လာခဲ့သည်။

ထိုလုပ်ရပ်များကို သိရှိသူနည်းပါးလှပြီး ထိုအသိုင်းအဝိုင်းများ၏ အပြင်ဘက်တွင်လည်း ပြောပြသူမရှိသလောက်ပင် ဖြစ်သည်။ ထိုကဲ့သို့သော အသိုင်းအဝိုင်းအတွင်းရှိသူများ ပဋိပက္ခဖြစ်ပွားနေခြင်းကို ကာကွယ်ရန်ကြိုးစားနေခြင်း၊ အများစုဖော်ပြနေကြသော ဗုဒ္ဓဘာသာဝင်တို့နှင့် မွတ်စလင်တို့၏ တိုက်ခိုက်ခြင်းများကို တုံ့ပြန်ရန် အတွက် မီဒီယာတို့ကလည်း ပိုမိုအာရုံစိုက်ဖို့လိုသည်။ ထိုမှသာလျှင် မြန်မာနိုင်ငံပြည်တွင်းပြည်ပမှ စောင့်ကြည့်နေသူများက ထိုအကြမ်းဖက်မှုများသည် ထိုအသိုင်းအဝိုင်းတို့နှင့် မဆိုင်သကဲ့သို့အာဃာတ အငြိုးအတေးကြာရှည်ဖွဲ့မှုကြောင့်လည်း မဟုတ်ကြောင်း နားလည်သွားမည်ဖြစ်သည်။ထိုအချက်သည် အသိုင်းအဝိုင်းအား ရှေ့ဆက်နိုင်ရန်အတွက် အုတ်မြစ်ချပေးလိုက်ခြင်းပင်ဖြစ်သည်။

နှစ်ဖက်ဆက်ဆံရေးကို ပြောင်းလဲပစ်နိုင်ရန်နှင့် အဓိကရုဏ်းများကို တားဆီးရန် ဆောင်ရွက်ချက်တို့သည် ထိုအသိုင်းအဝိုင်းများထံမှသာ လာရမည်ဖြစ်သည်။ အသိုင်းအဝိုင်းတို့ထံမှ ကြားရသော စကားသံများအရ ထိုအရာတို့မှာ ဖြစ်နေပြီဟုဆိုသည်။ ၎င်းတို့အတွက် ကာကွယ်ရေးဗျူဟာများကို ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ စီမံနေခြင်းသည် အနာဂတ်အတွက် ကောင်းမွန်သော လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။

## အကြံပေးချက်များ

**မြန်မာအစိုးရအတွက် CPCSမှ ညွှန်းဆို အကြံပေးလိုသည်များ**

၁။ အဆိုပါ အဓိကရုဏ်းမျိုးကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့တို့၏လုပ်ထုံးလုပ်နည်းနှင့် ဗျူဟာတို့ကို ပြန်လည်ဆန်းစစ်ပါရန်

၂။ အဓိကရုဏ်ဖြစ်ခြင်းတို့ကို ကာကွယ်သော ဗျူဟာတို့ကို အင်အားကောင်းစေရန်နှင့် ဘာသာပေါင်းစုံညီညွတ်မှုတို့ကို အားကောင်းစေရန်အတွက် ဘာသာရေးခေါင်းဆောင်တို့နှင့် တိုင်ပင်ဆွေးနွေးပါ

၃။ မဟုတ်မမှန် ဝါဒဖြန့်ခြင်းအပါအဝင် အမုန်းတရား ၊ အကြမ်းဖက်မှုတို့နှင့် သက်ဆိုင်သော ပြည့်စုံသည်အစိုးရ၏ စည်းမျဉ်းမူဝါဒတစ်ခုကို ချမှတ်ပါရန်

၄။ ရာဇဝတ်မှုများကို တရားဥပဒေနှင့်အညီ ဥပဒေဘောင်အတွင်းမှ အချိန်နှင့်တပြေးညီ အရေးယူဆောင်ရွက်မှုသေချာစေရန် ဆောင်ရွက်ပါ

## မြန်မာအစိုးရအတွက် CPCSမှ ညွှန်းဆို အကြံပေးလိုသည်များ

၅။ အစိုးရနောက်ခံပြု မီဒီယာများအားလုံး ကပဋိပက္ခဖြစ်ရပ်များကို ဂရုထားပြီး တင်ပြမှုရှိအောင် သတိပြုပါ

၆။ IDP စခန်းများအတွင်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးသော ဝန်ဆောင်မှုများရှိပါစေ

၇။ IDP တို့အတွက် ရေရှည်နေရာချထားမှု ဗျူဟာရှိပါစေ

## မြန်မာနိုင်ငံရှိ NGO ၊ CSO များနှင့် INGO တို့အတွက် အကြံပေးလိုသည်များ

၁။ ဘာသာပေါင်းစုံ အသိပညာပေးမှုကို မြှင့်တင်ရန်အတွက် အသိုင်းအဝိုင်းများတွင် အသိပညာပေးသော အစီအစဉ်များကို ဖွဲ့စည်းတည်ဆောက်ခြင်း၊ အထောက်အပံ့ပေးခြင်းအားဖြင့် အမုန်းတရားများနှင့် ကောလဟာလ များကို ချေဖျက်ခြင်း

၂။ မီဒီယာ လေ့ကျင့်သင်ကြားမှုတို့ကို ပြုလုပ်ခြင်း ၊ အထောက်အပံ့ပေးခြင်းတို့ကို ပြုလုပ်ကာ ပဋိပက္ခ ဖြစ်စဉ်တို့အတွက်မီဒီယာတို့ဘက်မှ အပြုသဘောဆောင်သော ကဏ္ဍမှပါဝင်နိုင်ရန် ၊ ပိုမိုကွဲပြားသော ဇာတ်လမ်းအကြောင်းအရာများကို မြှင့်တင်နိုင်စေရန် အာရုံစူးစိုက်ပါ

၃။ အားလုံးနှင့်ဆိုင်သော ကိစ္စပြဿနာများ ၊ ဥပမာ- သဘာဝပတ်ဝန်းကျင်နှင့် ဆိုင်သော ကိစ္စများနှင့် ဘာသာအချင်းချင်းဖြစ်သော ပြဿနာများကို ဖြေရှင်း ပေးနိုင်ရန်အတွက် ဘာသာပေါင်းစုံ အဖွဲ့အစည်းများ ထူထောင်ရေးကို အထောက်အပံ့ပေးခြင်း

၄။ ဘာသာပေါင်းစုံအသိပညာတိုးတက်ရေးတို့ကိုမြှင့်တင်ပေးသောလှုပ်ရှားမှုတို့ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ကလေးသူငယ်တို့၏ ပညာရေးကို အနုပညာ၊ အားကစားနှင့် ကွန်ပြူတာအခြေခံသော နည်းလမ်းတို့ဖြင့် စူးစိုက်ပေးခြင်း

၅။ ပဋိပက္ခအဓိကရုဏ်းကိုအသွင်ပြောင်းနိုင်စေရန်လေ့ကျင့်သင်ကြားမှုကိုဘာသာ ရေးခေါင်းဆောင်နှင့် လူငယ်ခေါင်းဆောင်တို့ အပါအဝင် ကျန်အသိုင်းအဝိုင်း ခေါင်းဆောင်များကိုပါ သင်ကြားပေးခြင်း

# မိတ်ဆက်ကဏ္ဍ

ဇွန်လ ၂၀၁၂ တွင် မြန်မာနိုင်ငံသည် နေရာအနှံ့တွင် အဓိကရုဏ်း ပဋိပက္ခများ ဖြစ်ခြင်းကို ခံစားခဲ့ရသည်။ ရခိုင်ပြည်နယ်တွင်လည်း ထိုဖြစ်ရပ်မတိုင်မီက အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး နိုင်ငံအတွင်းရှိ အခြားသောနေရာများတွင်မတော့ ထိုမျှမပြင်းထန်သည့် ပုံပေါ်ပါသည်။ အများစု ကြားရိုးကြားစဉ် ပြောကြားချက်အရ ထိုအကြမ်းဖက်မှုများမှာ ဘာသာရေးဆိုင်ရာ ပဋိပက္ခကြောင့် ဖြစ်ပေါ်သည်ဟု ဆိုသည်။မြန်မာနိုင်ငံ ပြည်တွင်းပြည်ပတွင်မူ ဗုဒ္ဓဘာသာ ဝင်တို့က မွတ်စလင်ဓါးစာခံတို့အပေါ် အကြမ်းဖက်တိုက်ခိုက်မှု ရှိသည်ဟု ဆိုကြပြီး အချို့သော ဗုဒ္ဓဘာသာဝင်တို့ကမူ ထိုဖြစ်ရပ်များသည် မွတ်စလင်တို့က ဗုဒ္ဓဘာသာဝင် တို့အပေါ် အကြမ်းဖက် တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု ပြင်းပြင်းထန်ထန် ခိုင်ခိုင်မာမာသွယ်ဝိုက်ပြောဆိုသည်။ထိုကဲ့သို့သောအပေါ်ယံခွဲခြားသက်မှတ်မှုများကြော င့်ဗုဒ္ဓဘာသာဝင်နှင့်မွတ်စလင်အုပ်စုတို့အကြား သွေးကွဲမှုများ ဖြစ်ပေါ်လာသည်။

လက်ရှိနိုင်ငံရေး အပြောင်းအလဲအနေအထား အခြေအနေပေါ်တွင် မူတည်ပြီး ထိုအကြမ်း ဖက်မှုဖြစ်ရသော အကြောင်းရင်းနှင့် သဘောသဘာဝကို ကောက်ချက်ဆွဲခြင်းများလည်း ရှိသည်။ သို့ရာတွင်လည်း သတင်းဦးသတင်းထူး တို့ကိုမူကား အတိုင်းအတာတစ်ရပ်ထိသာ သိရလေသည်။ အဓိကရုဏ်းများ မည်သို့ ဖြစ်လာသည်ဆိုသည်မှာလည်း မရှင်းသကဲ့သို့ အသိုင်းအဝိုင်းတို့အား မည်သို့သက်ရောက်သည်၊ အသိုင်းအဝိုင်းတို့မှ မည်သို့တုံ့ပြန်သည် ဆိုသည်မှာလည်း မရှင်းလင်းပေ။ အကြမ်းဖက်မှုများကို ထိထိရောက်ရောက် တားဆီး နိုင်မည့် နည်းဗျူဟာအတွက်နှင့် အသိုင်းအဝိုင်းတို့ ရှေ့ဆက်နိုင်ရန်အတွက် ထိုအဓိ ကရုဏ်းအကြောင်းကို ပိုမိုထဲထဲဝင်ဝင် သိရှိရန်လိုအပ်သည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေးဌာန(CPCS)မှ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဋိပက္ခကို အသွင် ပြောင်းစေသည့်ချဉ်းကပ်ပုံဖြင့်ချဉ်းကပ်လေသည်။ CPCS သည် အကြမ်းဖက်မှု ပဋိပက္ခ ဖြစ်စဉ်အတွင်း ပါဝင်နေသော အုပ်စုနှစ်စု၏ ဆက်နွယ်မှုကို ပြောင်းလဲအောင် အခြေပြု ထားသော ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်များကိုသုံးကာ ကွဲပြားသော အကြောင်းအရာ ဇာတ်လမ်းများကို မြှင့်တင်ပေးပြီး အားလုံးခြုံငုံပါဝင်နိုင်မှုကို မြှင့်တင်သောနည်းဖြင့် အထောက်အပံ့ ပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကရုဏ်းဖြစ်စဉ်များကို ဝန်းရံလျက်ရှိသော တစ်ဖက်အမြင်နှင့်သာ ဖော်ပြသည့်ဇာတ်လမ်းအကြောင်းအရာများသည် ကျွန်ုပ်တို့သည် အကြမ်းဖက်မှုများအတွင်း တိုက်ရိုက်အားဖြင့်ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသော သူတို့၏ စကားသံကို နားထောင်ရန် လိုအပ်ကြောင်း ပြောနေခြင်းပင် ဖြစ်သည်။ တစ်ဖက်တည်းမှသာ ပြောပြသော စကားတို့သည် အခြေအနေတစ်ခုအပေါ်တွင် အပြည့်အစုံမဟုတ်ဘဲ အတိုင်းအတာ တစ်ရပ်အထိသာ နားလည်ခြင်းတို့ဖြစ်စေနိုင်ပြီး မြန်မာပြည်တွင် နေထိုင်သော အုပ်စုများ အချင်းချင်းကိုသွေးကွဲစေသည်။ အသိုင်းအဝိုင်းတို့၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း တုံ့ပြန်ရန်အတွက် လျစ်လျူရှုမိစေပြီး ဘာသာရေး အကြမ်းဖက်မှုများကို တားဆီးစေမည်ဖြစ်သည်။ အချို့သော ပုံစံမတူကွဲပြားလျက်ရှိသော ဇာတ်လမ်းများသည် CPCS ၏ *မတူကွဲပြားခြင်း၏ပုံရိပ်များ* ဟူသော ရုပ်ရှင်အတွဲများတွင် ဖော်ပြထားပြီး ထိုအထဲတွင် ထိုကိစ္စကို နက်နက်ရှိုင်းရှိုင်း ထပ်မံကြည့်ရှုသင့်ကြောင်းဖော်ပြထားလေသည်။

ထိုလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အဓိကရုဏ်းဖြစ်စဉ်များကို တလုံးတဝ နားလည်စေနိုင်သော စာတမ်းအဖြစ်သို့ ပြောင်းသွားပြီး တိုက်ရိုက်တွေ့ကြုံခံစားခဲ့ရသော သူများထံမှ မေးမြန်းပြုစုထားခြင်းဖြစ်ကာ ထိုသူများကိုယ်တိုင်မှာလည်း သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ သူများဖြစ်သည်။ ဖြေရှင်းနည်းကိုဗဟိုပြုပြီး သက်ဆိုင်ရာအသိုင်းအဝိုင်းများကို စကားပြောဆို မေးမြန်းကြည့်သောအခါ အဓိကအားဖြင့်ရရှိထားသော သင်ခန်းစာများကို အာရုံထားပြီး အသိုင်းအဝိုင်းတို့အား ၄င်းတို့အတူတကွ မည်ကဲ့သို့ရှေ့ဆက်နိုင်မည်ကို မေးမြန်းခြင်းဖြစ်သည်။

ဤစီမံကိန်းကို ခြုံငုံနားလည်အောင် ကြိုးစားရာတွင် အကြီးမားဆုံးသော စိန်ခေါ်မှုများ သက်ဆိုင်ရာအသိုင်းအဝိုင်းတို့အား အဓိကရုဏ်းအကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်မည့် နည်းလမ်းကိုရှာဖွေရခြင်းဖြစ်သည်။ အချို့သောဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်တို့အကြားတွင် တင်းမာမှုများမှာရှိနေဆဲဖြစ်သည်။ ထိုတင်းမာမှုများသည် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သော နေရာများနှင့် ဗုဒ္ဓဘာသာသို့မဟုတ် မွတ်စလင်ဘာသာရေး အကြမ်းဖက်အဖွဲ့အစည်းများရှိသော နေရာများတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ယခုစီမံကိန်းသည် စကားဆွေးနွေးပွဲအသစ်ကို စတင်ခြင်းဖြစ်ပြီး သက်ဆိုင်ရာအသိုင်းအဝိုင်းတို့မှ အကြမ်းဖက်မှုများ ပြီးသည့်အခါ ဖြစ်ပေါ်နေသော အကြီးမားဆုံး ပြဿနာများနှင့်ပတ်သက်ပြီး အတွင်းကျကျအမြင်များနှင့် ဖြေရှင်းနည်းများကို မျှဝေစေရန် ရည်ရွယ်သည်။

CPCS အဖွဲ့မှ နားထောင်ခြင်းနည်းစနစ်ကို ပိုမိုသင့်တော်သော သုတေသနနည်းစနစ်အဖြစ် ရွေးချယ်သတ်မှတ်ထားသည်။ မြန်မာပြည်မှ "နားဆင်သူ" အဖွဲ့များသည် စကားစမည် ပြောဆိုခြင်းကို ပြုလုပ်ပေးလေသည်။ သက်ဆိုင်ရာအသိုင်းအဝိုင်းရှိ သူများကို အလွတ်တန်းသဘောမျိုးဖြင့် ချဉ်းကပ်လျက် သူတို့ထင်မြင်ချက်များ မျှဝေလိုခြင်းရှိ၊ မရှိကို မေးမြန်းလေသည်။ ပွင့်ပွင့်လင်းလင်းနှင့် ထိန်ချန်ထားခြင်းမရှိသော အတွင်းကျကျ အမြင်များကို ရရှိရန်အတွက် အကောင်းဆုံး နည်းတစ်ခုပင် ဖြစ်သည်။

နိဝင်ဘာလ ၂၀၁၄ခုနှစ်တွင် နားဆင်သူအဖွဲ့များသည် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံ အနှံ့အပြားရှိ နေရာခြောက်နေရာသို့ သွားရောက်ခဲ့သည်။ စစ်တွေ၊ မန္တလေး၊ မိတ္ထီလာ၊ ပဲခူးအနောက်ဖက်၊ ရွှေဘိုနှင့် လားရှိုးတို့ဖြစ်ကြသည်။ နားဆင်သူအများစုမှာ ထိုသက်ဆိုင်ရာ အသိုင်းအဝိုင်းများနှင့် မကင်းရာမကင်းကြောင်းများ ဖြစ်ကြသောကြောင့် သူတို့ကိုလည်း သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူတို့က ယုံကြည်ကြလေသည်။ အသိုင်းအဝိုင်းတို့ ဘက်မှလည်းကြည်ကြည်ဖြူဖြူပင် ၎င်းတို့၏ထင်မြင်ချက်များနှင့် အနာဂတ်အတွက် မျှော်လင့်ချက်များကို ပြောပြကြလေသည်။ စုစုပေါင်းအားဖြင့် ယခုစီမံကိန်းတွင် အသိုင်းအဝိုင်းတို့ရှိ လူပေါင်း၂၂၀တို့၏ စကားကို နားထောင်စေခဲ့ပြီး အသိုင်းအဝိုင်းတို့မှလည်း ထင်မြင်ချက်များစွာတို့ကို မျှဝေခဲ့ပြီး တူညီချက်များကိုလည်း ရေးဆွဲကာ ကွဲပြားချက်များကိုလည်း မှတ်သားခဲ့သည်။

ယခုစီမံကိန်းသည် ထိုအသိုင်းအဝိုင်းများမှ မျှဝေသော ရှုထောင့်အမြင်များပေါ်တွင် အခြေခံသော ကွဲပြားသည့် သတင်းအချက်အလက်ပေါင်း များစွာတို့ကို ရရှိစေသည်။ ထိုစီမံကိန်း သည်လည်း အဓိကရုဏ်းများကြောင့် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များအပေါ်တွင် လုံးစုံ ခြုံငုံနားလည်မှုကို အခြေခံသော အဓိကရုဏ်းဆိုင်ရာကွဲပြားသော ဇာတ်လမ်း အကြောင်းတို့ကိုလည်း သိရှိစေလေသည်။

မှတ်သားရမည်မှာ အသိုင်းအဝိုင်းများကြား ကျွန်ုပ်တို့ ခဏခဏကြားရသော စကား တစ်ခွန်းမှာ "ကျွန်ုပ်တို့ဤကဲ့သို့မဟုတ်ရပါ" ဟူ၍ဖြစ်သည်။ အသိုင်းအဝိုင်းတို့မှာလည်း ထိုအကြမ်းဖက်မှုတို့သည် အသိုင်းအဝိုင်းကြားတွင် မဖြစ်သင့်ဘဲ ဖြစ်ရသည်ဟု ခံစားရပြီး ၎င်းတို့ဘက်မှလည်း ထိုသို့အရာမျိုး ထပ်မဖြစ်အောင် တားဆီးရန် စိတ်အားပြင်းပြလျက်ရှိ သည်။ သူတို့ဘက်မှလည်း တားဆီးနိုင်မည့် နည်းလမ်းများကိုပြောပြကာ ဘာသာရေး အချင်းချင်း ချစ်ခင်စွာ ပြန်လည်နေနိုင်မည့် နည်းလမ်းများ၊ ဘာသာပေါင်းစုံ ဆက်ဆံရေး ပြန်လည်တည်ဆောက်ရေးတို့ကို ပြောပြခဲ့လေသည်။

# နည်းစနစ်ပိုင်းဆိုင်ရာများ

နားထောင်ခြင်းဆိုင်ရာနည်းစနစ်သည် CDA စုပေါင်းသင်ယူရေးစီမံကိန်းမှ လူမှုပရိတပိုင်းဆိုင်ရာ အကူအညီရယူနေရသော အသိုင်းအဝိုင်းတို့အတွက် တုံ့ပြန်သော စနစ်တစ်ခုအနေနှင့် တည်ထောင်ထားခြင်းဖြစ်သည်။ CPCS သည် ၂၀၀၈ခုနှစ်တွင် နားထောင်ခြင်းဆိုင်ရာ နည်းစနစ်ကို ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနတို့အတွက် စတင်အသုံးချခြင်းဖြစ်သည်။ အဆင့်ဆင့် သင်ယူလေ့လာခြင်းအားဖြင့် CPCS သည် ထိုနည်းစနစ်ကို ဆင့်ပွားပြုပြင်ယူလိုက်ပြီး ပဋိပက္ခ အသွင်ပြောင်းရေးတွင် ကြားဖြတ်အသုံးချနိုင်ရန် ပြုလုပ်ထားလေသည်။

လက်ရှိအသုံးချနေသောကြောင့် နားထောင်ခြင်းဆိုင်ရာနည်းစနစ်သည် အရည်အသွေးကောင်းမွန်ပြီးအကြောင်းအရာကို ဦးတည်သော ချဉ်းကပ်ပုံဖြစ်ကာ ခွဲခြမ်းစိတ်ဖြာခြင်းကိုလည်း သတ်မှတ်ထားသောအုပ်စုများ၏ တိုက်ရိုက်အတွေ့အကြုံများဖြင့် အခြေခံကာ ပြုလုပ်နိုင်သည်။ ထိုနည်းစနစ်၏အဓိကအသုံးချပုံမှာ တိမ်မြုပ်နေသော ရင်ဖွင့်သံများကို ကြားနာပြီးနောက် မြှင့်တင်ပေးရန်ဖြစ်ကာ အကြမ်းဖက်မှု ပဋိပက္ခများကို ကိုယ်တိုင်တွေ့ကြုံခဲ့ရသော သူများနှင့် စကားပြောပြီးနောက်တွင် ဇာတ်လမ်းပြောကြားချက်များကို ခွဲခြားနိုင်ရန်ဖြစ်သည်။

ဤစီမံကိန်းသည် အဓိကရုဏ်းများကို ခံစားကြုံတွေ့ခဲ့ရသော အသိုင်းအဝိုင်းတို့၏ ရင်ဖွင့်သံများကိုမြှင့်တင်ပေးရန်ရည်ရွယ်သည်။ ဤစီမံကိန်းသည် အကြမ်းဖက်မှုများဖြစ်ပွားခဲ့သော နေရာများတွင်နေထိုင်သော၊ ကြုံတွေ့ခဲ့သောသူများ၏ လုံးစုံပြည့်ဝသော၊ စည်းစနစ်ကျနသော အကြံဉာဏ်များနှင့်အတွင်းကျကျအမြင်များကို ပေးစွမ်းနိုင်လေသည်။ ထိုမျှသာမက မတူကွဲပြားသော ဇာတ်လမ်းအကြောင်းအရာတို့ကိုလည်း ပေါ်ထွက်စေလာကာ လက်တွေ့ကျကျ ဖြေရှင်းနည်းများကို ပေါ်ပေါက်စေပြီးနောက် အကြမ်းဖက်မှုများကိုလည်း စွဲဆိုစေနိုင်လေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ နားထောင်မှုနည်းစနစ်အရ CPCS မှတွေ့ရှိသည်မှာ အကောင်းဆုံးသော ဖြေရှင်းနည်းသည် အကြမ်းဖက်မှုကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသော သူတို့ထံမှ လာလေ့ရှိပြီး ထိုသို့ဖြစ်ရသည်မှာလည်း ၎င်းတို့သည် အခြေအနေကို ကိုယ်တိုင်နားလည်သောကြောင့်ဖြစ်သည်။

ဤနည်းစနစ်သည် ပွင့်လင်းမှုရှိသော စကားဝိုင်းပုံသဏ္ဍာန်ဖြင့် စတင်ပြီး ၎င်းတို့၏ရှုထောင့်အမြင်၊ အတွေ့အကြုံများနှင့် အကြံပေးချက်များကို ရယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နားလည်ခြင်းတို့လည်း အပြန်အလှန်ပါဝင်လေသည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသော *နားထောင်ရုံသက်သက်စကားဝိုင်း* ဖြင့်အချက်အလက်များကို ထိုအခြေအနေတွင် တိုက်ရိုက်တွေ့ကြုံခဲ့ရသော အဓိက သတင်းပေးများထံမှ ရရှိခဲ့သည်။

ဤသုတေသနပြု ချဉ်းကပ်ခြင်းနည်းလမ်းသည် နားဆင်သူအဖွဲ့တွင် ပါဝင်သောသူများ၏ တစ်ဦးချင်းစီအထောက်အပံ့အပေါ်တွင် အများကြီးမူတည်သည်။ ဒေသခံမိတ်ဆွေများ၏ အကူအညီဖြင့် စီမံကိန်းပြုလုပ်မည့်နယ်တွင် နေထိုင်သောသူတို့သည် နားဆင်သူများ အဖြစ် ပါဝင်ပေးရန် ဖိတ်ခေါ်ခြင်းခံရပြီးစကားဝိုင်းတွင်ပါဝင်ပေးရန် ဖိတ်ခေါ်ခြင်းခံရသည်။ နားထောင်သူများကို ဒေသခံများအား ရွေးချယ်ရခြင်းမှာ ထိုဖြစ်ရပ်အခြေအနေကို နားလည်ခြင်း၊ သက်ဆိုင်ရာ ဒေသိယစကားဖြင့် ပြောဆိုဆက်သွယ်နိုင်ခြင်း၊ ပိုမိုအဆင်ပြေချောမွေ့သော စကားဝိုင်းတစ်ခုကို တည်ဆောက် ပေးနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

အဓိကရက်္ခိုင် ဖြစ်စဉ်တွင် အချက်အလက်တောင်းခံရာ၌ ကြုံတွေ့ရသော စိန်ခေါ်မှုတစ်ရပ်မှာ လူများက အချက်အလက်ကို မျှဝေရန် တွန့်ဆုတ်နေကြခြင်းပင်ဖြစ်သည်။ ထိုအခြေအနေကို နားလည်ပြီး ၎င်းတို့၏ ဘာသာစကားကိုလည်း ပြောတတ်သော သူများနှင့်အလွတ်တန်းသဘောစကားပြောဆိုဆွေးနွေးခြင်းသည်ပြောဆိုသူများအတွက် အရေးပါသော အကြောင်းအရာများနှင့် စကားများကို ပြောဆိုရာတွင် သက်တောင့် သက်သာ ရှိစေလေသည်။ နားထောင်ခြင်းဆိုင်ရာ နည်းစနစ်တွင် စကားအပြန်အလှန် ပြောခြင်းကို အသုံးချခြင်းသည် ထိုစိန်ခေါ်မှုအား ပိုမိုသက်တောင့်သက်သာ ရှိသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပြီး စကားအပြောအဆိုကို ချောမွေ့စေကာ ကျော်လွှားနိုင်ရန် အတွက် ရည်ရွယ်လေသည်။ အဓိကရက်္ခိုင်နှင့် ဆိုင်သော ကိစ္စများတွင် ထိုကိစ္စမျိုးသည် အရေးကြီးလေသည်။ ကိန်းခန်းကြီးကြီး ရုံးဆန်ဆန်ပုံစံဖြင့် စစ်မေးခြင်းခံရသောသူသည် သူ၏အမြင်များကိုထိန်ချန်ရအတွက်ပိုမိုဖြစ်နိုင်ချေရှိသည်။

ကြိုတင်ရေးမှတ်ထားသော အင်တာဗျူးမေးခွန်းများအစား နားဆင်သူများထံတွင် စကားပြောဆိုနေစဉ်အတွင်းတွင် ထည့်ပြောရမည့် ခေါင်းစဉ်ကဏ္ဍများ ရှိသည်။ ထိုအချက်သည် ပိုမိုတည်တံ့ခိုင်မာစေပြီး စကားဝိုင်းကို သုတေသနပြုရာတွင် ပိုမိုယုံကြည်စိတ်ချရမှုရှိစေသည်။ ကြိုတင်ရေးမှတ်ထားသော အင်တာဗျူးမေးခွန်းများအစား

ခေါင်းစဉ်တို့ဖြင့် သတ်မှတ်ထားသော စကားပြောဆိုခြင်းပုံစံကို အသုံးပြုခြင်းသည် လူတစ်ချို့အတွက် အရေးအပါဆုံးဖြစ်သော အကြံဉာဏ်နှင့် ကိစ္စများအား အလိုအလျောက်ထွက်ပေါ်လာစေသည်။

ထိုရှင်းလင်းတင်ပြချက်ဆိုင်ရာ အစီအစဉ်များတွင် ထပ်ပေါင်းချက်အရ နားထောင်ခြင်းဆိုင်ရာ နည်းစနစ်သည် ပြောကြားသူအတွက်သာမက နားထောင်သူ၏ ယူဆချက်များ ၊မျှော်လင့်ချက်များ ၊အပြောင်းအလဲများ ၊သက်ရောက်မှုများ မတူကွဲပြားမှုများ၊ ခံစားချက်များနှင့် ပြောကြားသူတို့၏ စိတ်ဓါတ်ကို ပိုမိုနက်နက်ရှိုင်းရှိုင်း နားထောင်ရန် လိုအပ်လေသည်။ ထိုအချက်များသည် သမူဟပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာသော အဆင့်တွင်လည်းဖော်ပြထားလေသည်။

စကားဝိုင်းမှ အချက်အလက်များကို မှတ်တမ်းတင်ရန်အတွက် အရာလေးမျိုးကို သုံးလေသည်။ မှတ်စုစာအုပ်၊ စာရင်းစာအုပ်၊ စကားမှတ်သားထားသောအပိုင်းနှင့် ဖြစ်နိုင်ပါက ဓါတ်ပုံဒိုင်ယာရီတို့ လိုအပ်လေသည်။ နားဆင်သူများသည် ပြောကြားသူ သက်တောင့်သက်သာ ဖြစ်စေရန်အတွက် စကားပြောကြားနေချိန်တွင် မှတ်စုမှတ်ခြင်းကို မပြုလုပ်ရန်ပြောထားလေသည်။ ထိုအစား ပြောကြားခဲ့သော စကားများ၏ အသေးစိတ်အချက်အလက်များကို **မှတ်စုစာအုပ်** အတွင်း စကားပြောဆိုမှုပြီးသည်နှင့် ချက်ခြင်းရေးမှတ်ရလေသည်။

တစ်နေ့တာပြီးဆုံးသည်နှင့် နားဆင်သူအဖွဲ့သည် အတူတကွထိုင်ပြီးနောက် ၎င်းတို့ကြားခဲ့သောအရာများကို ပြန်လည် ဆွေးနွေးကြလေသည်။ သူတို့တစ်နေ့တာအတွင်း ပြောခဲ့သော စကားများ အားလုံးထဲမှ*အများဆုံးကြားရသော* စကားကိုမှတ်တမ်းတင်ရန် **စာရင်းစာအုပ်** ကို အသုံးချလေသည်။ စာရင်းစာအုပ် အသုံးပြုခြင်းသည် နေ့စဉ်နှင့်အမျှ မေးမြန်းခြင်းနှင့် စီမံပြုပြင်ခြင်းဆိုင်ရာ လေ့ကျင့်ခန်း အနေနှင့် အသုံးပြုနိုင်လေသည်။ သူတို့သည် စာရင်းစာအုပ်ထဲတွင် ကွဲပြားချက်များကိုလည်း လက်ခံကြလေသည်။


နားဆင်သူသည် စကားပြောဆိုနေစဉ်အတွင်း အဓိကဆိုလိုရင်းနှင့် သက်ဆိုင်သော အဓိကအချက်ကို ဖမ်းဆုပ်မိလိုက်သည်ဟု ခံစားမိသောအခါ သူတို့သည် စကားပြောဆိုနေစဉ်၎င်းတို့၏စကားမှတ်သားထားသောအပိုင်းလေးထဲတွင် ရေးမှတ်လိုက်လေသည်။ စကားမှတ်သားသော အပိုင်းဆိုသည်မှာ ၎င်းတို့၏မှတ်စုစာအုပ်အတွင်းတွင်

စကားများကို မှတ်သားထားရန် သီးသန့်ဖယ်ထားသော အပိုင်းလေးတစ်ပိုင်းဖြစ်သည်။ ဓါတ်ပုံဒိုင်ယာရီဆိုသည်မှာ ၄င်းတို့စကားပြောဆိုသော နေရာကို ဓါတ်ပုံရိုက်ထားရန်ဖြစ်ပြီး ပြောဆိုနေစဉ် သက်ဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်နှင့် တိုက်ဆိုင်သော အရာတို့ကို ဓါတ်ပုံရိုက်ယူရန်ဖြစ်သည်။ ဉပမာအားဖြင့် လမ်း သို့မဟုတ် အိမ်တစ်အိမ်၏ ဖွဲ့စည်းတည်ဆောက်ပုံ အစရှိသည်တို့ဖြစ်သည်။

## နယ်ပယ်သတ်မှတ်ခြင်းနှင့် ကန့်သတ်ချက်များ


နိဝင်ဘာလ ၂၀၁၄ခုနှစ်တွင် နားဆင်ရေးအဖွဲ့သည် မြန်မာနိုင်ငံအနှံ့အပြားရှိ နေရာခြောက်နေရာမှလူပေါင်း၂၂၀တို့နှင့် တွေ့ဆုံစကားပြောဆိုခဲ့သည်။ မိတ္ထီလာတွင် လူပေါင်း၅၁ယောက် ပြောသည်ကိုနားထောင်ခဲ့ပြီး စစ်တွေတွင် ၄၆ယောက်ပြောသည်ကို နားထောင်ခဲ့သည်။ ပဲခူးအနောက်ဘက်တွင်၄၅ယောက်ပြောသည်ကို နားထောင်ခဲ့ပြီး မန္တလေးတွင်၃၁ယောက်ပြောသည်ကို နားထောင်ခဲ့သည်။လားရှိုးတွင် ၂၅ယောက်ပြောသည်ကို နားထောင်ခဲ့ပြီး ရွှေဘိုတွင် ၂၂ယောက်ပြောသည်ကို နားထောင်ခဲ့သည်။ အောက်ဖော်ပြပါဇယားတို့သည် သက်ဆိုင်ရာ နယ်တစ်ခုချင်းစီတို့တွင် ပါဝင်သောသူတို့ကို ဖော်ပြထားခြင်းဖြစ်သည်။

### ပြောကြားသူတို့နေထိုင်ရာအရပ်များ





ဤစီမံကိန်းသည် တင်ပြချက်မျှတစေရန်နှင့် သတင်းအချက်အလက် တင်ပြမှု ဘက်ညီစေရန် နှစ်ဖက်အသိုင်းအဝိုင်းတို့နှင့် စကားပြောရန် ရည်ရွယ်ထားသည်။ စုစုပေါင်းအားဖြင့် နားဆင်ရေးအဖွဲ့သည်စုစုပေါင်းအမျိုးသမီး ၇၇ယောက်(၃၅%)နှင့် ယောကျ်ားယောက်

၁၄၀(၆၅%)နှင့် လိင်အမျိုးအစားကိုဖော်ပြမထားသော ၃ယောက်(၁%)ကိုမေးမြန်းခဲ့သည်။ ပြောကြားသူ ၁၂၇ယောက်(၅၈%)မှာအိမ်ထောင်ရှိသူဖြစ်ပြီး ၅၈ယောက်(၂၄%)မှာ လူလွတ်များဖြစ်ကြကာ ၃၉ယောက်(၁၈%)မှာ ထိုစာရင်းအတွက် လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ခြင်းမပြုလုပ်ခဲ့ပေ။ ပြောကြားသူ ၉၃ယောက်(၄၂%)မှာဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၇၂ယောက် (၃၃%)မှာ မွတ်စလင်များဖြစ်ကြကာ ၁၀ယောက်(၅%)မှာဟိန္ဒူများဖြစ်ကြပြီး ၇ယောက်(၃%)မှာ ခရစ်ယာန်များဖြစ်ကြသည်။ ၃၈ယောက်(၁၇%)မှာတော့ ၎င်းတို့ကိုးကွယ်သော ဘာသာနှင့်ပတ်သတ်ပြီး ပြောကြားခြင်းမရှိချေ။ ပြောကြားသူတို့၏ ကိုးကွယ်သောဘာသာနှင့်ဆိုင်သော အချက်တို့မှာ အောက်ပါဇယားအတိုင်း ဖြစ်သည်။




ပြောကြားသူအများစုတို့၏ ရာခိုင်နှုန်းမှာ ၂၀-၃၀နှစ်အတွင်းဖြစ်ပြီး ၅၃ယောက်ဖြစ်ကာ ၂၄%ရှိသည်။သူ့နောက်တွင် ၃၁-၄၀နှစ်တို့ဖြစ်ပြီး ၄၃ယောက်ရှိကာ ၂၀%ရှိသည်။ ၄၁-၅၀နှစ်များက ၄၁ယောက်ရှိကာ ၁၉%ရှိသည်။ ၃၃ယောက် ၁၅%သောပြောကြားသူတို့မှာ ၅၁-၆၀နှစ်အတွင်းရှိသူများဖြစ်ပြီး၁၁ယောက်(၅%)မှာမူ အသက်၆၀နှင့်အထက်ဖြစ်လေသည်။၃၆ယောက်(၁၆%)က ၎င်းတို့၏အသက်ကို မပြောပြခဲ့ပေ။ အောက်ပါအချက်အလက်တို့နှင့် ဆိုင်သောဇယားမှာ အောက်တွင် ဖော်ပြထားသည်။




ထိုစီမံကိန်းအတွက် လုပ်အားပေးခဲ့သော သူတို့မှာ ဘာသာပေါင်းစုံမှဖြစ်ပြီး ဗုဒ္ဓဘာသာ ၊ခရစ်ယာန်နှင့်အစ္စလာမ်ဘာသာတို့မှလည်း ပါဝင်သည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်ကြသူများဖြစ်ပြီး အသက်အရွယ်လည်း အမျိုးမျိုးဖြစ်သည်။

CPCS သည် နားဆင်သူတို့နှင့် ထိုသူတေသနပြုသောသူတို့နားထောင်ရုံသက်သက်စကား ပြောရာတွင် လိုအပ်သော လေ့ကျင့်သင်ကြားမှုနှင့် အတတ်ပညာများကို တတ်ကျွမ်း ရန်အတွက်နှစ်ရက်ကြာသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။ နားဆင်သူများ အား စကားစမြည်ပြောရာတွင် ဆက်နွှယ်နေသော အဓိကစာလုံးများနှင့် အထောက် အကူပြု မေးခွန်းများကို အစုံလိုက်ချပေးထားပြီး ထိုအဓိကကျသော စကားလုံးများကို အလွတ်ကျက်မှတ်စေကာ စကားပြောဆိုရာတွင် ခေါင်းစဉ်ကဏ္ဍအကုန်လုံးအား ခြုံငုံမိစေသည်။

အောက်ပါ အထောက်အကူပြု မေးခွန်းများသည် နားဆင်သူတို့ သက်ဆိုင်သော အခန်း ကဏ္ဍ ရောက်လာသောအခါ မေးမြန်းနိုင်သော မေးခွန်းဥပမာများ အနေဖြင့် သုံးပြထား လေသည်။ သို့ရာတွင် ၄င်းတို့မှာ ကြိုတင်စီမံရေးသားထားခြင်းမျိုးတော့ မဟုတ်ပါ။

| အမှတ်စဉ် | အထောက်အကူပြုမေးခွန်း | အဓိကစကားလုံး |
| --- | --- | --- |
| ၁ | သင်ကိုယ်တိုင် ထိုအဓိကရက်ကို မြင်တွေ့/ကြုံတွေ့ ခဲ့ရပါသလား | သတိထားမှု၊ အဓိကရက် |
| ၂ | အဓိကရက်မဖြစ်ပွားမီ ရက်သတ္တပတ်များ အလိုကအခြေအနေ မည်သို့ရှိပါသနည်း၊ သင့်အမြင်ကို ဝေမျှပါ | အကြမ်းဖက်မှုမဖြစ်ပွား မီအနေအထား |
| ၃ | ထိုအကြမ်းဖက်မှုက သင့်ကိုပုဂ္ဂိုလ်ရေး ဆိုင်ရာအားဖြင့်မည်သို့သက်ရောက်ခဲ့ပါ သနည်း | ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်မှု |
| ၄ | ထိုလူများ ညီညွတ်ချစ်ခင်စွာ နေခဲ့စဉ်က အတွေ့အကြုံရှိပါသလား | ယခင်က ညီညွတ်ချစ်ခင်မှု |
| ၅ | မည်သည့်အရာက ထိုသို့ဖြစ်စေခဲ့သနည်း | ချစ်ခင်ညီညွတ်မှု၊ အခြေအနေများ |
| ၆ | ပိုမိုချစ်ခင်ညီညွတ်စွာ နေထိုင်နိုင် ရန်အတွက်သင့်အသိုင်းအဝိုင်းက မည်သို့ပြုလုပ်နိုင်မည်နည်း | ချစ်ခင်ညီညွတ်မှု ဖန်တီးခြင်းအသိုင်း အဝိုင်းတို့မှ လုပ်ဆောင်မှု |
| ၇ | သင်၏ အသိုင်းအဝိုင်းအတွင်း ချစ်ခင်ညီညွတ်မှုပိုမိုရရှိစေရန် သင်ကိုယ်တိုင်ကိုယ်က မည်ကဲ့သို့ ပြုလုပ်မည်နည်း | ချစ်ခင်ညီညွတ်မှုဖန်တီး ခြင်းအသိုင်းအဝိုင်းတို့မှ လုပ်ဆောင်မှု |

ရွှေဘိုတွင် နားထောင်ရေးအဖွဲ့တစ်ဖွဲ့သည် အထောက်အကူပြုမေးခွန်းကို ပြောင်းလဲလိုက်ရသည်။အဘယ်ကြောင့်ဆိုသော် သူတို့သွားရောက်ခဲ့သော ထိုအသိုင်းအဝိုင်းသည် အဓိကရက်းကိုမဖြစ်အောင် တားဆီးနိုင်လိုက်သောကြောင့် ဖြစ်သည်။ ထိုအသိုင်းအဝိုင်း အတွက် သုံးခဲ့သော အထောက်အကူပြု မေးခွန်းမှာ အောက်တွင် ဖော်ပြထားလေသည်။

| အမှတ်စဉ် | အထောက်အကူပြုမေးခွန်းများ | အဓိကစကားလုံး များ |
|---|---|---|
| ၁ | သင်အခြားသောနေရာမှအဓိကရုဏ်း အကြောင်းကြားမိပါသလား | သတိထားမှု၊အဓိကရုဏ်း |
| ၂ | အဘယ်ကြောင့် ဤနေရာတွင် မဖြစ်ဟု ထင်ပါသနည်း | တားဆီးနိုင်သော အချက်များ |
| ၃ | ထိုဖြစ်ပေါ်သွားသော အခြေအနေနှင့် သင့်အသိုင်းအဝိုင်းမည်သည့်အရာတို့ ကွာပါသနည်း | သင့်အသိုင်းအဝိုင်း နှင့်အခြားသော အသိုင်းအဝိုင်းတို့ ကွာခြားချက် |
| ၄ | ဤအသိုင်းအဝိုင်းရှိ လူများက အဘယ်ကဲ့သို့ မဖြစ်အောင်တားဆီးလိုက်နိုင်သည်ဟု ထင်ပါသနည်း | အကြမ်းဖက်မှုတားဆီး ခြင်းလုပ်ဆောင်ခြင်း |
| ၅ | ချစ်ခင်စွာ နေထိုင်နိုင်ရေးနှင့် စည်းလုံး ညီညွတ်နိုင်ရေးတို့အင်အားကောင်း အောင် မည်သို့လုပ်ဆောင်ရမည်ဟူသော အကြံဉာဏ်ရှိပါသလား | အကြံဉာဏ်သစ်များချစ် ခင်ညီညွတ်မှုကိုတည် ဆောက်ခြင်း |
| ၆ | ပိုမိုချစ်ခင်ရင်းနှီးစွာ နေထိုင်နိုင်ရန်အတွက် အသိုင်းအဝိုင်းတို့မှ မည်သို့လုပ်နိုင်မည်ဟု သင်ထင်ပါသနည်း | အသိုင်းအဝိုင်းဆိုင်ရာ အကြံဉာဏ်သစ်များ |
| ၇ | အခြားသင်မျှဝေလိုသော အကြောင်းအရာများ ရှိပါသေးသလော | အပိုထပ်ဆောင်းပြော သော အကြံဉာဏ်များ |

အချိန်ကာလတစ်လကျော်အောင် စကားစမြည်ပြောဆိုမှု ပြုပြီးသောအခါ နားထောင်သူ တို့အနေနှင့်နားဆင်သူတို့ဘက်မှ နှစ်ရက်ခန့်ကြာသော အလုပ်ရုံဆွေးနွေးပွဲ တစ်ပွဲ ထပ်

မံပြန်လုပ်ရလေသည်။သူတို့ပြုလုပ်ထားသော စကားပြောကြားချက်များကို စုပေါင်း သရုပ်ခွဲထားမှုအပေါ်တွင် အခြေပြုထားသော သမူဟပြုခြင်းဆိုင်ရာ လေ့ကျင့်ခန်းများမှ တစ်ဆင့် ၄င်းတိုတွေ့ရှိချက်များကို မျှဝေကြသည်။

CPCSဝန်ထမ်းတို့ဘက်မှနောက်ဆုံးသော ခွဲခြမ်းစိတ်ဖြာမှုအဆင့်ကိုဦးဆောင်ခဲ့လေသည်။ ထိုခွဲခြမ်းစိတ်ဖြာချက်သည် လက်ရှိလည်ပတ်နေသော အလုပ်ရုံဆွေးနွေးပွဲမှ စာရွက် စာတမ်းများအပြင် မှတ်စုစာအုပ်များ၊ အချင်အလက်ဆိုင်ရာ ထင်ဟပ်ပြသသော စာရင်း စာအုပ်များ၊ စကားပြောဆိုနေစဉ်တွင် နားဆင်သူတို့မှ မှတ်တမ်းတင်ထားသော စကား မှတ်သားထားသော အပိုင်းတို့အပေါ်တွင် ရေးဆွဲထားခြင်းဖြစ်သည်။ CPCS အဖွဲ့မှ ယေဘူယျ အချက်အလက်များကို ခွဲခြားသတ်မှတ်ကာ အရေးပါမှုအလိုက် အစီအစဉ်ပြုပြီး ထိုခွဲခြမ်းစိတ်ဖြာနေသည့် ကာလအတွင်းတွင် မတူကွဲပြားချက်တို့ကိုလည်းမှတ်သား ထားလေသည်။

ထိုသုတေသနပြုချက်သည် စကားဝိုင်းတွင် ဝင်ပါခဲ့သော ပြောကြားသူနှင့် တစ်ယောက် ချင်းစီဆွေးနွေးချက်များအပေါ်တွင် အခြေပြုထားခြင်းဖြစ်သည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတွင်းရှိ လူများကို ထိုစကား ပြောဆိုရန်အတွက် ကြိုတင်ပြင်ဆင်ချိန် မပေးခဲ့ချေ။ စကားပြောဆိုမှု ပြီးသွားသောအခါမှ ပြောကြားသူတို့သည် ၄င်းတို့၏ အချို့သော ခေါင်းစဉ်များအပေါ်တွင် အတွေးပြောင်းသွားလေသည်။ ထိုပြောကြား ချက်များကို ဤစီမံကိန်းတွင်မှတ်တမ်းတင်ထားခြင်းမရှိပါ။

နားထောင်ခြင်းဆိုင်ရာနည်းစနစ်သည် ပြုလုပ်သူအပေါ်တွင် မူတည်သော ကိစ္စဖြစ်သည်။ သူ၏မှတ်ဉာဏ်အတွင်းမှ ပြန်လည်ကြားနိုင်သည်တို့အပေါ် နားဆင်သူ၏ ပြန်လည်မှ တ်တမ်းတင်နိုင်မှုအပေါ်တွင် မူတည်သည်။ မှတ်တမ်းတင်ရလဒ်များကို ယုံကြည်စိတ်ချနိုင် စေရန်အတွက် အချို့သော နည်းစနစ်များကိုလည်း သုံးခဲ့ရလေသည်။ နားဆင်သူအဖွဲ့ တစ်ဖွဲ့တည်းတွင် နားဆင်သူ နှစ်ယောက်က စကားဝိုင်းတစ်ဝိုင်းတည်းတွင်ရှိကာ အချက်အလက်ကို မိမိဘာသာ ရေးမှတ်ခြင်းမျိုး ဖြစ်သည်။ ဘက်လိုက်မှုမရှိအောင် သေချာရန် အတွက်လည်း နားဆင်သူအဖွဲ့တိုင်းတွင် ဘာသာမတူသော အဖွဲ့သားများ ပါစေရန် သတိထားအားထုတ်ရသည်။ CPCS ဘက်မှလည်း အခြားသော ထပ်ပေါင်းသော နည်းစနစ်များကို အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်နေစဉ်အတွင်း သို့မဟုတ် မှတ်တမ်းတင်ပြီး သား အချက်အလက်များကို နားဆင်သူအဖွဲ့များ အားလုံးတွင် တွေ့ရှိထားသော

အချက်များနှင့် သုံးပွင့်ဆိုင်ကာ တိုက်စစ်ရန် ခွဲခြမ်းစိတ်ဖြာခြင်းတို့တွင် အသုံးပြုလေသည်။ ထိုသို့ပြုလုပ်သော်မှ အချို့မှတ်တမ်းတင်ထားသော ရလဒ်များတွင် ပုဂ္ဂလဆိုင်ရာ အာဘော်စွက်မှုများ ပါဝင်နိုင်မည်ဆိုသည့်အချက်မှာ ငြင်း၍မရနိုင်ပေ။

နောက်ဆုံးအနေနှင့် ပြောကြားလိုသည်မှာ ဤထုတ်ဝေမှုသည် အချို့အရေးအကြီးဆုံးအပိုင်းများကိုမီးမောင်းထိုးပြကာ ထင်မြင်သုံးသပ်ချက်များနှင့် သက်ဆိုင်ရာအသိုင်းအဝိုင်းရှိ လူတို့အား ရှေ့ဆက်လျှောက်နိုင်ရန် ပြုလုပ်နိုင်ခဲ့သော်လည်း ဤထုတ်ဝေမှုသည် ရှိရှိသမျှသော ထင်မြင်ယူဆချက်များ သက်ဆိုင်မှုများနှင့် အကြံပြုချက်များအားလုံး အနုလုံပဋိလုံမပါဝင်ပါချေ။ ဤထုတ်ဝေချက်သည် တွေ့ရအများဆုံးသော ယေဘူယျအကျဆုံးသော အချက်များကိုသာ မှတ်တမ်းတင်ပြီးတင်ပြခြင်း ဖြစ်သည်။

# အဓိကအကြောင်းအရာများ ကိုအကျယ်ချဲ့ခြင်း

မန္တလေး၊ မိတ္ထီလာ၊ ပဲခူးအနောက်ဘက်၊ လားရှိုး၊ ရွှေဘိုနှင့် စစ်တွေတည်းဟူသော မြန်မာနိုင်ငံအနှံ့အပြားရှိ နေရာခြောက်နေရာတွင် လူပေါင်း၂၂ဝတို့သည် ၄င်းတို့၏ အကြောင်း တစ်ခုတည်းအောက်တွင်ကျရောက်သော ဆင်တူသည့် အကြံဉာဏ်များ ကိုပေးနိုင်ခဲ့သည်။ ထိုအကြောင်းအရာတို့မှာ အနှစ်ချုပ် ရှင်းလင်းချက်များအတွင်း အစောကတည်းက စာရင်းပြုစုထားပြီး ဖြစ်ကာ အောက်ပါအတိုင်း အကျယ်ချဲ့ပြီး ရှင်းပြထားသည်။

## ပဋိပက္ခ ဖြစ်ပွားစေသော အရာများ

*ပဋိပက္ခဖြစ်ရပ်များသည် ကြိုတင်အကွက်ချပြီး လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်*

> *မိတ္ထီလာနယ်ခံမဟုတ်တဲ့ သူစိမ်းတွေ လူစုလိုက်ကြီး ကျုပ်တို့ရွာကို ကားသုံးစီးနဲ့ ရောက်လာပြီး အိမ်တွေကို မီးရှို့သွားတယ်။ ဒီလူတွေက ဒီနယ်နဲ့လည်း တော်တော်စိမ်းပုံရတယ်။ ဒီကိုလာတာ မြေပုံတွေနဲ့ လာပြီးတော့ မွတ်စလင်အိမ်တွေကို အဓိကပစ်မှတ်ထားသွားတယ်။*
>
> - အမျိုးသားမွတ်စလင်လူငယ်တစ်ဦး

စကားစမြည်များ ပြောဆိုချက်အားလုံးတို့တွင် အသိုင်းအဝိုင်းတို့ဘက်မှ ထင်မြင်ချက်ပေး သည်မှာ ဤအကြမ်းဖက်မှုများသည် ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်သည် ဟူ၍ဖြစ်သည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူတော်တော်များများကလည်း အဆောက်အအုံများသည် နည်းစနစ်ကျကျ ပိရိသေသပ်စွာ ဖျက်ဆီးခံခဲ့ရကြောင်း ပြောသည်။ ပဋိပက္ခကို လှုံ့ဆော် သူများသည် အိမ်များနှင့် ဆိုင်များကို အရင်ဖောက်ပြီးနောက်တွင် အဖိုးတန်ပစ္စည်းများကို အနားရှိယာဉ်ပေါ်တွင် တင်ကာ သယ်သွားသည်ဟု ဆိုသည်။ထို့နောက်သူတို့သည်

ကျန်ရှိသော ပိုင်ဆိုင်မှုပစ္စည်းများကို မီးရှို့ကြသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှလည်း ဤလက္ခဏာသည် ကြံစည်ပြီးသား ကြိုတင်တွက်ချက်ကာ လှုံ့ဆော်သူတို့၏ စနက်ပင် ဖြစ်မည်ဟု ခံစားကြရသည်။

အချို့သော အသိုင်းအဝိုင်းများတွင်မူ သိသာထင်ရှားသော အချက်ပေးချက်များကို မှတ်မိလိုက်ကြသည်ဟု ဆိုသည်။ သောင်းကျန်းနေသော လူအုပ်ကြီးကို လေချွန်သံန စ်ချက်ပေးကာ ပြန်ရန်အချက်ပေးလိုက်ခြင်း ကဲ့သို့သော အရာမျိုးဖြစ်သည်။ မန္တလေးမြို့ရှိ ပြောကြားသူ တစ်ယောက်က ပြောသည်မှာ "ဒီလုပ်ရပ်ကစနစ်တကျ လုပ်ပြီးကြိုတင် စီမံထားတာပါ" "တစ်ယောက်ယောက်က နောက်ကွယ်ကနေ ထိန်းချုပ်နေတယ်" ဟုပြောလေသည်။ နောက်တစ်ယောက်က ပြောသည်မှာ "ဒီပဋိပက္ခတွေရဲ့ နောက်ကွယ်မှာ အကြံအစည် အကြီးကြီး တစ်ခုရှိတာ သေချာပါတယ်။ ပဋိပက္ခ ဖြစ်ပွားပုံတွေကလည်း တူပြီးတော့ ပဋိပက္ခ ဖြစ်စဉ်တွေထဲမှာ ပါတဲ့ လူတွေကလည်း အတူတူချည်းပဲ။ သူတို့ (အာဏာရှိပုဂ္ဂိုလ်များ) ဒီလူတွေ ဘယ်သူ ပဋိပက္ခ ဖြစ်ပွားမှုကို စတင်ခဲ့တာ ဘယ်သူတွေဆိုတာ သိပါတယ်။ ဒါပေမယ့် သူတို့ ဘယ်လိုမှဥပဒေဘောင်အတွင်းကနေ အရေးယူတာမျိုးမရှိဘူး" ဟုပြောလေသည်။

***သူစိမ်းများပါဝင်နေခြင်း***

> *ဒီပဋိပက္ခတွေကို ဖြစ်ပေါ်စေလိုတဲ့ လူတွေဟာ ဒေသခံတွေမဟုတ်တာ အသိသာကြီးပါ*
>
> - အသက်၄၅နှစ်အရွယ်ရှိ မန္တလေးမြို့နေ မွတ်စလင် ကျောင်းဆရာတစ်ဦး

ရှိရှိသမျှသော ပြောကြားချက်များတွင်အသိုင်းအဝိုင်းတို့မှမသိသော "သူစိမ်းများ" ပါဝင်နေခြင်း၊ရှိနေခြင်း ဟူသောအချက်သည် ပါနေလေ့ရှိသည်။ သူစိမ်းများသည် နယ်မြေတစ်ခုချင်းစီကို ဝင်ခြင်းနှင့် လုပ်ရပ်အမျိုးမျိုးတို့တွင်လည်း ပါဝင်နေသည်ကို မြင်တွေ့ခဲ့ရသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူတို့က သူတို့ကို အကြမ်းဖက်မှု လုပ်ရန် ပြည်သူများအား လှုံ့ဆော်နေခြင်း၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ လုပ်ဆောင်ရန် ပြည်သူများအား သွေးထိုးခြင်း၊ သူတို့ကိုယ်တိုင်လည်း အကြမ်းဖက်၊ ဖျက်ဆီးမှုများကို ကိုယ်တိုင်လုပ်နေသည်ကို တွေ့ခဲ့ရသည်။ အချို့သောနေရာများတွင် သိသိသာသာပင်

အရက်မူးနေသော သို့မဟုတ် မူးယစ်ဆေး သုံးစွဲထားပုံပေါ်သော၊ သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ မဟုတ်သော လူအုပ်ကြီးက မြို့နယ်များအတွင်းသို့ မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ပြီး အကြမ်းဖက်မှုများကို လှုံ့ဆော်သည်ကိုတွေ့ရသည်။

မန္တလေးဒေသခံတစ်ဦးက ပြောသည်မှာ "အဓိကရုဏ်းမဖြစ်မီ လူတစ်ယောက်က ဖုန်းနဲ့ အဓိကရုဏ်းဖြစ်နေတဲ့ နယ်ကလူတွေကို ဆက်သွယ်နေတာ တွေ့လိုက်ရတယ်။ မန္တလေးသားလည်း ဟုတ်ပုံမရဘူး သူဘယ်ရောက်နေမှန်းတောင် သူ့ကိုယ်သူမသိဘူး" ဟုပြောသည်။ မိတ္ထီလာမြို့နေသူ တစ်ယောက်ကပြောသည်မှာ "အဓိကရုဏ်း စတာ နေ့လည်ပိုင်းလောက်က ရွှေနဲ့ကျောက်မြတ်ရတနာ ဆိုင်တစ်ခုက စတာ။ ဈေးနားက ဗလီလည်း ကျောက်တုံးတွေနဲ့ ဝိုင်းအပေါက်ခံရတယ်။ ကျွန်တော်အဲ့ဒီလူတွေကို မိတ္ထီလာမြို့မှာ တစ်ခါမှမမြင်ဖူးပါဘူး။ ဒီလူအုပ်စုတွေ ဘယ်ကလာမှန်းလဲ မသိပါဘူး" ဟုပြောလေသည်။

*ကျွန်တော့်ကို သူစိမ်းတစ်အုပ်က ရပ်ပြီးအော်မေးတယ်။ "မင်းကုလားလား ဗမာလား" တဲ့။ "မင်းကုလားဆိုရင်မင်းတို့အကုန်လုံးကို သတ်ပစ်မယ်" လို့ ပြောပါတယ်။ ကျွန်တော်က "ကျွန်တော်ဗမာပါ"လို့ ပြောပြီး ဘုရားစာရွတ်ပြလိုက်တယ်။ အဲ့ဒါနဲ့ ကျွန်တော် အသက်ချမ်းသာရာ ရသွားတယ်။ အဲ့ဒါနဲ့ ကျွန်တော်လည်းအရိပ်အခြေကြည့်ပြီးတော့အိမ်ပြန်လာရတယ်။ အိမ်ပြန်လာတဲ့လမ်းမှာလည်း လူအုပ်ကြီးက ကျွန်တော့်သူငယ်ချင်းကုလားဆင်တစ်ယောက်ကို အဲ့လိုမျိုး မေးနေတာ တွေ့လိုက်ရတယ်။ကျွန်တော့်သူငယ်ချင်းက အရက်မူးနေတော့ သူတို့မေးတဲ့ မေးခွန်းကို ချက်ခြင်းပြန်မဖြေနိုင်ဘူး။ သူဗမာပါဆိုတာကို သူ့ဘက်က ကျွန်တော် ဝင်ပြောပေးလိုက်ရတယ်။ မင်ဂလောဈေးရုံနားတစ်ဝိုက်မှာလည်း ကလေးတွေ ရက်ရက်စက်စက် အသတ်ခံထားတာ တွေ့ရတယ်။*

- မိတ္ထီလာမြို့နေဗမာဗုဒ္ဓဘာသာလူငယ်ယာဉ်မောင်းတစ်ဦး

ထိုသူစိမ်းများသည် မွတ်စလင်ဆန့်ကျင်ရေးသီချင်းများ သီဆိုနေသည်ကို တွေ့ရပြီး မွတ်စလင်မုန်းတီးရေး ဝါဒဖြန့်နေသည်ကိုလည်း တွေ့ရသည်။ မန္တလေးမြို့နေသူတစ်ယောက်က ပြန်ပြောပြသည်မှာ "ဘာဘာသာ ကိုးကွယ်မှန်း မသိတဲ့ မန္တလေးဒေသခံမဟု

တ်တဲ့ လူတွေက မန္တလေးကို လာတယ်။ မန္တလေးဒေသခံတွေ တစ်ဦးကိုတစ်ဦး မယုံသင်္ကာဖြစ်ပြီး သွေးကွဲအောင် လှုံ့ဆော်တယ်” ဟူ၍ဖြစ်သည်။

နေရာတိုင်းတွင်တော့ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှ အဓိကရုဏ်းတွင် ပါဝင်ခဲ့ကြသော်လည်းအကြမ်းဖက်မှုကို သူစိမ်းများက လှုံ့ဆော်သည်ကို သတိထားမိကြသည်။ တစ်နေရာတွင်မူ ဒေသခံတို့က ပြောပြသည်မှာ အနီးရှိ ပညာမတတ်သော ရွာသားများကို သူစိမ်းများက အဓိကရုဏ်းတွင် ပါဝင်ရန်လှုံ့ဆော်သည်ဟု ပြောပြသည်။

အဓိကရုဏ်း မဖြစ်ပွားမီ ရက်အနည်းငယ် အလိုတွင် မသင်္ကာဖွယ်ရာကောင်းသောကိစ္စများတွင် သူစိမ်းများ ပါဝင်နေသည်ကို တွေ့ရပြီး အဓိကရုဏ်းဖြစ်စေရန် မီးမွှေးလှုံ့ဆော်နေပုံလည်း ရသည်။ ရွှေဘိုနှင့် ပဲခူးအနောက်ဘက်တွင်မူ သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ မဟုတ်သော သူစိမ်းများက မွတ်စလင်များကို ဗုဒ္ဓဘာသာတို့ဘက်မှ ပြန်လည်တုံ့ပြန်နိုင်လောက်သော အမူအခင်းမျိုးကို ကျူးလွန်ရန် သွေးဆောင်ခဲ့သည်ဟု ဆိုသည်။ မန္တလေးဒေသခံတစ်ယောက်က ပြောဆိုသည်မှာ "အဓိကရုဏ်းဖြစ်ဖို့အတွက် တစ်ချို့အုပ်စုတွေကို လီဆည်ဖြားယောင်း ကိုင်တွယ်နေတဲ့ လူတွေရှိတယ်” ဟူ၍ ဖြစ်သည်။

သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူတို့မှလည်း ၎င်းတို့၏ အသိုင်းအဝိုင်းသည် ထိုလှုံ့ဆော်သွေးထိုးမှုအောက်ကျရောက်ခဲ့ရပြီး အကြမ်းဖက်မှု၏ နောက်သို့ပါသွားရခြင်းအပေါ်တွင် စိတ်ပျက်ကာ မချိတင်ကဲ ဖြစ်ကြရသည်။ ၎င်းတို့၏ အသိုင်းအဝိုင်းအပေါ်တွင် မုန်းတီးခြင်းခံရမှုအပေါ်ကိုလည်း ဝမ်းနည်းမှုပြသလေသည်။ သူတို့ဘက်မှလည်း ထိုအဓိကရုဏ်းမဖြစ်ပွားမီ ဘာသာခြားအုပ်စုများသည် နှစ်ပေါင်းများစွာ အတူတကွ ယှဉ်တွဲနေထိုင်လာခဲ့ကြောင်း ထိုအကြမ်းဖက်မှုများသည် ၎င်းတို့အသိုင်းအဝိုင်းအတွင်း မဖြစ်သင့်ဘဲဖြစ်ခဲ့ရကြောင်း ထပ်ကာထပ်ကာ ဖာထေး ပြောဆိုလေသည်။ အသိုင်းအဝိုင်းတွင်းရှိလူပေါင်းများစွာတို့မှ ပြောဆိုသည်မှာ "ဘာဖြစ်လို့ ကျွန်တော်တို့ရဲ့ သူငယ်ချင်းတွေအိမ်နီးချင်းတွေကို ပြန်ရန်ရှာချင်ရမှာလဲဗျာ” ဟုပြောဆိုမှုဝေသည်။ အဓိကရုဏ်းများပြီးသောအခါ အသိုင်းအဝိုင်းအတွင်းရှိ သူများကလည်း ပေါင်းသင်းဆက်ဆံမှု ခက်ခဲခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့သည် မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းတို့အကြားစိန်ခေါ်မှုများအဖြစ် ကျန်ရစ်ခဲ့သည်ဟု ကျန်ရစ်ခဲ့သည်ဟု ခံစားရလေသည်။

*ကောလဟာလနှင့် အမုန်းစကားများ*

*အခုလို ဖြစ်ပွားရတာတွေဟာ လူတွေကြား အချင်းချင်း နားလည်မှုလွဲခြင်းနှင့် အမုန်းတရားများဖြန့်ဝေခြင်းတို့ကြောင့် ဖြစ်ရတာပါ*

- မိတ္ထီလာမြို့နေကျောင်းသူတစ်ဦး

အဓိကရုဏ်း မဖြစ်ပွားမီ ရက်သတ္တပတ်များအလို၊ ရက်ပိုင်းအလို၊ နာရီပိုင်းအလိုတို့တွင် ကောလဟာလ ဖြန့်ဝေခြင်းနှင့် မွတ်စလင်ဆန့်ကျင်ရေး အမုန်းစကားများသည် ဘာသာရေးတရား အသွင်လည်းကောင်း သီချင်းအဖြစ်ဖြင့်လည်းကောင်း၊ လက်ကမ်းစာစောင်နှင့် စီဒီများအသွင်ဖြင့် လည်းကောင်း မြင်နေကြရသည်။ ထိုအရာများသည် မွတ်စလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုများကို ဖြစ်ပွားစေသည့် အဓိကအကြောင်းအရာများတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟုယုံကြည်ရသည်။

*ကျွန်တော်တို့ သတင်းအမှားတွေ ကောလဟာလတွေ မဖြန့်ဝေဖို့လိုတယ်၊ အဲ့ဒါ အင်မတန် အရေးကြီးတယ်။ ပြီးတော့ လူတွေကိုလည်း သတိပေးရမယ် (ကောလဟာလ၏ဆိုးကျိုးများ)*

- အသက်၄၀အရွယ်ရှိ မန္တလေးမြို့နေ ဗုဒ္ဓဘာသာဝင်တစ်ဦး

အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ဖြန့်ဝေခဲ့သော ကောလဟာလများသည် ဖြစ်ပေါ်လာသော ဖြစ်ရပ်များကိုအခြေအနေ ပိုမိုဆိုးရွားစေသည်။ ဥပမာအားဖြင့် အကြားများသော ကောလဟာလတစ်ခုမှာ *မွတ်စလင်တွေဗလီထဲမှာလက်နက်တွေစုဆောင်းထားတယ်။ ဗုဒ္ဓဘာသာဝင်တွေဗလီတွေဖျက် မွတ်စလင်ဈေးဆိုင်တွေကိုဖျက်ဆီးနေတုန်းဗုဒ္ဓဘာသာဝင်တွေဆီကိုတက်လာကြမှာ* ဟူ၍ဖြစ်သည်။ ထိုကဲ့သို့သော စကားများသည် သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူတို့အား ၎င်းတို့အနေဖြင့် မိမိကိုယ်ကို၊ မိမိတို့မိသားစုကိုဘာသာရေး အဆောက်အအုံများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှု ပစ္စည်းများကို ကာကွယ်ရန်နိုင်ရန်အတွက် လက်နက်များကို စုဆောင်းထားရမည်ဟူသော စိတ်ဝင်သွားစေသည်။

မွန္တလေးမြို့နေတစ်ယောက်က ပြောသည်မှာ "အဓိကရုဏ်းတွေ ပိုဆိုးလာတာ လူတွေက ယုံလွယ်တာကြောင့်လည်းပါတယ်။ ပြီးတော့နှစ်ဖက်လုံးက မသေသင့်တဲ့လူတွေ အသတ်ခံလိုက်ရတာကြောင့်လည်းပါတယ်" ဟုပြောလေသည်။ မန္တလေးမြို့နေ ဗုဒ္ဓဘာသာဝင်တစ်ယောက်ကမူ ကောလဟာလနှင့်ပတ်သတ်သော ၄င်း၏ ကိုယ်ပိုင်အတွေ့အကြုံကို ပြောပြလေသည်။ သူ့အနေနှင့် ပျံ့နှံ့နေသော သတင်းများကို မမှန်ဟု သံသယဖြစ်သည်မှာ မှန်သော်လည်း သူ့ကိုယ်တိုင် အန္တရာယ်ကင်းရေး အတွက် စိုးရိမ်ပူပန်နေရသည်။ သူကြုံတွေ့ခဲ့ရသော အကြောက်တရားများအား ခက်ခဲစွာရင်ဆိုင်ကျော်လွှားခဲ့ရပုံကိုပြောပြပြီး သူ့မိသားစုကိုလည်း အစစ်အမှန်ဖြစ်ကြောင်း မသေချာသော သတင်းများကို ဖြန့်ဝေခြင်း မပြုရန်မှာကြားသည်ဟုဆိုသည်။

*အမုန်းတရားတွေက နေ့တိုင်းလော်စပီကာနဲ့ မနက်ကနေညအထိ ဖွင့်နေတာဆိုတော့ ရေရှည်မှာတော့လွယ်မှာမဟုတ်ဘူး*

- မိတ္ထီလာမြို့မှ လူငယ်ယာဉ်မောင်းတစ်ဦး

ကောလဟာလများသည် ပါးစပ်စကားမှတဆင့်သော်လည်းကောင်း၊ တယ်လီဖုန်းမှတဆင့်သော်လည်းကောင်း လူမှုကွန်ယက်ဆွေးနွေးခန်းဖြစ်သော ဖေ့ဘွတ်စ်မှ တဆင့်သော်လည်းကောင်း ပျံ့နှံ့လျက်ရှိသည် မန္တလေးကဲ့သို့ နေရာမျိုးတွင် တယ်လီဗီးရှင်းနှင့် ပုံနှိပ်မီဒီယာများတွင် ပိတ်ပင်ထားသောကြောင့် လူမှုကွန်ယက်သာ သတင်းအချက်အလက်ရရှိနိုင်သော နေရာဖြစ်သောကြောင့် အထူးလွှမ်းမိုးလျက်ရှိသည်။မန္တလေးဒေသခံတစ်ယောက်က အငြင်းအခုန်လုပ်ပြီး ပြောဆိုသည်မှာ "လူမှုမီဒီယာတွေမှာ သတင်းအမှန်တွေသာတင်သင့်ပါတယ်။ ကျွန်တော်တို့ သတင်းအမှားတွေကို မျှဝေတာတွေ မလုပ်ဖို့ အထူးသတိထားရမယ်" ဟူ၍ဖြစ်သည်။ လူတို့သည် လူမှုမီဒီယာများတွင် ၎င်းတို့မြင်တွေ့ရသော သတင်းအချက်အလက်များကို စူးစမ်းစစ်ဆေးသင့်ပြီး မတုံ့ပြန်မီတွင် ထိုသတင်း၏ စစ်မှန်မှုကို သေချာအောင် စစ်ဆေးသင့်သည် ဟူသော အချက်ကို ခိုင်ခိုင်မာမာပင် မှတ်ချက်ပေးကြသည်ကို တွေ့ရသည်။

*ဖေ့ဘွတ်ခ်မှာတင်ထားတဲ့ သတင်းတစ်ပုဒ်ကြောင့် ပဋိပက္ခတွေစဖြစ်ပြီး ပိုကြီး သွားရတာ။ အဲ့ဒါကြောင့် လူတွေ အကြောင်းအရာတစ်ခုကို မြင်မြင်ချင်း ကြားကြားချင်း မယုံသင့်တာ။ အရင်ဆုံးဆန်းစစ်ရမယ် ပြီးတော့မှ ဒါဟာတစ် ကယ့်ဖြစ်ရပ်မှန်လား ကောလဟာလလားဆိုတာ စစ်ဆေးရမယ်*

- မွတ်စလင် ကျောင်းဆရာ တစ်ဦး

အသိုင်းအဝိုင်းများအတွင်းရှိ လူများကလည်း ၎င်းတို့ကြားရသော သတင်းများမှာ ကောလဟာလများ ဖြစ်ကြောင်း သတိထားမိကြသည်။ မန္တလေးမြို့နေ အမျိုးသမီးတစ်ဦး ကပြောသည်မှာ "မုဒိန်းသတင်းက ကောလဟာလကြီး ထင်ပါတယ်။ လူတွေက လူတစ် စုချထားတဲ့ အကြံအစည်အတိုင်း အကွက်ဆင်ခံလိုက်ရတာ" ဟုပြောသည်။ စစ်တွေတွင် အဓိကရုဏ်း ဖြစ်ပွားသောအခါ လူအများလည်း အံ့ဩသွားကြသည်။ သူတို့သည်လည်း ကောလဟာလများကို ကြိမ်ဖန်များစွာ ကြားခဲ့ရသောကြောင့် သတိပေးချက်များကို အယုံအကြည်မရှိကြပေ။

*အဓိကရုဏ်းတွေ ဖြစ်ခဲ့ရတာ ဗုဒ္ဓဘာသာတရားပွဲတွေမှာ ဟောနေတဲ့ အမုန်း တရားတွေနဲ့ အသံသွင်းစီဒီတွေနဲ့ ဟောပြောထားတဲ့ အမုန်းတရားတွေကြောင့် ဖြစ်ရတယ်လို့ ထင်ပါတယ်*

- အသက်၆၀ရှိ မိတ္ထီလာမြို့ IDP စခန်းခေါင်းဆောင်
မွတ်စလင်အမျိုးသားတစ်ဦး

မွတ်စလင် ဆန့်ကျင်ရေးတရားများ ဖြန့်ဝေခြင်းသည် တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပြီး ဗုဒ္ဓဘာသာတို့အနေဖြင့် မွတ်စလင် အသိုင်းအဝိုင်းတို့အပေါ်တွင် မုန်းတီးမှုများ ဖြစ်ပေါ် ခဲ့ရသည်ဟု ထင်ဖွယ်ရာရှိသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှလည်း ဗုဒ္ဓဘာသာ ဝင်တို့နှင့် မွတ်စလင်တို့ကြားရှိ ခင်မင်ရင်းနှီးမှုကို ထိုအမုန်းတရားတို့က ဖျက်စီးပစ်လိုက် သည်ဟု ခံစားရသည်။ မိတ္ထီလာမြို့ခံ တစ်ဦးက ပြောသည်မှာ "အဲ့လိုတွေဖြစ်ကုန်ရတာ လူတွေက နေ့စဉ်အမုန်းစကားတွေ ကြားနေရပြီး စိတ်တွေပြောင်းကုန်လို့ ဖြစ်ရတာပါ" ဟု ပြောလေသည်။ အခြားတစ်ယောက်က ထပ်မံပြောသည်မှာ "အဓိကရုဏ်းမဖြစ်မီ တပတ်မတိုင်မီလောက်က စီဒီခွေတွေနဲ့ ပြဿနာဖြစ်နိုင်တဲ့ ဟောပြောချက်တွေ၊

အွန်လိုင်းကနေအမုန်းစကားတွေ၊ လက်ကမ်းစာစောင်တွေ ဝေငှတာတွေကြောင့် ဒေသခံတွေ တစ်ယောက်နဲ့တစ်ယောက် မယုံသင်္ကာတွေ ဖြစ်ကုန်ကြတယ်” ဟု ပြောကြားလေသည်။ ပဲခူးအနောက်ဘက်တွင်နေသော အသိုင်းအဝိုင်းမှ လူတစ်ယောက်က ပြောသည်မှာ “အရင်တုန်းကဆို ဘယ်ဘာသာရဲ့ ပွဲတော်မဆို ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြတာပဲ၊ ဒါပေမယ့် နောက်ပိုင်းမှာ အမုန်းတရားတွေကြောင့် မယုံသင်္ကာတွေ သံသယတွေ ဖြစ်လာကြတယ်။ အမုန်းတရားတွေကြောင့် ကျွန်တော်တို့လည်း စိတ်အနှောင့်အယှက် ဖြစ်ရသလို(အကြမ်းဖက်မှု)ထပ်ဖြစ်မှာလည်း စိုးရိမ်မိတယ်” ဟုပြောလေသည်။

အသိုင်းအဝိုင်းတို့မှ အဓိကအာရုံထားပြီး ပြောဆိုသည်မှာ ကောလဟာလများကို ပျံ့ပွားခြင်းမှ တားဆီးရေးဖြစ်ပြီး ၎င်းတို့ဘက်မှ ထိုကိစ္စကို ဆောင်ရွက်ရန် ဆွေးနွေးခဲ့လေသည်။ ပဲခူးအနောက်ဘက်တွင် ဘာသာပေါင်းစုံ အသိပညာပေးရေးကို အုပ်စုများဖွဲ့ကာ လုပ်ဆောင်ပြီး လူတို့အားမဟုတ်မမှန်ကောလဟာလများကို မယုံကြည်ရန်အတွက် လက်ကမ်းစာစောင်တို့ကို ဝေငှခဲ့သည်။

*ဘာသာရေးအကြမ်းဖက်မှု မဟုတ်ရပါ*

> *လူတို့ကိုဘုရားစေတီဖြိုဖျက်စေရန် သင်ကြားသော ဘာသာတရားဟူ၍မရှိပါ*
> - ရွှေဘိုခရိုင်အတွင်းရှိ အမျိုးသမီး မွတ်စလင်ကုန်သည်တစ်ဦး

အသိုင်းအဝိုင်းအတွင်းရှိလူများတွင်လည်း ထိုအကြမ်းဖက်မှုများသည် ဘာသာရေးဆိုင်ရာ မုန်းတီးမှုကြောင့်ဖြစ်ခြင်းမဟုတ်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားကြလေသည်။ မန္တလေးမြို့ခံတစ်ဦးမှ ပြောကြားသည်မှာ “ဒါဟာ ဘာသာရေးအဓိကရုဏ်း မဟုတ်ပါဘူး၊ ဘာသာရေး အဓိကရုဏ်း ပုံစံပေါက်အောင် လူတွေလုပ်ယူထားတဲ့အရာပါ” ဟုပြောလေသည်။ ရွှေဘိုမြို့ရှိ ဒေသခံ နောက်တစ်ယောက်က ထပ်မံအကျယ်ချဲ့ပြောဆိုသည်မှာ “ဘယ်ဘာသာတရားကမှ သူတပါးပစ္စည်းကို မတရားလုယူအောင် မသင်ကြားထားပါဘူး” ဟု ပြောဆိုလေသည်။ မန္တလေးမြို့ရှိလူတစ်ယောက်မှ ပြောကြားသည်မှာ “ကျွန်တော့်အတွက်တော့ ဘာသာရေးက ဒီလောက် အရေးမကြီးပါဘူး။ ကျွန်တော်တို့ ယခင်ကလိုပဲ ဆက်လက်နေထိုင်သွားမှာပါ။ ကျွန်တော်ကိုယ်တိုင်လည်း သူတို့ (မွတ်စလင်များ) ကို

တစ်ခုခုဖြစ်ရင် ကျူပ်အိမ်မှာလာပုန်းဖို့အတွက် ပြောထားပါတယ်။ သူတို့ဘက်ကလည်း ကျူပ်ကိုကူညီဖို့ အဆင်သင့်ရှိပါတယ်” ဟုပြောလေသည်။

## *လုံခြုံရေးတပ်ဖွဲ့များမှ လုံလောက်စွာ မတုံ့ပြန်ခြင်း*

> *စစ်သားတွေနဲ့ ရဲတွေရှိနေပါလျက် သူတို့က လူအုပ်ကြီးကို မထိန်းပေးဘူး။ ဖျက်စီးမှု (တိုင်တရာဗလီအား) ပြီးမှလူအုပ်ထဲကို ရာဘာကျည်ဆံပစ်ထည့်ပြီး လူစုခွဲပေးတယ်။ အမှန်ဆို ရုတ်ရုတ်သဲသဲနဲ့ လူစုကတည်းက လူစုခွဲရမှာ*
> - အသက်၃၈နှစ်အရွယ်ရှိ ပဲခူးအနောက်ဘက်မှ စျေးသည်တစ်ဦး

လုံခြုံရေးတပ်ဖွဲ့တို့မှ တုံ့ပြန်ချက်များကိုလည်း သက်ဆိုင်ရာအသိုင်းအဝိုင်းတို့မှ ကျေနပ်ခြင်းမရှိကြချေ။အချို့သော နေရာများတွင် လုံခြုံရေးပင်မရှိချေ။အချို့သောနေရာများတွင် ရဲနှင့်စစ်တပ်ရှိသော်လည်းသူတို့ဘက်မှ ထိထိရောက်ရောက် တုံ့ပြန်ရန် အမိန့်ချထားပေးခြင်း မခံရသလို အကြမ်းဖက်မှုကိုလည်းမတားဆီးနိုင်ခဲ့ချေ။ လူအများဘက်မှ လုံခြုံရေးတပ်ဖွဲ့များအပေါ် မကျေမနပ် ပြစ်တင်သံများ ထွက်ပေါ်ခဲ့သည်။ ၎င်းတို့ထံတွင် ထိုအကြမ်းဖက်မှုများကို တားဆီးရန်နှင့် သောင်းကျန်းသူများကို လူစုခွဲရန်လည်း တတ်နိုင်စွမ်းရှိသကဲ့သို့ တာဝန်လည်း ရှိလျက်နှင့် ဖြစ်ရသည်ဟုဆိုသည်။ ပဲခူးမြို့အနောက်ဖက်တွင် နေထိုင်သူတစ်ဦးက ဆိုသည်မှာ “တာဝန်ရှိသူတွေနဲ့ ရဲတွေက သေနတ်တွေကိုင်ပြီး ဒီတိုင်းမတ်တပ်ရပ် ဖြစ်သမျှကို ထိုင်ကြည့်နေတယ်”ဟုဆိုလေသည်။ လားရှိုးမြို့မှ လူတစ်ယောက်က ပြောဆိုသည်မှာ “အာဏာပိုင်တွေ ကိုယ်တိုင်ကိုက ဒီအဓိကရုဏ်းတွေကို ထိန်းချုပ်ရမယ့်အစား လွှတ်ပေးထားတာ” ဟုပြောလေသည်။

မိတ္ထီလာတွင်မူ လုံခြုံရေးတပ်ဖွဲ့များကို နေပြည်တော်မှ စေလွှတ်ခဲ့သော်လည်း ၎င်းတို့ဘက်မှ အကြမ်းဖက်မှုကို မတားဆီးနိုင်ခဲ့ချေ။ ဒေသခံတစ်ဦးက ပြောဆိုသည်မှာ “အဆိုးဆုံးကတော့ လုံခြုံရေးတပ်ဖွဲ့တွေ ရောက်လာတဲ့အချိန်မှာ သူတို့မှာ လူအင်အား ထရပ်ကားဆယ်စီးစာ နီးနီးလောက်ရှိတယ်။ ဒါပေမယ့် အကြမ်းဖက်မှုတွေကို ထိထိရောက်ရောက် မတားဆီးပေးဘူး။ အဲ့လိုဖြစ်ရမှာမှ မဟုတ်တာ၊ တိုင်းပြည်ကို ကာကွယ်ရမယ့်သူတွေက ပဋိပက္ခဖြစ်တာကို ဒီတိုင်းငုတ်တုပ် မဆိုင်သလို ထိုင်ကြည့်နေတယ်” ဟုပြောကာ နောက်ထပ် မိတ္ထီလာမြို့တွင် နေထိုင်သော ဒေသခံတစ်ဦးမှ ထိုထင်မြင်ချက်ကိုထပ်ပေါင်း

ပြောဆိုသည်မှာ "ဒီလိုပြဿနာတွေက အာဏာပိုင်တွေ ထိန်းချုပ်မှုညံ့လို့ ဖြစ်တာ။ မသိရင်(သူတို့)ကပဲ အဲ့လို မင်းမဲ့စရိုက်ဆန်ဆန် အပြုအမူတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ လွှတ်ပေးနေသလိုပဲ" ဟု ပြောလေသည်။

လူများထိခိုက်ဒဏ်ရာရစဉ် သို့မဟုတ် အသတ်ခံနေရစဉ် ဒီအတိုင်းထိုင်ကြည့်နေသော ရဲတပ်ဖွဲ့တို့၏လုပ်ရပ်ကို မြင်တွေ့ခဲ့ရသော လူတို့မှာ လုံခြုံရေးတပ်ဖွဲ့တို့အား အင်မတန်မှ စိတ်ဆိုးကြလေသည်။လားရှိုးဒေသခံတစ်ဦးက ပြောကြားသည်မှာ "လူတစ်ယောက်ထိပြီး လဲသွားတယ်။ ရဲတွေက သူ့ကိုခြေထောက်ကကိုင်ပြီး ခွေးဆွဲသလိုဆွဲသွားတယ်၊ ဒဏ်ရာရထားတဲ့သူကို ပွေ့ထားတဲ့ ကျွန်တော့်သမီးကိုလည်း သေနတ်နဲ့ချိန်တယ်။ အဲ့ဒီရဲအရာရှိတွေကို တစစီဆွဲဆုတ်ပစ်ချင်တယ်"ဟု ပြောလေသည်။

သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့ဘက်မှလည်း လုံခြုံရေးတပ်ဖွဲ့တို့မှ တုံ့ပြန်ခြင်း မရှိသည့် အပေါ်တွင်အကြောင်းရင်းကို မေးခွန်းထုတ်ခဲ့ကြသည်။ ပဲခူးမြို့တွင် နေထိုင်သူတစ်ယောက်က မေးသည်မှာ"(အကြမ်းဖက်မှုဖြစ်တော့) စစ်တပ်နဲ့ရဲဘက်က ကိုယ်စားလှယ်တွေ ရောက်လာပြီး ပုဒ်မ၁၄၄ ညမထွက်ရ အမိန့်ထုတ်သွားတယ်။ ဒါပေမယ့် တိုက်ခိုက်မှုတွေက နေ့ခင်းကြောင်တောင်ကြီးမှာကို ဆက်ဖြစ်နေတုန်းပဲ၊ ဘာအဓိပ္ပာယ်လဲ" ဟု ပြောခဲ့သည်။ ပဲခူးအနောက်ဘက်တွင် နေထိုင်သူတစ်ယောက်က ပြောပြသည်မှာ ညစောင့်အဖြစ်လုပ်သော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို နေ့ခင်းဘက်တွင် ဖျက်ဆီးမှုများပြုလုပ်ရာတွင် ပါဝင်နေသည်ကို တွေ့ရသည်ဟုဆိုသည်။သူကလည်း "သူတို့လက်တွေမှာ 'တာဝန်' လို့ရေးထားတဲ့ လက်ပတ်တွေပတ်ထားတယ်" ဟုပြောလေသည်။

အခြားသောဖြစ်ရပ်များတွင်မူ လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ အရှင်းပင် မရှိချေ။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှ ရဲတပ်ဖွဲ့ကို ဆက်သွယ်သော်လည်း မည်သို့မှ တုံ့ပြန်ခြင်း မရှိချေ။ ပဲခူးအနောက်ဘက်ပိုင်းတွင် နေထိုင်သော ဒေသခံတစ်ဦးကပြောသည်မှာ "လူစုလူဝေး ကြီးတွေနဲ့ တိုက်ခိုက်နေပြီးတော့ သူတို့ရဲ့ပစ်မှတ်တွေကိုဖျက်ဆီးနေချိန်မှာ ရဲနဲ့စစ်သား တွေက အခြားတစ်နေရာကို ရောက်ချင်ယောင်ဆောင်နေတယ်။ရုပ်ရှင်ထဲကလိုပဲ" ဟု ပြောလေသည်။ မိတ္ထီလာမှ လူတစ်ယောက်က ပြောသည်မှာ "အားလုံးဒီလောက်ဆိုးဆိုး ဝါးဝါးဖြစ်နေတာတောင် ဘယ်သူမှ အခြေအနေကိုလာပြီးတော့ ထိန်းသိမ်းပေးတာမျိုး မလုပ်ပေးဘူး။ဆိုလိုချင်တာကဗျာ ရဲတွေတစ်ယောက်မှရှိမနေဘူး" ဟုပြောလေသည်။ မန္တလေးမြို့နေတစ်ယောက်က ပြောသည်မှာ "အဲ့ဒီလူတွေ ကျုပ်အိမ်ရှေ့မှာ ရပ်ထားတဲ့

ကားကိုဖျက်ဆီးသွားလို့ ရဲကိုတိုင်တော့ ရဲဘက်ကပြန်ပြီးမှတ်ချက်ပေးတာ 'လူဘာမှမ ဖြစ်ဘူးမဟုတ်လား' တဲ့။ ကျုပ်တို့မှာ ကားကိုလူတွေ ဝိုင်းဖျက်ဆီးသွားတာ ထိုင်ကြည့် နေရတယ်၊ ရဲလည်းတစ်ယောက်မှမလာဘူး"

စစ်တွေရှိ အသိုင်းအဝိုင်းမှ လူများကတော့ တစ်မျိုးတစ်ဖုံ ကွဲပြားစွာ တွေ့ကြုံခဲ့ရသည်။ ထိုနေရာရှိ အခင်းဖြစ်ပွားရာ တော်တော်များများတွင် ရဲများက အကြမ်းဖက်မှုကို ထိထိရောက်ရောက် တုံ့ပြန်ပြီး နောက်ငြိမ်ဝပ်ပိပြားစေရန် ထိန်းသိမ်းပေးကြသည်။ ဥပမာအားဖြင့် ရဲများက ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦးအား မုဒိန်းကျင့်သူဟု သံသယဖြစ်ခံ ထားရသော လူတစ်ယောက်ကို လွှတ်ပေးခါနီးတွင် လူအုပ်ကြီးအား သေနတ်ပစ်ဖေါက်ကာ လူစုခွဲပေးခြင်းတို့ဖြစ်သည်။ အချို့အသိုင်းအဝိုင်းရှိ လူများက ပြောသည်မှာ ငြိမ်ဝပ်ပိပြား ရေးအတွက် ရဲများက မြို့ထဲတွင် အခြေစိုက်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။

***စနစ်တကျ သွေးထိုးလှုံ့ဆော်ခဲ့ခြင်းဖြစ်***

> *ဘာသာရေး အဓိကရုဏ်းပုံပေါက်အောင် သက်သက်ဖန်တီးတဲ့ နိုင်ငံရေး လှည့်ကွက်ပါ*
>
> - မန္တလေးမြို့နေ အသက်၄၀အရွယ်ရှိ မွတ်စလင်အမျိုးသမီးတစ်ဦး

သူစိမ်းများရှိနေခြင်းနှင့် လှုံ့ဆော်မှုတွင် ၎င်းတို့ပါဝင်နေခြင်းသည် နေရာအနှံ့အပြားတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများသည် စနစ်တကျ သွေးထိုးလှုံ့ဆော်ခဲ့ခြင်းဖြစ်သည် ဟူသော အမြင်နှင့် ခိုင်ခိုင်မာမာ ဆက်စပ်လျက်ရှိသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူတို့မှ မည်သည့်အဖွဲ့အစည်းက ပါဝင်နေသည်ဟု အသေးစိတ်မသိသော်လည်း အစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီနှင့် ဘာသာရေးအစွန်းရောက်အုပ်စုများကို သွယ်ဝိုက်ပြောဆိုခဲ့ သည်။ ကောလဟာလများ၊ အမုန်းတရားများနှင့် မွတ်စလင်ဆန့်ကျင်ရေးတရားများသည် အကြမ်းဖက်မှုမဖြစ်မီနှင့် ဖြစ်နေဆဲတို့တွင် ချက်ခြင်းဆိုသလို ပျံ့နှံ့လျက်ရှိသည်။ ထိုအကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက်မှ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့ဘက်မှ တိကျသေချာသော သတင်းအချက်အလက်တို့ကိုရပြီး ထိုကောလဟာလများမှ ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး အထက်ပါအဖွဲ့အစည်းတစ်ခုနှင့် ထိုအရာတို့၏ ပါဝင်မှုကြောင့် ဖြစ်သည်ဆိုသည်ကို သိရှိခြင်းဖြစ်သည်။

လူအများစုကထင်ကြသည်မှာ အကြမ်းဖက်မှုများကို လှုံ့ဆော်ခြင်းသည် ၂၀၁၅ရွေး ကောက်ပွဲအတွက်နိုင်ငံရေးပါတီတို့မှ အသုံးချခြင်းဖြစ်သည်ဟု ထင်ကြသည်။ လားရှိုး မြို့တွင် နေထိုင်သူတစ်ဦးကမူ"နိုင်ငံရေးလှည့်ကွက်တွေပါ" ဟုပြောပြီးနောက် တစ်ယော က်ကခန့်မှန်းသည်မှာ "ကြည့်နေပါ၊ ၂၀၁၅ရွေးကောက်ပွဲမတိုင်မီ ထပ်ဖြစ်ဦးမှာ။ နိုင်ငံရေးတွေပါ" ဟု ပြောလေသည်။

လူအများစုက ၎င်းတို့၏အမြင်များကို ဝေမျှရာတွင် ထိုကောလဟာလများကို ဝေမျှရာ၌ အစိုးရ သို့မဟုတ် စစ်တပ်ပါဝင်နေသည်ဟု ပါဝင်နေသည်ဟု သံသယဖြစ်သည်ဆိုသည်။ ပဲခူးအနောက်ဘက်နေဒေသခံတစ်ဦးက အကြိတ်အနယ်ပြောဆိုသည်မှာ "ဒီဖြစ်ရပ် တွေအတွက် အစိုးရမှာတာဝန်ရှိတယ်၊ဒါနိုင်ငံရေးတွေ" ဟုပြောလေသည်။ မန္တလေးမြို့ နေတစ်ဦးက ပြောကြားသည်မှာ "စစ်တပ်နဲ့အစိုးရကတော့သူတို့အာဏာမြဲဖို့အတွက် ဘာမဆိုလုပ်မှာပဲ" ဟုပြောသည်။ နောက်တစ်ယောက်က ထိုအမြင်ကိုအကျယ် တဝင့်ပြောသည်မှာ "ဒီကိစ္စက မွတ်စလင်တွေကို ဖိနှိပ်ရေးနဲ့မဆိုင်ဘူး၊အစိုးရကသူတို့ ထိုင်ခုံပျောက်မှာစိုးလို့ ဘာသာရေး အဓိကရုဏ်းတွေကို အသုံးချနေတာ"ဟုဆိုသည်။

*မန္တလေးမှာဖြစ်သွားတဲ့ အဓိကရုဏ်းက အခြေခံဥပဒေမှာပါတဲ့ ပုဒ်မ၄၃၆ကို (ပြင်ဆင်ရေးနဲ့ ပယ်ဖျက်ရေး အတွက်) လူထုကို အာရုံမရောက်အောင် အာရုံလွှဲတာပါ။ မိတ္ထီလာမှာ ဖြစ်သွားတဲ့ကိစ္စဆို လက်ပံတောင်းတောင်ကိစ္စကို အာရုံလွှဲအောင်၊ ရခိုင်မှာဖြစ်သွားတဲ့ကိစ္စဆို ပြည်သူတွေကို ဓါတ်ငွေ့ ပိုက်လိုင်း ကိစ္စ အာရုံလွှဲအောင်။ အဲ့ဒီဆူပူမှုတွေအကုန်လုံးက မုဒိန်းမှုကြောင့် စဖြစ်တာ။ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့အမှုတိုင်းကို သာမာန်အမှုလိုမမြင်နိုင်ရတာလဲ။ ဘာကိစ္စ ဘာသာရေးတွေနဲ့ ရောယှက်ပြီးတော့ တရားဥပဒေအရ မဖြေရှင်းဘဲ အဓိကရုဏ်းဖြစ်အောင် ဆူပူရတာလဲ။ အစိုးရကလည်း သတင်းစာတွေ အတွက် ဒီအမှုတွေဟာ ဘာသာရေးကြောင့်ပဲဖြစ်ရသလိုလို ပုံဖော်နေကြတယ်။ ဥပမာဆို သတင်းစာ တစ်စောင်ထဲကဆောင်းပါးမှာ ရခိုင်ပြည်နယ်ရှိ အမျိုးသမီး လေးတစ်ယောက်ကို မွတ်စလင်နှစ်ယောက်က မုဒိန်းကျင့်တယ်လို့ရေးသား ဖော်ပြတယ်။ ဘာကိစ္စ 'မွတ်စလင်'ဆိုတဲ့ စကားကြီးကို ထည့်သုံးရတာလဲ။ ဘာဖြစ်လို့ ဗုဒ္ဓဘာသာဝင်သူခိုး နှစ်ယောက်ကို ဖမ်းဆီးရမိတို့ဘာတို့ မရေး တာလဲ။ ဦးနေဝင်းလက်ထက်ကတည်းက သုံးလာတဲ့ နိုင်ငံရေးလှည့်ကွက် တွေပါ။ ပထမဦးဆုံးအထိခံရတာနဲ့ အပြင်းထန်ဆုံး ထိခိုက်ခံစားရတာကတော့ သက်ဆိုင်ရာအသိုင်းအဝိုင်းကလူတွေပဲ*

- မန္တလေးမြို့နေ အသက်၅၀အရွယ်ရှိ ဗုဒ္ဓဘာသာ အမျိုးသားတစ်ဦး

စစ်တွေမြို့နေတစ်ဦးက အကျယ်ပြောသည်မှာ "ဒါဟာအဓိကရုဏ်းတွေရဲ့ နောက်ကွယ်မှာ အစိုးရလက်ချက်ပါနေတယ်ဆိုတဲ့ သဲလွန်စပဲ" ဟု ပြောသည်။ ထိုပြောကြားသူဘက်မှ ယုံကြည်သည်မှာရခိုင်ပြည်နယ်ရှိ ရခိုင်နှင့်မွတ်စလင်တို့အကြား ပဋိပက္ခနှင့် သွေးကွဲမှုများ ဖြစ်ရခြင်းသည် ရဲနှင့်စစ်တပ်ကဲ့သို့သော အစိုးရဌာနများ၏ အကျယ်ချဲ့ခြင်း ခံရသည်ဟု လည်း ယုံကြည်သည်။

ပဲခူးအနောက်ဘက်ဒေသများတွင် အစိုးရနှင့် ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် ပတ်သတ် နေသော ရဟန်းများသည် အဓိကရုဏ်းကို စီမံရာတွင် ပါဝင်ခဲ့သည်ဟု သံသယဖြစ်ခြင်း ခံရသည်။ ပြောကြားသူတစ်ယောက်က ဆိုသည်မှာ "အဓိကရုဏ်းကို ကူညီထောက်ပံ့ခဲ့တဲ့ အထဲမှာ လွှတ်တော်အမတ်တစ်ချို့နဲ့ ရဟန်းတစ်ချို့လည်းပါတယ်" ဟုပြောသည်။

(စာမျက်နှာ၃၇တွင် ပြောထားသကဲ့သို့) လုံခြုံရေးတပ်ဖွဲ့များ၏ တုံ့ပြန်မှုမရှိခြင်းသည် သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့၏ မျက်စိအတွင်း၌ အစိုးရ ပါဝင်ပတ်သတ်နေသည် ဟူ၍ ပိုမြင်သွားစေသည်။ ပြောကြားသူတစ်ယောက်က တွေ့ရှိသည်မှာ "နေ့ခင်းဘက် ဆူပူတိုက်ခိုက်တဲ့ သူတွေက ညကျတော့ ညစောင့်ပြန်ဖြစ်နေတယ်" ဟုဖြစ်သည်။ အစိုးရဘက်မှ မီဒီယာများ၏ ပိတ်ပင်မှုကလည်း မန္တလေးတွင် ထိုထင်မြင်ချက်ကို ပိုမိုအားကောင်းသွားစေသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့က ထင်သည်မှာ ထိုကဲ့သို့ပိတ်ပင်လိုက်ခြင်းကြောင့် အကြမ်းဖက်မှု၏အဓိကအကြောင်းရင်းကို အသိုင်းအဝိုင်းများ ဘက်မှ သိရှိနိုင်မှုကိုတားဆီးနိုင်ပြီး လက်ရှိဖြစ်ပေါ်နေသော အနေအထားများကို တိတိကျကျ နားလည်နိုင်မှုကိုလည်း ပိတ်ပစ်နိုင်မည်ဟုထင်မြင်ကြသည်။

## လက်ရှိဖြစ်ပွားနေသော စိန်ခေါ်မှုများ

### *လက်ရှိဖြစ်ပွားနေသော ကြောက်ရွံ့မှုများ*

*ကျွန်တော့် အသက်ဘေးကို စိုးရိမ်မိပါတယ်။ အခုဖြစ်နေတဲ့အနေအထားက ကျွန်တော့်ဘက်က အမှားလေးသေးသေးလေး လုပ်မိရင်တောင်မှ ကျွန်တော် အသက်ဆုံးရှုံးသွားနိုင်တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ကျွန်တော်မိသားစုအတွက်လည်း စိုးရိမ်ပါတယ်။*

- မိတ္ထီလာရှိ ဗုဒ္ဓဘာသာဝင် လူငယ်အမျိုးသားတစ်ဦး

သက်ဆိုင်ရာအသိုင်းအဝိုင်းတို့ဘက်မှ ၎င်းတို့၏ နေ့စဥ်ဘဝကို ထိခိုက် သက်ရောက်လျက်ရှိသော အဓိကရုဏ်းမှ ပြင်းထန်လှသော အကြောက်တရားများအကြောင်းကို ခရေစေ့တွင်းကျ ပြောပြလေသည်။ လားရှိုးမြို့နေသူတစ်ဦးက ပြောပြသည်မှာ "ငရဲခံနေရသလိုပါပဲ" ဟူ၍ဖြစ်ပြီး။ မွတ်စလင်အသိုင်းအဝိုင်းအတွင်းရှိ လူတော်တော်များများကမူ သူတို့ကိုယ်သူတို့ "သေလူလိုခံစားရကြောင်း" သေမယ့်အချိန်ကို ထိုင်မျှော်နေရကြောင်း ပြောပြလေသည်။

*ကျွန်မကအဓိကရုဏ်းကို ကိုယ်တိုင်မျက်စိနဲ့ မြင်ခဲ့ရတဲ့သူဆိုတော့ ပိုလန့်ပါတယ်။ ဒီလိုမျိုး နောက်ထပ်တစ်ခေါက် ထပ်ဖြစ်မှာမျိုးကို တွေးမိရင်တောင် လန့်တယ်။*

- ပဲခူးအနောက်ဘက်ရှိ ဟိန္ဒူဘာသာဝင် သက်လတ်ပိုင်း အမျိုးသမီးတစ်ဦး

အလွန်အမင်း ကြောက်ရွံ့နေရသော အဖြစ်မျိုးကိုလည်း မွတ်စလင်အသိုင်းအဝိုင်းရှိ လူများက အရင်ဆုံးမျှဝေကြပါသည်။ သို့ရာတွင် မွတ်စလင်များကရော ဗုဒ္ဓဘာသာဝင်များကရော ၎င်းတို့ကြောက်ရွံ့ကြောင်း နှင့်၎င်းတို့မှထွက်ပြေးရပုံ အတွေ့အကြုံများသို့မဟုတ် အမှောင်ထဲတွင် ထိုင်စောင့်နေရပုံ၊ ပုန်းကွယ်နေရပုံတို့ကို ပြောပြကြလေသည်။ မိတ္ထီလာမြို့တွင် နေထိုင်သူတစ်ဦးက ပြောပြသည်မှာ "အဓိကရုဏ်းဖြစ်တော့ ကျုပ်မိသားစုသာမက ကျုပ်အိမ်နီးချင်းတွေပါ နေရာအနှံ့ကို ကြောက်လွန်းလို့ ထွက်ပြေးခဲ့ရတာ" ဟုပြောပြ လေသည်။နောက်တစ်ယောက်က ပြောပြသည်မှာ "အကြမ်းဖက်မှုတွေကြောင့် ကျုပ်တို့မှာ ကြောက်လို့ ရပ်ကွက်အပြင်ဘက်က တောထဲ သွားနေနေရတယ်" ဟု ပြောပြလေသည်။ နောက်ထပ်မိတ္ထီလာမြို့နေသူ တစ်ယောက်က သူ၏ ကြောက်ရွံ့ရမှုကို ဖော်ပြရာတွင် "နောက်ဆုံးတော့ကျွန်တော်ကတော့ ကိုယ့်မိသားစုနဲ့ပဲကိုယ် အတူတူ အသေခံတော့မယ်လို့ဆုံးဖြတ်လိုက်ပြီ၊ ကျုပ်မှာအချိန်ရှိသ၍ကြီးလန့်စာစားနေနေရတယ်။ အဲ့ဒီ ခံစားချက်ကိုလည်း ဘယ်တော့မှမေ့မှာမဟုတ်ဘူး။ လူတွေဆိုတာ လူစိတ်တွေ ပျောက်ကုန်ကြတယ်" ဟုပြောပြလေသည်။

အချို့သောနယ်များတွင် ဆူပူသောင်းကျန်းသူများသည် သက်ဆိုင်ရာအသိုင်းအဝိုင်းတို့အား ပိုမိုကြောက်ရွံ့စေရန် လမ်းများကို ပိတ်ပြီး ဖြတ်သန်းသွားလာသော သူများကိုလည်း မွတ်စလင်လား ဗုဒ္ဓဘာသာဝင်လားဟုမေးမြန်းခြင်းများပြုလေသည်။ ဆူပူသောင်းကျန်းသူများက သူတို့အနေဖြင့် မွတ်စလင်ဟု သင်္ကာမကင်းရှိသူကို ဗုဒ္ဓဘာသာ ဘုရားစာရွတ်ခိုင်းသည်။ ထိုသို့မလုပ်ပြနိုင်သော မွတ်စလင်များအဖို့ မိန်းမများရောကလေးများပါလူပုံအလည်တွင်အသတ်ခံရသည်။ရုပ်ချင်းဆင်သောကြောင့် မွတ်စလင်တို့နှင့် အမှားခံရသော ဟိန္ဒူအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ သည်လည်း မွတ်စလင်အိမ်နီးချင်းများကဲ့သို့ပင် ကြောက်ရွံ့နေရသည်။

ထိုကဲ့သို့သော အစွန်းရောက် အကြမ်းဖက်မှုမျိုးကို ဗုဒ္ဓဘာသာအများစုလည်း ကြောက်ရွံ့ကြရသည်။ သူတို့ကိုမွတ်စလင်ဟု အထင်ခံရမည်ကို ကြောက်ရွံ့လာကြသည်။ ၎င်းတို့၏ မွတ်စလင် သူငယ်ချင်းများနှင့် အိမ်နီးချင်းများအတွက် စိုးရိမ်ပူပန်လာကြသည်။ ၎င်းတို့ နေထိုင်ရာနှင့် ပိုင်ဆိုင်မှုများအား ထိခိုက်ပျက်စီးမည်ကို စိုးရိမ်လာကြသည်။ အချို့အသိုင်းအဝိုင်းရှိလူများတွင် မိသားစုဝင်များ၌ ကလေးများ၊သက်ကြီးရွယ်အိုများ ပါနေသောကြောင့် လွတ်လွတ်လပ်လပ်ရွှေ့ပြောင်းခြင်း မပြုနိုင်သောကြောင့်ပို၍အထူးစိုးရိမ်ရသည်။

*ကျွန်တော်ကတော့ အဲ့ဒီလိုဖြစ်ရပ်မျိုး ထပ်ဖြစ်ဦးမယ်လို့ ထင်နေတယ်။ ကျွန်တော့်ကို လူတွေကြည့်တဲ့ အကြည့်တွေနဲ့ သူတို့ပြောတဲ့ စကားတွေကို ကြောက်မိနေပြီ။*

- ပဲခူးအနောက်ဘက်ရှိ မွတ်စလင် အင်တာနက်ဆိုင်ပိုင်ရှင် လူငယ်တစ်ဦး

ထိုအဓိကရုဏ်းကြောင့် ဖြစ်သွားသော ဒဏ်ရာများနှင့် ကြောက်ရွံ့မှုများကို သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ လူများခံစားနေရဆဲ ဖြစ်သည်။ မိတ္ထီလာမြို့နေသူတစ်ယောက်က ပြောပြသည်မှာ "ဘယ်သူမှအကြောက်မပြေသေးပါဘူး လူတိုင်း အဲ့ဒီအဓိကရုဏ်းမျိုး ထပ်ဖြစ်မှာကို သေမတတ် ကြောက်နေကြတာ" ဟုပြောဆိုခဲ့သည်။

အသိုင်းအဝိုင်းအတွင်းရှိ လူများကလည်း လူတို့အဓိကရုဏ်းပြီးနောက်ပိုင်းတွင် ဒဏ်ရာအဖြစ် ခံစားရအောင် လှုံ့ဆော်နေ့စဉ် ကြုံတွေ့နေရသော ကြုံတွေ့နေရမှုများကို ပြောပြလေသည်။ မန္တလေးတွင်မြန်မာ နိုင်ငံတော်သီချင်းအား အကြမ်းဖက်မှုကို လှုံ့ဆော်သော မသမာသူများက သီဆိုကြလေသည်။တစ်ချိန်က မြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ယူဝံ့ကြွားစွာဖြင့် သီဆိုခဲ့သူများသည် ယခုတော့ကြားတိုင်းဒဏ်ရာများကို အသစ်ပြန်ဆွနေသကဲ့သို့ ဖြစ်နေချေသည်။ "နိုင်ငံတော် သီချင်းသံကြားတိုင်း ကြောက်နေရပါတယ်။အခုလည်း တော်တော်သတိထားနေရတယ်" ဟုပြောပြလေသည်။

မိတ္ထီလာတွင် အဓိကရုဏ်းသည် အထက်တန်းကျောင်း နောက်ဆုံးစာမေးပွဲကြီး ဖြေဆိုနေချိန်တွင် ဖြစ်ခြင်းဖြစ်သည်။ ကျောင်းသားတော်တော်များများမှာလည်း ၎င်းတို့ဘက်မှ ဇဝေဇဝါ ဖြစ်ရပုံကို ပြောပြလေသည်။ စာမေးပွဲဆက်ဖြေရမည်လော၊ စာမေးပွဲအလွတ်ခံပြီး နောက်တစ်နှစ်အတွက် ပြန်လည်ပြင်ဆင်ရမည်လော၊ ဇဝေဇဝါဖြစ်

ကုန်သည်။ စာမေးပွဲသွားဖြေသော ကျောင်းသားများ မွတ်စလင်များကို လိုက်ရှာနေသော လူများကို တွေ့ခဲ့ရသည်။ မိတ္ထီလာဘက်မှ ကျောင်းသား တစ်ယောက်က ပြောသည်မှာ "ကျွန်တော်တို့လည်း စိတ်ဒါဏ်ရာရပါတယ်၊ အဲ့ဒီအဓိကရုဏ်းကြောင့် နှစ်စဉ်စာမေးပွဲချိန် ရောက်တိုင်း ဒီလိုအဖြစ်မျိုးကို မှတ်မိနေမှာပါ" ဟု ပြောလေသည်။ နောက်ထပ် ကျောင်းသားတစ်ယောက်က ပြောသည်မှာ "အခုဆိုလူထူထူ မြင်ရင်ကို ကြောက်နေရပြီ" ဟု ပြောလေသည်။

*ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ကြမ်းကြုတ်တဲ့ ဖြစ်ရပ်မျိုး မကြုံဘူးပါဘူး။ အဲ့ဒီဖြစ်ရပ်တွေကို ပြန်စဉ်းစားကြည့်လိုက်တိုင်း ထမင်းတောင်စားမဝင်ဘူး*

- မိတ္ထီလာမြို့နေ ဗမာလူမျိုး ယာဉ်မောင်းတစ်ဦး

သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ လူများလည်း ဆုံးရှုံးသွားသော မိသားစုဝင်များအတွက် ဝမ်းနည်းရပြီးကြုံတွေ့ခဲ့ရသော ဒဏ်ရာများနှင့် ဆုံးရှုံးခဲ့ရမှုများကြောင့် စိတ်ဒဏ်ရာများ ခံစားခဲ့ရသည်။ မိတ္ထီလာမြို့နေ တစ်ယောက်က ပြောသည်မှာ "ကျွန်တော်အင်မတန် ချစ်ရတဲ့ ကျွန်တော့်ရဲ့ တစ်နှစ်အရွယ် သားလေး အခုအဓိကရုဏ်းမှာ ကွယ်လွန်သွားတယ်။ ကျုပ်သားအစားကျုပ်သာ သေလိုက်ချင်ပါတယ်။ အခုတော့ ကျုပ်နဲ့ ကျုပ်ဇနီးနှစ်ယောက်တည်းဖြစ်ပြီးကျန်ခဲ့ပြီ" ဟုပြောလေသည်။ နောက်ထပ်မိတ္ထီလာမြို့နေ တစ်ယောက်က ပြောသည်မှာ "စိတ်ဖိစီးမှုတွေနဲ့ ကြပ်တည်းမှုဒဏ်တွေကို ကျုပ်နဲ့ကျုပ်မိသားစုလည်း တော်တော်ခံရတယ်" ဟုပြောပြလေသည်။ နောက်တစ်ယောက်က အကျယ်ပြောသည်မှာ "ဒီလိုအဓိကရုဏ်းဖြစ်တော့ ကျုပ်တို့လည်း အင်မတန်မှ စိတ်ညစ်ရတယ်။ ဒီမြို့မှာတောင် မနေချင်တော့ဘူး" ဟုပြောပြလေသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ လူများအားလုံး အကြမ်းဖက်မှုကြောင့် စိတ်ဆင်းရဲမှု ခံစားနေရချိန်တွင် မိတ္ထီလာမြို့တွင် နေထိုင်သူများ အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုလည်း ခံစားခဲ့ရသေးသည်။ ယောကျ်ားများ၊ မိန်းမများနှင့် ကလေးငယ်များ ဓါးနှင့်အခုတ်ခံရ၊ အရှင်လတ်လတ် မီးရှို့ခံရသည်ကို တွေ့ခဲ့ရသည်။

အမုန်းတရားများနှင့် မွတ်စလင်ဆန့်ကျင်ရေးတရားများ ကြားတိုင်း မွတ်စလင်များ အနေဖြင့်အထူးကြောက်ရွံ့တုန်လှုပ်လျက်ရှိသည်။ မိတ္ထီလာမြို့တွင် နေထိုင်သူတစ်ယောက်မှ ပြောသည်မှာ "အခုလိုကိစ္စတွေဖြစ်ရတာ အမုန်းတရားတွေ ဖြန့်ဖြူးမှုကြောင့်

ဖြစ်ရတယ်လို့ ထင်ပါတယ်။ ခုလည်း အမုန်းတရားတွေကို နေရာတိုင်းမှာ ကြားနေပြီး နေရထိုင်ရတာ အတ္တရာယ်မကင်းသလို ခံစားရသေးတယ်။" ဟုပြောလေသည်။

## *အကြမ်းဖက်မှုကြောင့် စီးပွားရေးတွင် ထိခိုက်မှု*

> *အဓိကရုဏ်း ဖြစ်စဉ်အတွင်းမှာ ကျွန်တော်တို့မှာ ဘာမှစားစရာမရှိဘူး။ အဓိကရုဏ်းပြီးတော့လည်းကျွန်တော်တို့နေရေးစားရေးအင်မတန်ခက်ခဲတယ်။ အခုကျွန်တော် စီးပွားရေးလုပ်ငန်း တော်တော်များများလည်း ပျက်စီးသွားပြီး ကျွန်တော့်မှာ အကင်ရောင်းစားနေရတယ်။ အကြမ်းဖက်မှုမဖြစ်ခင်ကဆို ကျွန်တော်တို့ ဘယ်မှာလုပ်လုပ် အဆင်ပြေတယ်။*
>
> \- မိတ္ထီလာမြို့နေ သက်လတ်ပိုင်း မွတ်စလင် အမျိုးသားတစ်ဦး

ရှိရှိသမျှသော အသိုင်းအဝိုင်းတို့မှ အဓိကရုဏ်းကြောင့် စီးပွားရေးထိခိုက်မှုများကို ဖြစ်ပွားရပုံကို ပြောပြပြီး သူတို့ "စီးပွားရေးပျက်ကပ်ဆိုက်နေသည်" မကြာခဏ ပြောပြကြလေသည်။ နေအိမ်များနှင့် ဈေးဆိုင်များလည်း အကြမ်းဖက်မှုများကြောင့် ဖျက်ဆီးခံလိုက်ရပြီး လူအများမှာလည်း ရက်ပေါင်းများစွာ အလုပ်လုပ်မှု ရပ်ဆိုင်းခဲ့ရသည်။ စစ်တွေမြို့တွင် နေထိုင်သူတစ်ယောက်က ပြောပြသည်မှာ "နှစ်ဖက်လုံးကတော့စီးပွားရေးဆိုင်ရာ ခက်ခဲမှုနဲ့ နေ့စဉ်နေထိုင်မှုတွေမှာ ခက်ခဲကုန်တာပဲ၊ ဈေးတွေထဲက ဆိုင်ခန်းတွေ၊ လုပ်ငန်းတွေ ဆိုင်ကယ်ကယ်ရီသမားတွေ လုံးဝကို အလုပ်လုပ်တာ ရပ်ပစ်လိုက်ရတယ်။ ဘုန်းကြီးကျောင်းတွေလည်း ပစ္စည်းလေးပါး အလှူမရတော့ဘူး" ဟုပြောပြလေသည်။

လူပေါင်းများစွာတို့ ခုချိန်ထိ ဈေးဆိုင်နှင့် အိမ်များကို ပြန်မဆောက်နိုင်သေးသကဲ့သို့ စီးပွားရှာရန်လည်းခုချိန်တွင် ရုန်းကန်နေရသည်။ ဒေသခံတစ်ဦးကပြောသည်မှာ "ကျွန်တော်ရဲရဲကြီးပြောရဲတယ်ကျွန်တော့်မိသားစု၊ ဘာသာပေါင်းစုံကလူတွေရဲ့ လူနေမှုဘဝနဲ့စီးပွားရေးဟာ ဒီအဓိကရုဏ်းကြောင့်ပျက်စီးခဲ့ရတာ။ အဆိုးဆုံးကတော့ ကျွန်တော်တို့ရဲ့ အသက်အန္တရာယ် လုံခြုံရေးပါ ဆုံးရှုံးလိုက်ရတာပဲ" ဟုပြောလေသည်။ နောက်ထပ် ဒေသခံတစ်ယောက်က ပြောသည်မှာလည်း "အဓိကရုဏ်းမဖြစ်ခင်က စီးပွားရေးက ကောင်းတယ်၊ ဒါပေမယ့် အဓိကရုဏ်းလည်း ဖြစ်ပြီးရော လူတွေလည်း ငွေရေးကြေးရေး

တွေ ကြပ်တည်းကုန်ပြီး သူတို့ကလေးတွေကို ကျောင်းမထားနိုင်တော့ဘူး။ ကျုပ်တို့ကတော့ ကလေးတွေပညာရေးပဲစိတ်ပူတယ်" ဟုပြောလေသည်။

> *ကျွန်မတို့လည်း စီးပွားရေးကိုလည်း ထိခိုက်တာပဲလေ။ တစ်ချို့ဆိုအိမ်က ဆန်အိုးထဲမှာတောင် ဆန်မရှိတော့ဘူး။*
>
> - လားရှိုးမြို့နေ ၄၂နှစ်အရွယ်ရှိ မွတ်စလင် အမျိုးသမီးတစ်ဦး

ထို့အပြင် စီးပွားရေးအရ ခွဲခြားဆက်ဆံမှုများလည်း အချို့သော အသိုင်းအဝိုင်းများတွင် မြင့်တက်လာသည်။ ဗုဒ္ဓဘာသာအများစုကလည်း မွတ်စလင်ဆိုင်များတွင် ဈေးဝယ်ခြင်း မပြုတော့သကဲ့သို့ မွတ်စလင်များကလည်း ထိုနည်းတူပင် ဖြစ်သည်။ လူတစ်ယောက်က ပြောသည်မှာ "ကျုပ်ဆို မွတ်စလင်ဆိုင်တွေမှာ ဈေးမဝယ်တော့ဘူး" ဟုပြောလေသည်။

> *ကျွန်တော်တို့ ခွဲခြားဆက်ဆံခံရတာကို မခံနိုင်တော့ပါဘူးဗျာ။ ကျွန်တော်မြို့ပေါ်ကို နာရီပြင်စားဖို့သွားတယ်တစ်နေကုန်တာတောင်မှ နာရီပြင်မယ့်သူ တစ်ယောက်မှ မလာဘူး။ ကျုပ်လိုပဲ ခံစားရတဲ့လူ အများကြီးရှိပါသေးတယ်။ ကျုပ်မှာလည်း အသက်မွေးဝမ်းကြောင်းပညာက များများစားစားမတတ်တော့ အခုဆိုဒုက္ခရောက်ပြီးတော့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိဘူး။ ကျုပ်မိန်းမလည်း တစ်ခုခုရောင်းဖို့ ကြိုးစားပေမယ့် သူ့စီးပွားရေးလည်း မကောင်းပါဘူး။ ကျုပ်မိန်းမက ကုန်စိမ်းရောင်းပေမယ့် သူလည်းစီးပွားရေးမကောင်းပါဘူး။ ဘယ်သူမှ ဒီအခိကရုဏ်းကနေပြီးတော့ အကျိုးအမြတ်ရတယ် မထင်ပါဘူးဗျာ။ အခုတော့ ကျုပ်ဘဝကိုရှေ့ဆက်ဖို့ ကျုပ်ကိုယ်တိုင်တောင်ခက်ခဲနေပြီ*
>
> - အသက်၃၈နှစ်အရွယ် IDP စခန်းရှိ မွတ်စလင်တစ်ဦး

*ယုံကြည်မှုနည်းပါးလာပြီး ဆက်ဆံရေး ခက်ခဲလာခြင်း*

> *ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှု လုံးဝမရှိကြတော့ဘူး။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် စိမ်းကုန်ကြပြီ*
>
> - မန္တလေးမြို့နေ လူငယ်မြန်မာ မွတ်စလင်တစ်ဦး

အကြမ်းဖက်မှုများအပြီး အကြီးဆုံးဖြစ်သော စိန်ခေါ်မှုကြီးမှာ ဘာသာခြားသူအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေး ခက်ခဲလာခြင်းပင် ဖြစ်သည်။ လားရှိုးမြို့တွင် ဒေသခံများက မိတ်ဟောင်းဆွေဟောင်းများနှင့် စကားပြောဆိုဆက်ဆံရာတွင် ခက်ခဲကြောင်းကို ပြောပြလေသည်။ သက်ဆိုင်ရာအသိုင်းအဝိုင်းတို့မှ "ဘာပြောရမှန်း မသိအောင်" ဖြစ်ရပုံကို ပြောပြလေသည်။ ထို့နောက်ဘာသာခြားများနှင့်လည်း "ပြောမှားဆိုမှား" ရှိမည်စိုးသောကြောင့် ပြောဆိုဆက်ဆံရာတွင် နှောင့်နှေးလာကြသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်း ထိုအကြမ်းဖက်မှုများကြောင့် အရှက်ရပြီး ဖြစ်ပျက်ခဲ့ရသော ဖြစ်ရပ်များကြောင့် မွတ်စလင်မိတ်ဆွေများနှင့် စကားပြောရန် ခက်ခဲလျက်ရှိသည်။ နားလည်မှု အလွဲမခံလိုသည်ကတစ်ကြောင်း အကြမ်းဖက်မှုကို အားပေးသည် အထင်မခံလိုသည်က တစ်ကြောင်းကြောင့် ဖြစ်သည်။

အခြားသော တစ်ဖက်တွင်လည်း မွတ်စလင်တို့မှ ဗုဒ္ဓဘာသာဝင်တို့နှင့် ကင်းကွာသလို ဖြစ်သွားရပြီးယခင်က မိတ်ဟောင်းဆွေဟောင်း ဗုဒ္ဓဘာသာမိတ်ဆွေများနား မည်သို့ကပ်ရမှန်းပင် မသိဖြစ်နေသည်။ လားရှိုးမြို့ခံတစ်ယောက်က ပြောပြသည်မှာ "အဓိကရုဏ်းပြီး ကတည်းက ကျွန်တော်တို့ သိပ်ကိုစိမ်းကားသွားသလို ခံစားရတယ်" ဟုပြောပြလေသည်။ အချို့သော သူများကတော့ ရင်းနှီးမြဲ ဆက်လက်ရင်းနှီးလျက် ရှိသော်လည်း ဘာသာခြားများနှင့် မိတ်ဆွေသစ်ဖွဲ့ရန် များစွာ ခက်ခဲသွားလေသည်။

> *အဓိကရုဏ်းတွေ ဖြစ်ပြီးတဲ့နောက် တစ်ပတ်လုံးလုံး ကျွန်တော့်မွတ်စလင်သူငယ်ချင်း ကျောင်းကိုမလာဘူး။ သူပြန်လာတော့လည်း ကျွန်တော်တို့နည်းနည်းစိမ်းသွားသလိုပဲ။ သူ့ရှေ့မှာတော့ တစ်ခါမှအဓိကရုဏ်းအကြောင်းမပြောပါဘူး။ ကောင်းတာတစ်ခုကတော့ အဓိကရုဏ်းပြီးသွားပြီး နောက်ပိုင်းမှာ အသင်းအဖွဲ့တွေ များစွာ ပေါ်လာတာပဲ။ မွတ်စလင်လူငယ်တွေလည်း ကျွန်တော်တို့နဲ့ အတူတူလေ့ကျင့်ရေးသင်တန်းတွေ လိုက်တက်တယ်။ ကျွန်တော်တို့အလုပ်အတူတူ လုပ်ပေမယ့်လည်း စိမ်းကားသွားသလို ခံစားရတယ်။ ကျွန်တော်တို့ လေ့ကျင့်ရေး လုပ်နေချိန်မှာ စကားပြောဖြစ်ပေမယ့် ပြီးသွားတဲ့အချိန်မှာ ကျွန်တော်တို့ကြားမှာ ဘယ်လိုမှဆက်ဆံရေးမရှိဘူး*
>
> \- လားရှိုးမြို့နေ မွန်-မြန်မာဗုဒ္ဓဘာသာ ကျောင်းသားတစ်ဦး

ရွှေဘိုတွင် ၂၀၀၃ခုနှစ်က ဖြစ်ပွားခဲ့သော အဓိကရုဏ်းကြောင့် ဗုဒ္ဓဘာသာ-မွတ်စလင် ဆက်ဆံရေးကိုထိခိုက်ခဲ့ပြီး ယုံကြည်မှုလည်း လျော့ပါးခဲ့သည်။ လောလောလတ်လတ် ဖြစ်သွားသော အဓိကရုဏ်းကဘာသာရေးအုပ်စုများကို ခွဲခြားလိုက်ပြီး မယုံကြည်မှုကို ပိုမိုအားကောင်းသွားစေသည်။ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းမှ လူများကလည်း အကြမ်းဖက်မှုကို အရှက်ရသဖြင့် မွတ်စလင်မိတ်ဟောင်း ဆွေဟောင်းများကို အခေါ်အပြောလုပ်ရန် ခက်ခဲနေသကဲ့သို့ စစ်တွေတွင်လည်း မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်တို့ အကြား မယုံကြည်မှုများ မြင့်တက်နေမှုကြောင့် အကြမ်းဖက်မှု နောက်ထပ်အသစ်များ နားလည်မှုလွဲရာမှ အစပြုသော တင်းမာမှုများကြောင့် ဖြစ်မည်ကို သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှ စိတ်ပူနေကြသည်။

ယေဘူယျအားဖြင့် ပမာဏနည်းသော်လည်း အချို့သော အသိုင်းအဝိုင်းအတွင်းရှိ လူများကမူ အထက်ပါအဆိုကို လက်မခံဘဲ မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်တို့ အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲ ဆက်လက်နေထိုင် သွားနိုင်မည်ဟု ယုံကြည်ကြလေသည်။ ဥပမာတစ်ခုအားဖြင့် မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်တို့ အတူနေသော မိတ္ထီလာရှိ IDP စခန်းတစ်ခုတွင် မိတ္ထီလာမြို့ခံတစ်ဦးမှ ၎င်း၏ အမြင်ကို ဝေမျှသည်မှာ "စခန်းထဲမှာတော့ ဗုဒ္ဓဘာသာနဲ့ မွတ်စလင်တွေ ငြိမ်းငြိမ်းချမ်းချမ်းပါပဲ" ဟု ပြောလေသည်။ နောက်တစ်ယောက်ကလည်း ထိုအမြင်ကိုထောက်ခံကာ "အဲ့ဒီမှာ ကျွန်တော်တို့ဖို့ဆောက်ပေးထားတဲ့ အခန်းသုံးရာ့လေးဆယ်ရှိတယ်။ ဗုဒ္ဓဘာသာမိသားစု ကိုးဆယ့်ငါးစုနဲ့ မွတ်စလင်မိသားစု

နစ်ရာ့ငါးဆယ်ကျော်တို့ အရင်ကလိုပဲ ငြိမ်းငြိမ်းချမ်းချမ်း ယှဉ်တွဲနေနေကြတာပဲ” ဟုပြောလေသည်။

## ပေါင်းစည်းခြင်း၊ ကာကွယ်တားဆီးခြင်းနှင့် ရှေ့သို့ဆက်ခြင်း

> *ကျွန်တော် ငြိမ်းငြိမ်းချမ်းချမ်း နေချင်ပါတယ်။ ကျွန်တော်အဲ့လို (အကြမ်းဖက်မှု) မျိုးကို နောက်တစ်ခါထပ်မဖြစ်ရအောင် ရွာသားတွေနဲ့ ပူးပေါင်းပြီး ကာကွယ်ပါ့မယ်*
>
> \- ပဲခူးအနောက်ဘက်နေ မွတ်စလင် လယ်သမားတစ်ဦး

စစ်တွေဘက်တွင် သိပ်မတွေ့ရသော်လည်း ကျန်သောနယ်များအားလုံးတွင် အကြမ်းဖက်မှုများဖြစ်ပွားနေစဉ်အတွင်းတွင် အသိုင်းအဝိုင်းတစ်ဖက်နှင့်တစ်ဖက် ဘာသာခြားသော်လည်း အပြန်အလှန် ကူညီကြသည်ကို တွေ့ရသည်။ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းရော မွတ်စလင်အသိုင်းအဝိုင်းကပါ သနားကြင်နာကြောင်း ပြသခဲ့ပြီး ၎င်းတို့၏ အိမ်နီးချင်းများအား အန္တရာယ်ကို ရှောင်လွှားနိုင်ရန် အတူတကွ လုပ်ဆောင်နိုင်မည့် နည်းလမ်းအမျိုးမျိုးကို တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ ပဲခူးအနောက်ဘက်နေ ဒေသခံတစ်ဦးက ပြောသည်မှာ “စဉ်းစားကြည့်ဗျာ ဗုဒ္ဓဘာသာဝင်တစ်ချို့က (ဈေးဆိုင်နဲ့အိမ်တွေကို) ဖျက်ဆီးတဲ့အချိန်မှာ အခြားဗုဒ္ဓဘာသာတွေက မွတ်စလင်တွေကို ကူညီဖို့ကြိုးစားတယ်” ဟု ပြောသည်။ ဗုဒ္ဓဘာသာဝင်တို့ကလည်း သူတို့၏ မွတ်စလင်အိမ်နီးချင်းများနှင့် မိတ်ဆွေများကို သူတို့အိမ်များတွင် လာရောက်ပုန်းခိုစေခြင်း၊ အတူတကွ ချက်ပြုတ်စားသောက်ကျွေးမွေးခြင်းတို့ကို ပြုလုပ်ပေးကြသည်။ ပဲခူးအနောက်ဘက်နေ ဒေသခံတစ်ဦးက ပြောဆိုသည်မှာ သူတို့ရပ်ကွက်တွင် မွတ်စလင်အိမ်များကို ဖျက်စီးရန် လာသောင်းကျန်းသောမသမာသူတို့အား ထိုအရပ်တွင် နေထိုင်သော ဒေသခံဗုဒ္ဓဘာသာတို့က ဆန့်ကျင်တွန်းလှန်ကြသောကြောင့် သူ့ရပ်ကွက် မီးလောင်ပြာကျခြင်း မဖြစ်ဟုဆိုသည်။

မွတ်စလင်ဘက်မှရော ဗုဒ္ဓဘာသာဝင်တို့ဘက်မှပါ ရှင်းပြသည်က အဓိကရုဏ်း ဖြစ်နေစဉ်အတွင်းတွင်ပင် ၎င်းတို့၏ အိမ်နီးချင်းများနှင့် ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြသည်ဟုဆိုသည်။ မိတ္ထီလာမြို့နေတစ်ယောက်က ရှင်းပြသည်မှာ “ကျွန်တော်တို့မွတ်စလင်တွေရော ဗုဒ္ဓဘာသာတွေရော အကြမ်းဖက်မှုဖြစ်တော့ အကုန်ထွက်ပြေးရတာပဲ” ဟုပြောကာ မိတ္ထီလာမြို့နေ ဗုဒ္ဓဘာသာဝင်တစ်ဦးမှ ပြောသည်မှာ “အဓိကရုဏ်းဖြစ်တော့ ကျွန်တော်တို့

ထွက်ပြေးရာမှာ မွတ်စလင်တွေကိုပါ ကျွန်တော်တို့ ကားထဲထည့်ခေါ်သွားတယ်” ဟုပြောပြလေသည်။ မွတ်စလင် အမျိုးသမီး တစ်ယောက်ကမူ သူ၏ဗုဒ္ဓဘာသာသူငယ်ချင်း တစ်ယောက်က သူ့အား ဖုန်းဆက်ပြီး အဓိကရုဏ်း ဖြစ်နေကြောင်းပြောပြကာသူ့ကို အန္တရာယ်ဘေးမှ ရှောင်ရှားနိုင်ရန် သတိပေးခဲ့သည်ဟု ဆိုသည်။

ဗုဒ္ဓဘာသာဝင် ဘုန်းကြီးများကလည်း မွတ်စလင်ဒုက္ခသည်များကို ဘုန်းကြီးကျောင်းနှင့် စေတီဝင်းများအတွင်း နေထိုင်စရာများ ပေးကာ ကူညီကြသည်ဟု ဆိုသည်။ မိတ္ထီလာမြို့နေ မွတ်စလင်အမျိုးသမီးတစ်ဦးမှ ပြောသည်မှာ “အခုအချိန်ထိ ကျွန်မတို့ကို ဘုန်းကြီး တစ်ပါးက သူ့ကျောင်းဝင်းထဲမှာ ပေးနေတယ်” ဟုပြောလေသည်။ အချို့သော ဖြစ်ရပ်များနှင့် အကြမ်းဖက်မှုကို တားဆီးရာနှင့် မသမာသူတို့ကို လူစုခွဲရာတွင် ရဟန်းများနှင့် မွတ်စလင် အသိုင်းအဝိုင်းမှ ခေါင်းဆောင်များလည်း ပါဝင်ခဲ့သည်။

> *ကျွန်မကို လူတစ်စုက ဗမာလားကုလားလား မေးတယ်။ ဒါပေမယ့် ကျွန်မအ ရမ်းကြောက်နေလို့ပြန်မဖြေနိုင်ခဲ့ဘူး။ ယာဉ်မောင်း(ဗုဒ္ဓဘာသာ)က ကျွန်မကို ကူညီပြီးတော့ ကျွန်မက ဗုဒ္ဓဘာသာပါလို့ ဖြေပေးလိုက်တယ်။ အဲ့ဒီကျမှ ကျွန်မတို့သွား (ဖြတ်သန်း) ခွင့်ရတယ်။ သူကကျွန်မတို့ကိုမွတ်စလင်တွေ အများကြီး ဒုက္ခသည်အဖြစ်နေနေရတဲ့ ဘုန်းကြီးကျောင်းကို ခေါ်သွားတယ်။*
> - အသက် ၄၅ နှစ်အရွယ်ရှိ မိတ္ထီလာမြို့နေ မွတ်စလင် အမျိုးသမီးတစ်ဦး

အဓိကရုဏ်းကြောင့် ထိခိုက်ခဲ့ရသော မွတ်စလင်တို့ကို ဗုဒ္ဓဘာသာတို့ဘက်မှ ဒေါသရော ဂရုဏာ အမူအရာများပါ ပြသခဲ့သည်။ မိတ္ထီလာမြို့နေသူတစ်ယောက်က ပြောပြသည်မှာ “ကျွန်တော့် သူငယ်ချင်းတွေ အများကြီး အခုဒုက္ခသည်စခန်း ရောက်နေတာ စိတ်မ ကောင်းပါဘူး” ဟု ပြောပြလေသည်။ “အရမ်းစိတ်ကောင်းရှိ ဖော်ရွေတဲ့ မွတ်စလင် မိသားစုတစ်စုနဲ့ သိတယ်။ အရမ်းလည်း ကူညီပေးတတ်တာ သူ့သားနှစ်ယောက် အသတ်ခံလိုက်ရတယ်၊ မဖြစ်သင့်ဘဲ ဖြစ်ရတာ” ဟု ပြောပြသည်။

## *ယခင်က ညီညွတ်ခြင်းနှင့် စည်းလုံးခြင်းများ*

*ဟိုအရင်တုံးကတည်းက နှစ်ဖက်ဘာသာဝင် တွေစည်းလုံးကြပါတယ်။ ဘာသာခြားမိတ်ဆွေတွေ အချင်းချင်းရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံနေတဲ့ လူတွေလည်းသိပါတယ်*

- သက်ကြီးပိုင်းအရွယ် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရခိုင်ဗုဒ္ဓဘာသာ ရဟန်းတစ်ပါး

ကျန်နေရာများတွင်လည်း သက်ဆိုင်ရာ အသိုင်းအဝိုင်းပေါင်းစုံတို့မှ လူတို့က ပြောသည်မှာ သူတို့လည်း ဘာသာပေါင်းစုံပင် ချစ်ခင်ညီညွတ်စွာ နေထိုင်ခဲ့ကြပြီး ထိုစည်းလုံးချစ်ခင်မှုကို လည်း လှုပ်ရှားမှုများ အတူတကွ ယှဉ်တွဲလုပ်ကာ ပျိုးထောင်ခဲ့ကြပြီး နားလည်မှုနှင့် လက်ခံနိုင်စွမ်းကို မြှင့်တက်စေသည်။ မိတ္ထီလာမြို့ခံတစ်ယောက်ကပြောသည်မှာ "အရင်တုန်းကဆို ကျွန်တော်တို့ ရပ်ကွက်ထဲမှာ လူတွေအကုန်လုံး ချစ်ချစ်ခင်ခင်နေကြ တယ်။ ရပ်ကွက်ထဲမှာဆိုလည်း ဘာသာပေါင်းစုံကလူတွေ ယှဉ်တွဲနေကြပြီး အားလုံးကြ ငြိမ်းငြိမ်းချမ်းချမ်းပဲ" ဟုပြောလေသည်။ မန္တလေးမြို့ခံတစ်ယောက်က ပြောပြသည်မှာ "ကျွန်တော်တို့ ငြိမ်းချမ်းစွာယှဉ်တွဲနေလာတာ နှစ်ရာနဲ့ချီနေပါပြီဗျာ။ ဘာမှ ပြဿနာကြီး ကြီးမားမားမဖြစ်ဖူးပါဘူး" ဟုပြောလေသည်။

*အဓိကရုဏ်း မဖြစ်ခင်က ကျုပ်တို့တွေ တစ်ဝင်းတည်း၊ တစ်မိုးအောက်တည်း နေလာကြတာ။တစ်စားပွဲတည်းလည်း ထိုင်ပြီး စကားစမြည်တွေ ပြောခဲ့ကြ တယ်။*

- မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ဦး

အသိုင်းအဝိုင်းရှိ လူတို့က ပြောသည်မှာ ဗုဒ္ဓဘာသာဝင်တို့နှင့် မွတ်စလင်တို့သည် တစ်ဦးနှင့် တစ်ဦး အိမ်နီးချင်းကောင်းများ အနေနှင့် ယှဉ်တွဲနေခဲ့ကြောင်း ပြောလေသည်။ သူတို့ဘာ က်မှလည်း မကြာခဏပင် ဘာသာပေါင်းစုံ ရင်းနှီးမှုများကို ပြသပြီး မွတ်စလင် အသိုင်း အဝိုင်းနှင့် ဗုဒ္ဓဘာသာရဟန်းတို့ကြား နေရာအများအပြားတွင် ချစ်ခင်စွာ နေထိုင်မှုများကို ပြသခဲ့သည်။ မိတ္ထီလာမြို့နေသူ တစ်ယောက်က ပြောသည်မှာ "ဒါတွေမဖြစ်ခင်က

အားလုံး အေးအေးဆေးဆေးပဲ၊ ကျွန်တော့် သူငယ်ချင်းတွေမှာ ဘာသာပေါင်းစုံကလူ တွေရှိတယ်။ အားလုံးပျော်ပျော်ရွှင်ရွှင်ပဲ” ဟုပြောလေသည်။

မွတ်စလင် အသိုင်းအဝိုင်းဘက်မှ လူအများကလည်း ပြောသည်မှာ သူတို့ဘက်မှလည်း ဗုဒ္ဓဘာသာဝင်ရဟန်းများကို ဆွမ်းလောင်းလှူခြင်း ဗုဒ္ဓဘာသာ ဘာသာရေးအခန်း အနားများတွင် ပါဝင်ခြင်းတို့ပြုလုပ်ကြကြောင်း ပြောလေသည်။ မွတ်စလင်အသိုင်းအဝိုင်းရှိ လူများကလည်း ပြောပြသည်မှာ ၎င်းတို့အသိုင်းအဝိုင်းနှင့် ရဟန်းတော်များ ချစ်ခင်ညီညွ တ်စွာ နေခဲ့ကြကြောင်း ပြောပြလေသည်။ ပဲခူးတိုင်းအနောက်ဘက်မှ လူတစ်ယောက်က ပြောသည်မှာ “ကျွန်တော့်မိန်းမဆို ဘာသာခြားပေမယ့် နေ့တိုင်း ရဟန်းနဲ့ သီလရှင်တွေကို ဆွမ်းလောင်းတယ်” ဟုပြောလေသည်။

ထိုနည်းတူပင် မန္တလေးမြို့နေ တစ်ယောက်က ပြောသည်မှာ “ကျွန်တော်တို့အိမ်နား မှာလည်း မွတ်စလင်တွေရှိတယ်။ ကျွန်တော်တို့ ရင်းနီးပေမယ့်လည်း (အဓိကရုဏ်း ဖြစ်နေဆဲ ကာလမှာ) မလုံခြုံသလို ခံစားရတယ်။ အစကဆို အေးအေးဆေးဆေးပါပဲ၊ ဘာသာရေး နေ့ထူးနေ့မြတ်တွေမှာဆို အစားအသောက်တွေလည်း အပြန်အလှန်ပို့ကြ တယ်။ ကျွန်တော်တို့ အိမ်နီးချင်းကောင်းတွေအဖြစ် နေလာတာပါ။ ကျွန်တော်ကတော့ ဒီအဓိကရုဏ်းကြောင့် ကျွန်တော်တို့အရင်က ရှိခဲ့တဲ့ ဆက်ဆံရေး ပြောင်းလဲမသွားနိုင်ဘူးလို့ ထင်ပါတယ်”

> *မွတ်စလင်တွေကလည်း (ဘုန်းကြီးကျောင်းတွေကို) လှူကြပါတယ်။ အဲ့ဒါလေး လူသိပြီးတော့ အကုန်လုံးကို တန်းတူဆက်ဆံရင် ကောင်းမယ်*
>
> - ပဲခူးအနောက်ဘက်ရှိ သက်လတ်ပိုင်း အိန္ဒိယနွယ်ဖွား ခရစ်ယာန်အမျိုးသမီးတစ်ဦး

သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူများကလည်း အခြားဘာသာဝင်များကို မုန်းတီးခြင်း မရှိသကဲ့သို့ အခြားသော ဘာသာရေးများကိုလည်း စော်ကားလိုခြင်း မရှိကြချေ။ ပဲခူး အနောက်ဘက်တွင် နေထိုင်သူတစ်ဦးက ပြောသည်မှာ နေပူပြင်းသောအခါ အရိပ် ကောင်းသော ဗလီများအတွင်းသို့ ဗုဒ္ဓဘာသာရဟန်းတို့ကလည်း ဝင်ရောက် ခိုနား

လေ့ရှိကြောင်း ပြောပြလေသည်။ မွတ်စလင် များကလည်း စေတီဝင်များအတွင်းသို့ဝင်ကာ ရဟန်းများနှင့် စကားစမြည် ပြောဆိုလေ့ရှိသည်။

ရွှေဘိုခရိုင်တွင် ဗုဒ္ဓဘာသာဝင်တို့နှင့် မွတ်စလင်တို့၏ စည်းလုံးမှုသည် အဓိကရုဏ်းကို မဖြစ်အောင် တားဆီးလိုက်နိုင်သော အချက်တစ်ချက် ဖြစ်ပုံရသည်။ လားရှိုးမြို့တွင် ဒေသခံတစ်ယောက်က ပြောပြသည်မှာ ဘုန်းတော်ကြီးကျောင်းမှ ကလေးများကို မည်သည့်ဘာသာဝင်ကိုမဆို ပညာအခမဲ့ သင်ကြားပေးကြောင်း ပြောကြားလေသည်။

*ကျုပ်တို့အစောကတည်းက ညီညီညွတ်ညွတ် နေလာကြတာပါ။ ကျုပ်တို့ သာရေးနာရေးရှိလည်း အချင်းချင်းကူညီကြတယ်။ ဘာသာခြားပေမယ့် အကုန်လုံးက ဆွေမျိုးတွေလိုပါပဲ*

- မိတ္ထီလာမြို့ရှိ အသက်၅၃နှစ်အရွယ် မွတ်စလင်ဈေးသည်တစ်ဦး

အသိုင်းအဝိုင်းအတွင်း ဘာသာပေါင်းစုံ ချစ်ခင်ညီညွတ်စွာ နေထိုင်ခဲ့ကြသော ဇာတ်လမ်းဖြစ်စဉ်များများစွာရှိသည်။ ရွှေဘိုခရိုင်နေ ဒေသခံတစ်ဦးက ပြောကြားသည်မှာ မွတ်စလင်နှင့်ဗုဒ္ဓဘာသာတို့လူမှုရေးနှင့် ဘာသာရေးပွဲများ မင်္ဂလာဆောင်များနှင့် အလှူများသို့ ခွဲခြားမှုမရှိဘဲ တက်ရောက် ခဲ့ကြသည်။ သူကထပ်ပြောပြသည်မှာလည်း ယခင်က ဈေးကွက်အတွင်းတွင် ဘာသာရေး ခွဲခြားမှုမရှိခဲ့ ဟုဆိုသည်။ လူအများကလည်း ဘာသာခြားများနှင့် အရောင်းအဝယ် လုပ်နိုင်သည်ဟုဆိုသည်။ ပဲခူးအနောက်ဘက်ရှိ မြို့ခံတစ်ယောက်က ပြောပြသည်မှာ ဇလီရွာ့တွင် ရောင်းသော ကွမ်းယာသည်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဇလီထဲရှိ သန့်ရှင်းရေးသမားမှာမှာလည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်ဟုခေါ်သည်။ အမုန်းပွားခြင်း ပုတ်ခတ်ခြင်းများ အရှင်းမရှိကြဘဲ နှစ်ဖက် ညီညီညွတ်ညွတ် နေထိုင်ကြလေသည်။ အသိုင်းအဝိုင်းအတွင်းမှ လူတစ်ယောက်ကပင် "လူကိုလူလိုဆက်ဆံရန်" လိုအပ်ကြောင်း ၎င်းတို့ကိုးကွယ်သော ဘာသာနှင့် အသိုင်းအဝိုင်းကို ကြည့်ပြီး မဆက်ဆံသင့်ကြောင်း ပြောလေသည်။ မန္တလေးမြို့ခံတစ်ယောက် ကပြောသည်မှာ ရဟန်းများ၊ ဗုဒ္ဓဘာသာဝင်သီလရှင်များ၊ မွတ်စလင်များ၊ တရုတ်များ၊ ဗမာများအားလုံး သူ၏ဆိုင်တွင် အားပေးကြကြောင်း ပြောလေသည်။

လူအချို့ကမူ စည်းလုံးခြင်းနှင့် အသိုင်းအဝိုင်းတွင် ညီညွတ်ခြင်းတို့ ရှိနေသေးသည်ဟု မှတ်ယူထားသော်လည်း အသိုင်းအဝိုင်းအတွင်းရှိ လူအများစုမှာမူ အဓိကရုဏ်းကြောင့် ချစ်ခင်မှု ပျက်ပြားသွားပြီဟု ယူဆနေကြလေသည်။ ပြောကြားသူ အများစုကမူ ငြိမ်းငြိမ်း ချမ်းချမ်း ပြန်နေလိုကြောင်းကို အတိုင်းထက်အလွန်ပင် ပြောပြလေသည်။ မိတ္ထီလာမြို့ခံတစ်ယောက်က ပြောသည်မှာ "ဒီမှာ ဘာသာမတူတဲ့သူတွေ အများကြီးရှိတယ်။ အဓိကရုဏ်း မဖြစ်မီကတော့ အားလုံးအဆင်ပြေတယ်။ တစ်ယောက်ကိုတစ်ယောက်လည်းကူညီကြတယ်။ အဓိကရုဏ်းလည်း ဖြစ်ပြီးရော မိသားစုတွေက တစ်အိမ်နဲ့တစ်အိမ်တောင် သွားမလည်တော့ဘူး"ဟု ပြောပြလေသည်။ စစ်တွေတွင် နေထိုင်သူတစ်ဦးကပြောသည်မှာ "အရင်တုန်းကတော့ တည့်ကြပါတယ်။ ဒါပေမယ့် ခုလိုမျိုး အဓိကရုဏ်းဖြစ်ပြီးနောက်မှာ ပြန်စည်းလုံးဖို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူး" ဟု ပြောပြလေသည်။ ပဲခူးအနောက်ဘက်တွင် နေထိုင်သူတစ်ဦးမှ လေးလေးနက်နက် ပြောဆိုသည်မှာ "ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်း အန္တရာယ်ကင်းတဲ့ ပတ်ဝန်းကျင်မှာဟို အရင်ကလို ပြန်နေချင်တယ်"ဟု ပြောပြလေသည်။

### *အကြမ်းဖက်မှုများ ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်မိခဲ့ကြပါ*

> *(ကျွန်မ) လားရှိုးမှာ ခုလိုဖြစ်လာလိမ့်မယ်လို့ တကယ်မထင်ခဲ့မိဘူး။ လားရှိုးမှာက ဘာသာပေါင်းစုံအကုန်ငြိမ်းငြိမ်းချမ်းချမ်း နေကြတာ။ ကျွန်မတို့တွေ အကုန်လုံး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နေ(ခဲ့)တာ။ ခုလိုဖြစ်ရတာ သွေးခွဲလို့ဆော် ခံရလို့ပါ*
>
> - ၅၄နှစ်အရွယ်ရှိ မွတ်စလင် အမျိုးသမီး ဈေးဆိုင်ပိုင်ရှင်တစ်ဦး

လူအများစုမှာ ယခင်က ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ယှဉ်တွဲနေခဲ့ကြသော သမိုင်းရှိပါလျက် အဓိကရုဏ်းဖြစ်သောအခါ ထိတ်လန့်သွားကြသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှလည်း အကြမ်းဖက်မှုသည် ၎င်းတို့၏ စည်းလုံးညီညွတ်စွာနေသော ခံယူချက်နှင့် နေထိုင်ပုံတို့ရှိပါလျက် မဖြစ်သင့်ပဲ ဖြစ်ရသည်ဟု ခံစားရသည်။ မိတ္ထီလာမြို့တွင် နေထိုင်သူတစ်ဦးက ပြောသည်မှာ "ဒီလိုမျိုး ဖြစ်လာလိမ့်မယ်လို့ ထင်ကိုထင်မထားဘူး။ ကျွန်တော့်ယောက္ခမကြီးရော ကျွန်တော့်ဇနီးရော ဗုဒ္ဓဘာသာတွေ။ အကုန်လုံး မတူကွဲပြားလည်း ညီညီညွတ်ညွတ် နေထိုင်လုပ်ကိုင်လာတာ။ ဒီလိုအဓိကရုဏ်းကြီးက အဓိပ္ပာယ်ကို

မရှိဘူး”ဟုပြောလေသည်။ နောက်ထပ်ဒေသခံတစ်ဦးက စိတ်ပျက်လက်ပျက် ပြောဆိုသည်မှာ “အခုဖြစ်သွားတဲ့ အဓိကရုဏ်းကြီးက မဖြစ်သင့်ဘဲ ဖြစ်ရတာပါဗျာ။ အရင်တုန်းက ကျုပ်တို့တွေ ညီအစ်ကိုတွေလို နေလာတာပါ”ဟု ပြောလေသည်။ လားရှိုးမြို့တွင် နေထိုင်သူတစ်ယောက်က ထပ်ပေါင်းပြောဆိုသည်မှာ “ဒီလိုမျိုး အဓိကရုဏ်းမျိုး တစ်ခါမှမဖြစ်ဖူးပါဘူး။ ဒီလိုမျိုးဖြစ်သွားတာ ယုံတောင်မယုံနိုင်ဘူး”ဟု ပြောလေသည်။

ပြောကြားသူများအနေနှင့်လည်း အချို့သော အသိုင်းအဝိုင်းရှိလူများ အကြမ်းဖက်မှုများ အတွင်း ပါဝင်ခဲ့ကြောင်း ပစ္စည်းများကို ဖျက်ဆီးကာ အခြားအသိုင်းအဝိုင်းရှိ လူများကို တိုက်နေသည်ကို တွေ့ခဲ့ရသည်။ ပြောကြားသူများကလည်း ထပ်မံရိပ်မိသည်မှာ ထိုအသိုင်းအဝိုင်းမှ လူများသည် အကြမ်းဖက်မှုကို လှုံ့ဆော်သူများလည်း မဟုတ်သကဲ့သို့ အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သူ လူအများစုမှာ အသိုင်းအဝိုင်းအပြင်ဘက်မှလူများဖြစ်ကြ သည်ကိုသတိထားမိကြသည်။

အချို့သော နေရာများတွင် ရှေ့ယခင်က ဖြစ်ခဲ့ဖူးသော အဓိကရုဏ်းများ အကြောင်းကို ပြောပြကြလေသည်။ သို့ရာတွင် ပြောကြားသူတို့က ပြောသည်မှာ အကြမ်းဖက်မှု နှုန်းကတော့ ရှေ့ယခင်ကနှင့် မတူဟုဆိုသည်။စစ်တွေမြို့ခံတစ်ယောက်က ပြောသည်မှာ “စစ်တွေမှာ အဲ့လိုဖြစ်ရပ်မျိုး အရင်ကလည်းဖြစ်ဖူးပါတယ်။ ဒါပေမယ့်ဒီလောက်ကြီး မဖြစ်ဖူးဘူး”ဟု ပြောလေသည်။

### *တရားဥပဒေစည်းကမ်း လိုအပ်သည်*

> *တရားဥပဒေပြဋ္ဌာန်းထားပြီး လူတွေကလည်းဥပဒေအတိုင်းလိုက်နာမယ်ဆိုရင် အဲ့လိုဖြစ်မှာ မဟုတ်ဘူးအခုလိုဖြစ်သွားတာဟာ တော်တော်ကို ဖရိုဖရဲနဲ့ ဥပဒေဘောင်အပြင်မှာ ဖြစ်သွားတာ*
>
> - မန္တလေးမြို့ရှိ အသက်၅၀အရွယ် မွတ်စလင်အမျိုးသား အင်္ဂလိပ်ကျောင်းဆရာတစ်ဦး

အရေးအခင်းဖြစ်ပေါ်နေချိန်အတွင်းတွင် တရားဥပဒေစည်းမျဉ်းများ လုံးဝ ရပ်ဆိုင်းသွား လေသည်။အချို့ပြောကြားသူများက ထိုအခြေအနေကို “လုံးလုံး မင်းမဲ့တိုင်းပြည်”

ဖြစ်သွားသကဲ့သို့ လည်းကောင်း"ဥပဒေမရှိသော နိုင်ငံ" နှင့်လည်းကောင်း နှိုင်းယှဉ်ကာ ပြောခဲ့လေသည်။

အသိုင်းအဝိုင်းတို့ဘက်မှလည်း လက်သည်များကို ဖမ်းဆီးချုပ်နှောင်ခြင်းမပြုလုပ်သော တာဝန်ရှိသူများကို မကျေနပ်ကြောင်း ပြောဆိုခဲ့သည်။ သူတို့ဘက်မှလည်း ရာဇဝတ်မှုကျူး လွန်သော သူများကို တရားဥပဒေဘောင်အတွင်းမှ အပြစ်ပေးရန် တောင်းဆိုခဲ့သည်။ မန္တလေးမြို့ခံတစ်ယောက် ကပြောသည်မှာ "သူတို့ကပြဿနာကို ဥပဒေဘောင်အတွင်း ကနေ (အသုံးချပြီး) ဖြေရှင်းဖို့မကြိုးစားပဲ ဘာသာရေးနဲ့နွယ်ပြီးတော့ ပဋိပက္ခဖြစ်အောင် လုပ်ဖို့ကြိုးစားတယ်" ဟုဖြစ်သည်။ နောက်တစ်ယောက်ကလည်း လိုအပ်ချက်ကို ထောက်ပြရာတွင် "ဟိုဝေ့ဒီဝိုက် လုပ်မနေဘဲ အပြစ်ရှိတဲ့သူကို အပြစ်ပေးနိုင်အောင်ပဲလုပ်ပါ၊ ကျုပ်တို့ထဲက လူလုပ်တာဆိုရင် ကျုပ်တို့ကိုပြော၊ ကျုပ်တို့သူ့ကိုဖမ်းပြီးအပ်မယ်" ဟု ပြောသည်။ရွှေဘိုမြို့တွင် နေထိုင်သူတစ်ဦးက ပြောပြသည်မှာ "ရဲစခန်းတွေမှာ မုဒိန်း မှုတွေခဏခဏတိုင်တယ်။ မုဒိန်းမှုတွေကို တရားဥပဒေနဲ့ ထိထိရောက်ရောက် အရေး ယူသင့်တယ်။ ပြီးရင် ဥပဒေဘောင်ထဲကနေ တရားခံကို အရေးယူရမယ်။ အဲ့ဒါဟာ ဘာသာရေးနဲ့ ဘာမှမဆိုင်ဘူး။ ပြစ်မှုကျူးလွန်သူ မှန်သမျှ ဗုဒ္ဓဘာသာဝင်ဖြစ်ဖြစ် မွတ်စလင်ဖြစ်ဖြစ် တရားဥပဒေနဲ့အညီ အရေးယူရမယ်" ဟု ပြောပြခဲ့လေသည်။

အသိုင်းအဝိုင်းအတွင်းရှိ လူတို့မှလည်း ရှင်းပြသည်မှာ တရားဥပဒေဆိုင်ရာ တာဝန်ရှိ သူများကရာဇဝတ်သားများကို ပြုရိုးပြုစဉ် အရေးမယူသောကြောင့် အချို့သော အုပ်စုများကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေရှင်းခြင်းမျိုး ပြုလာစေသည်ဟုဆိုသည်။ ရလဒ်အနေဖြင့် ပဋိပက္ခများနှင့် ဖျက်ဆီးမှုများတွင် အကြမ်းဖက်မှုများ ပိုမိုများလာခြင်းဖြစ်သည်။ အသိုင်း အဝိုင်းအတွင်းရှိ လူတစ်ယောက်က ပြောဆိုသည်မှာ "ကျုပ်ဒုက္ခသည် စခန်းရောက်တော့ ဆူပူမှုမှာ ဘယ်သူတွေပါတယ် ဆိုတာကို အထက်အရာရှိတွေလာပြီးတော့ မေးမြန်းသွား ကြတယ်။ ဒါပေမယ့် ခုချိန်ထိ ဘယ်လိုနည်းနဲ့မှ အရေးမယူသေးဘူး"ဟုပြောပြလေသည်။

ရွှေဘိုခရိုင်တွင်မူ ဒေသတွင်းရှိ ဘာသာရေးခေါင်းဆောင်များက ညှိနှိုင်းဖြေရှင်းပေးသော သူများအဖြစ်တာဝန်ထမ်းဆောင်ပြီး ၎င်းတို့ဘာသာဝင်များမှ ရာဇဝတ်မှုကျူးလွန်သူများကို တရားဥပဒေနင့်နှင့်အညီ အရေးယူခြင်းတို့ကို ပြုလုပ်ပေးလေသည်။ ထိုနည်းသည် ထိုနေရာများတွင် အဓိကရုဏ်းများကို တားဆီးရန် အင်မတန်မှ အသုံးတည့်သော နည်းဖြစ်သည် (စာမျက်နှာ၅၉တွင် အကျယ် ရှင်းပြထားပါသည်)

အသိုင်းအဝိုင်းအတွင်းရှိ လူများကလည်း အကြမ်းဖက်မှုများ အဆင့်မြင့်တက်မလာစေရန်အတွက် တရားဥပဒေကို အသုံးချရန် လိုအပ်ကြောင်း ပြောပြလေသည်။ မန္တလေးအသိုင်းအဝိုင်းရှိ ရှေ့နေတစ်ယောက်က ပြောသည်မှာ "တစ်ခုခုဖြစ်လို့ရှိရင် ကျုပ်တို့ ကိုယ့်သဘောနဲ့ကိုယ် မလုပ်ဘဲ တရားခံကို ရဲလက်အပ်တာ အကောင်းဆုံးပါပဲ" ဟု ပြောလေသည်။

*စည်းလုံးခြင်းနှင့် အပြန်အလှန်နားလည်မှုကို ပြန်လည်တည်ဆောက်ခြင်း*

ပြောကြားသူများကလည်း အသိုင်းအဝိုင်းများအတွင်း စည်းလုံးမှုနှင့် ညီညွတ်မှုကို ပြန်လည်တည်ဆောက်ရန် အရေးကြီးပုံကို ပြောပြလေသည်။ မန္တလေးရှိ အသိုင်းအဝိုင်းများမှ လူများက ခံစားရသည်မှာ "ဘာသာများအချင်းချင်း တစ်ခုကိုတစ်ခု စည်းလုံးမှု အားနည်းခြင်းကြောင့် ဖြစ်ပြီး ပိုမိုစည်းလုံးသော လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်ပါက ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါလိမ့်မယ်။ အဲ့ဒါကြောင့် ရှိသမျှ တွေ့ဆုံဆွေးနွေးပွဲတွေနဲ့ ဘာသာအားလုံးကို ရည်ရွယ်တဲ့ ဆုတောင်းဝတ်ပြုပွဲတွေကို တက်တက်ကြွကြွ ပါဝင်ခြင်း ဖြစ်ပါတယ်" ဟု ပြောပြကြလေသည်။

မိတ္ထီလာရှိ အသိုင်းအဝိုင်းမှ လူတို့ကလည်း ထိုကဲ့သို့သော အကြမ်းဖက်မှုကို ထပ်မံမကြုံတွေ့လိုတော့သောကြောင့် ထိုကဲ့သို့သော ပြောကြားချက်မျိုးကိုပင် ပြောကြားလေသည်။ သူတို့ကပြောသည်မှာ "ချမ်းသာဖို့မလိုပါဘူး၊ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ လေးလေးစားစားနဲ့ ဆက်ဆံဖို့ပဲလိုပါတယ်" ဟုပြောလေသည်။အများစုကခံစားရသည်မှာ "လူတွေသာစည်းလုံးရင် ဘယ်သူကမှသူတို့ကို သွေးခွဲပြီးမဖြိုခွဲနိုင်တော့ဘူး" ဟု ပြောလေသည်။

*ဘာသာပေါင်းစုံ ခေါင်းဆောင်များနှင့် သက်ကြီးဝါကြီးများ၏ ကာကွယ်တားဆီးရေးတွင်အရေးပါပုံ*

> *သက်ကြီးပိုင်းတွေက တစ်ယောက်ကိုတစ်ယောက် နားလည်ကြပါတယ်*
>
> - အသက်၄၀အရွယ်ရှိ ဗမာလူမျိုး အမျိုးသားကုန်သည်တစ်ဦး

သက်ဆိုင်ရာ အသိုင်းအဝိုင်းရှိ လူများကလည်း အဓိကရဏ်းကို တားဆီးရန်အတွက် ဘာသာပေါင်းစုံမှဘာသာရေးခေါင်းဆောင်တို့မှ ကာကွယ်တားဆီးနိုင်သော အခန်းကဏ္ဍကို ပြောပြလေသည်။သူတို့ဘက်မှလည်း "မတူညီတဲ့ဘာသာပေါင်းစုံတွေဖြစ်တဲ့ ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ဟိန္ဒူ၊ ခရစ်ယာန်ဘက်က ဘာသာရေးခေါင်းဆောင်တွေနဲ့ သက်ကြီးဝါကြီးပိုင်းတွေ ပုံမှန်တွေ့ဆုံပြီး ရင်းနှီးမှုကို တည်ဆောက်သင့်တယ်" ဟုလို အပ်ချက်ကို ထောက်ပြလေသည်။

သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှ ခံစားရသည်မှာလည်း ဘာသာပေါင်းစုံ ခေါင်းဆောင်တို့နှင့် သက်ကြီးပိုင်းပုဂ္ဂိုလ်တို့က အတိတ်က ညီညီညွတ်ညွတ် နေထိုင်ခဲ့သော ဖြစ်ရပ်များကို မီးမောင်းထိုးပြလျက် လူတို့အားယှဉ်တွဲနေထိုင်နိုင်ရေးနှင့် ငြိမ်းချမ်းရေး တို့အတွက် သင်ကြားပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ခံစားရလေသည်။ မွတ်စလင် လူငယ်တစ်ယောက်က ပြောသည်မှာ "ကျွန်တော် စိတ်အရမ်း ဆိုးပြီးတော့ လက်စား ပြန်ချေချင်ပေမယ့်လည်း လူကြီးတွေ တားထားတာကြောင့် ကျွန်တော့် ဒေါသကို ထိန်းလိုက်တာ။ လူကြီးတွေက ကျွန်တော့်ကို ဒီလိုလုပ်ရပ်တွေက မသမာသူတွေ လုပ်တာမို့လို့ ပြန်မတုံ့ပြန်နဲ့လို့ မှာထားလို့ပါ"ဟု ပြောပြလေသည်။ ပဲခူးအနောက်ဘက်တွင် နေထိုင်သူတစ်ယောက်က ပြောသည်မှာ "ဗုဒ္ဓဘာသာရဟန်းတွေ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်တွေ၊ ခရစ်ယာန် ဘုန်းတော်ကြီးတွေ၊ ဟိန္ဒူဘာသာ ရေးခေါင်းဆောင်တွေလည်းအသိုင်းအဝိုင်းတွေမှာညီညွတ်မှုအားပေးရာရောက်အောင်လို့ ဆုတောင်းဝတ်ပြုပွဲတွေမှာ တန်းတူရှိသင့်တယ်" ဟု ပြောပြလေသည်။ ထိုမှသာလျှင် နှစ်ဖက်အသိုင်းအဝိုင်းလုံးကို ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ရန် တစ်ဦးကိုတစ်ဦး နားလည်နိုင်ရန် ပြောခြင်းဖြစ်သည်။

ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့များနှင့် မန္တလေးရှိ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး အဖွဲ့ကဲ့သို့သော အဖွဲ့များသည် ဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ကာ ငြိမ်းချမ်း ရေးကို ထိန်းသိမ်းရန်အတွက် ဆွေးနွေးကြလေသည်။ သူတို့က လူများကို အများနှင့် ကွဲပြားခြားနားအောင် မဝတ်ဆင်ရန်နှင့် အသိုင်းအဝိုင်းနှင့် လူမှုဝန်ထမ်းကိစ္စများတွင် ပါဝင်ရန် ပြောလေသည်။

*ဘာသာပေါင်းစုံနှင့် ငြိမ်းချမ်းရေးကို ရှေးရှုသော ပညာပေးချက်များ*

> *ကျုပ်တို့ကလေးတွေကို ငြိမ်းငြိမ်းချမ်းချမ်း နေတတ်အောင်နဲ့ ဘာသာတရားတွေကို လေးစားတတ်အောင်သင်ပေးရမယ်*
>
> - အသက်၅၃နှစ်အရွယ်ရှိ မိတ္ထီလာရှိ မွတ်စလင်ဈေးသည်တစ်ဦး

အသိုင်းအဝိုင်းတို့မှ ကလေးသူငယ်များနှင့် ဘာသာပေါင်းစုံ အသိပညာပေးရေး တို့အတွက် ပညာရေးမှာ အထူးလိုအပ်ကြောင်း ပြောပြလေသည်။ မန္တလေးမြို့နေ တစ်ယောက်က ပြောသည်မှာ "ဘာသာတရားတွေရဲ့ အနှစ်သာရတွေ အကြောင်းကို ကလေးတွေရဲ့ အခြေခံပညာအဆင့် သင်ရိုးထဲမှာကို ထည့်သင်ပေးထားရမယ်" ဟု ပြောလေသည်။ နောက်တစ်ယောက်က ပြောသည်မှာ "အခုမျိုးဆက်အနေနဲ့တော့ ငြိမ်းငြိမ်းချမ်းချမ်းနေဖို့ မဖြစ်နိုင်တော့ပေမယ့် ကျွန်တော်တို့ နောက်မျိုးဆက်တွေအတွက် ကြိုးစားကြည့်ရမယ်" ဟု ပြောလေသည်။ ဘာသာပေါင်းစုံ အသိပညာအတွက် ကဗျာနှင့် အနုပညာတို့မှတစ်ဆင့် ပညာပေးခြင်းကိုလည်းအကြံပြုလေသည်။

## အမိကရုဏ်း အတွင်းမှ ကိုယ်တွေ့ဖြစ်ရပ်များ

*နားဆင်သူတို့ဘက်မှလည်း ထိဇာတ်လမ်းများနှင့် ထင်မြင်ချက်များသည် ဝေးလံခေါင်သီလှသော နေရာများမှ လာသောကြောင့် ကြိုးစားပမ်းစား ပြုလုပ်ပေးရ၏။ နားဆင်ရာတွင်လည်း ဘက်လိုက်မှုမရှိအောင်သဘောထားကြီးအောင် လေ့ကျင့်ထားရကာ သူတို့နှင့်စကားပြောသော လူတို့၏ထင်မြင်ချက်များကို မှတ်တမ်းယူတတ်စေရန် ကျင့်ထားရ၏။ တစ်ခါတစ်ရံတွင်လည်း နားထောင်သူတို့ဘက်မှ နားဆင်သူတို့ မှတ်တမ်းတင်ရမည့် အကြောင်းအရာနှင့် သက်ဆိုင်သော ကိုယ်ပိုင်ဇာတ်လမ်းများ ပြောပြရန် ရှိနေတတ်သည်။*

နားဆင်သူ အလွတ်တန်း ဆေးအမှုထမ်းတစ်ဦးက သူ၏အတွေ့အကြုံကို စီမံပြုပြင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မျှဝေခဲ့သည်။ သူ၏ အသိုင်းအဝိုင်းအတွင်းတွင် အဓိကရုဏ်းဖြစ်ပြီးသောအခါ ဗုဒ္ဓဘာသာဝင်နှင့်မွတ်စလင်တို့အကြား အမုန်းတရားများ မြင့်တက်လာသည်ကို တွေ့ရသည်။ တုံ့ပြန်ခြင်းအားဖြင့် ကွဲပြားကာမြင့်တက်ခံစားနေရသော ခံစားချက်များကို ပေါင်းကူးပေးနိုင်ရန်အတွက် သူ့ဘက်မှ အကြံဉာဏ်သစ်တစ်ခုကိုအကောင်အထည်ဖော်ခဲ့သည်။ သူခံစားရသည်မှာ အရင်ကလို မဟုတ်တော့ပဲ ဗုဒ္ဓဘာသာဝင်တို့ အနေနှင့် သူ၏အနား သို့မဟုတ် မွတ်စလင်အသိုင်းအဝိုင်းရှိ လူတို့အနားတွင် နေရသည်မှာ သက်တောင့်သက်သာ မဖြစ်သလိုခံစားနေကြရသည်။ ကျန်းမာရေးလုပ်သား တစ်ယောက်အနေနှင့် ဒေသခံ အာဏာပိုင်တို့က ညအိပ်ခွင့်မပေးသကဲ့သို့ သူ၏ အန္တရာယ် လုံခြုံမှုအတွက်ကိုလည်း အာမမခံသည့်ကြားမှ သူအနီးပတ်ဝန်းကျင်ရှိ ရွာများသို့ သွားရောက်သည်။ သူ့ကိုဒေသခံများက တွေ့သောအခါ ခဲနှင့်ဝိုင်းပေါက်ပြီး ရွာပြင်ထိ ထွက်လိုက်ကြသည်။

နားဆင်သူဘက်မှလည်း ဗုဒ္ဓဘာသာဝင်တို့နှင့် ပြန်လည်ကျွမ်းဝင်နိုင်မည့်နည်းလမ်းကို ကျားကုတ်ကျားခဲပင်ရှာလျက်ရှိသည်။ သူ့ဘက်မှပြန်သွားပြီး ရွာသားတို့ကို သူ့အားပွင့်ပွင့်လင်းလင်းပြောပါရန် ပြောလေသည်။ သူ့ဘက်မှလည်း အလွတ်တန်း ဆေးအမှုထမ်းတစ်ယောက်အနေနှင့် နာမကျန်းဖြစ်နေသူများကို ကုသပေးလိုစိတ်သာ ရှိပါကြောင်းလည်း အထူးအလေးပေးပြောကြားခဲ့သည်။ သူ၏ရည်ရွယ်ချက်ကို သိကာမှ ရွာသားများက သူ့ကိုခဲနှင့်ပေါက်မိခြင်းအတွက် တောင်းပန်ကြလေသည်။ သူ့ကိုအလောတကြီး ရန်မူခဲ့သူတို့က ထိုအခါကျမှ ရွာကို ဘာသာရေးဆိုင်ရာ အယူသည်းအုပ်စုတစ်ချို့လာသွားပြီး နောက်ပိုင်း ရွာသားတို့အပေါ်တွင် စိုးရိမ်ပူပန်မှုနှင့် စိတ်ကသိကအောင့်ဖြစ်မှုများ မြင့်တက်စေခဲ့ကြောင်းကို အသိအမှတ်ပြုပြောပြလေသည်။ ရွာသားတို့ဘက်မှ ပူပန်မှုများကို နားထောင်ပြီးနောက် သူပြန်လာမည်ဖြစ်ကြောင်း သူ့ဘက်မှလည်း ကျန်းမာရေးဆိုင်ရာ ကုသဆွေးနွေးမှုများ လုပ်ပေးရန်အသင့်ရှိကြောင်း တို့ကိုပြောပြခဲ့သည်။

*နားဆင်သူကလည်း ပြောသည်မှာ မြန်မာနိုင်ငံတွင် အဓိကရုဏ်းဖြစ်ပြီးနောက် ဆက်ဆံရေးများ ပြောင်းလဲသွားခြင်းသည် လူငယ်တို့အပေါ်တွင်လည်း အများကြီး သက်ဆိုင်ကြောင်း ပြောပြသည်။ နားဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင်ပါဝင်ပြီး မွတ်စလင်၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် လူငယ်ပေါင်းစုံတို့နှင့် တွေ့ဆုံဆက်ဆံပြီး နောက် သူကပြောသည်မှာ "အလုပ်လုပ်ရင်း ဒီလူတွေနဲ့ တွေ့ရတာ အရမ်းဝမ်း သာပါတယ်။ အခုဒီကိစ္စမှာ ပါဝင်လှုပ်ရှားနေတဲ့ လူတွေနဲ့ တွေ့ခွင့်ရပြီးနောက် ကျွန်တော်လည်း စိတ်အားတက်လာပါတယ်" ဟုပြောသည်။*

# ရွှေဘို : ကာကွယ်တားဆီးခြင်းအတွက် ဖြစ်ရပ်ကို လေ့လာသုံးသပ်ခြင်း

ရွှေဘိုမြို့ရှိမြို့နယ်သုံးခုတွင် နေထိုင်သော ဒေသခံတို့က ၎င်းတို့၏ ထင်မြင်ချက်များနှင့် အတွေ့အကြုံများကို ပြောပြခဲ့သည်။ ရွှေဘိုမြို့ရှိမြို့နယ်နှစ်ခုတွင် အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး မြို့နယ်တစ်ခုတွင် အဓိကရုဏ်း မဖြစ်အောင် တားဆီးနိုင်ခဲ့သည်။ အဓိကရုဏ်းကို တားဆီးလိုက်နိုင်သော မြို့နယ်တွင်လည်း အသိုင်းအဝိုင်းအတွင်းရှိ လူတို့က ရှေ့အခန်းတွင် ဖော်ပြထားသည့်အတိုင်း အဓိက ပြဿနာဖြစ်ပွားစေသော အကြောင်းအရာများနှင့် လှုံ့ဆော်ခြင်းနည်းစနစ်များကို ပြောပြကြသည်။အသိုင်းအဝိုင်းတို့ပေါင်းစည်းကာကွယ်ရေး ဗျူဟာမှတဆင့် ထိုအသိုင်းအဝိုင်းတို့မှ အောင်မြင်စွာ အကြမ်းဖက်မှုကို မပြန့်ပွားစေရန် ထိန်းချုပ်လိုက်နိုင်ခဲ့ကြသည်။ ထိုသို့အောင်မြင်စေရန် ဆူပူသောင်းကြမ်းသူများအား လူစုခွဲခြင်း၊ ၎င်းတို့ကို အလွယ်တကူသွားလာ၍ မရစေရန် လုပ်ထားခြင်းတို့ဖြစ်သည်။ ထိုအသိုင်းအဝိုင်းမှအဓိကရုဏ်းတို့ကို မည်သို့ကိုင်ကွယ်မည်၊ ဆိုသည်တို့ကို ပြုလုပ်နိုင်သည်ကို ပြသွားသည်။

*အသိုင်းအဝိုင်းတွင်းမှာ အကြမ်းဖက်မှု မဖြစ်အောင် ဗုဒ္ဓဘာသာရော မွတ်စလင်ရော လက်တွဲညီညီ ကြိုးစားကြပါတယ်။ တခြားမြို့တွေမှာ အဓိကရုဏ်းတွေ ဖြစ်တယ်ကြားကတည်းက ကျွန်တော်တို့ဆီမှာ ကြိုတင်ကာကွယ်ဖို့အတွက် နည်းစနစ်တွေကို ကြိုတင်စီမံထားပြီးသား။ အဲ့ဒီမြို့တွေမှာဆို အကြမ်းဖက်မှု ဖြစ်ပွားနေစဉ် ကျောင်းသားတွေ အသတ်ခံရပြီး ကျောင်းတွေပါ မီးရှို့ခံရတယ် ကြားတယ်။ အဲ့ဒါကြောင့်ကျွန်တော်တို့လည်း တော်တော်သတိထားရတယ်။ ဒေသခံတွေလည်း တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှုနဲ့စည်းလုံးမှု လျော့ကျသွားတယ်။ မဟုတ်ရင် သူတို့လည်း သူတို့မြို့ကို ကာကွယ်နိုင်မှာ၊ ကျွန်တော်တို့မြို့ကလူတွေက မှိုင်းတိုက်ခံထားရပေမယ့်လည်း လက်မလျှော့ခဲ့ကြဘူး*

\- ၄၅နှစ်အရွယ်ရှိ ဗမာမွတ်စလင် အမျိုးသားတစ်ဦး

### *အဓိကရုဏ်း တားဆီးရာတွင် ဘာသာရေးခေါင်းဆောင်တို့၏ အဓိက အခန်းကဏ္ဍ*

အကြမ်းဖက်မှုကို တားဆီးရာတွင် ဘာသာရေးခေါင်းဆောင်တို့၏ လွှမ်းမိုးနိုင်စွမ်းကို သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှ ရှင်းပြလေသည်။ ဗုဒ္ဓဘာသာနှင့် မွတ်စလင် အသိုင်းအဝိုင်း ခေါင်းဆောင်တို့မှ ပူးပေါင်းကာ အဓိကရုဏ်း တားဆီးရေး အဖွဲ့များ ဖွဲ့စည်းကြလေသည်။ အသိုင်းအဝိုင်းရှိ လူများနှင့် ဒေသခံ အာဏာပိုင်တို့မှ ၎င်းတို့အသိုင်းအဝိုင်းအတွင်း နားလည်ထားသော အချက်များနှင့် အခြားမြို့များမှ ရရှိသော သင်ခန်းစာများကို အခြေခံကာကာကွယ်ရေး နည်းဗျူဟာများကို ချမှတ် ကျင့်သုံးကြသည်။

### *ပြဿနာများကို ဖြေရှင်းရန်နှင့် သတင်းအချက်အလက်မျှဝေရန် ဘာသာပေါင်းစုံအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း*

အကြမ်းဖက်မှုကို တားဆီးရန်အတွက် ဘာသာရေးခေါင်းဆောင်တို့ဘက်မှ အသင်းအဖွဲ့များကို ဖွဲ့စည်းကြသည်။ ဗုဒ္ဓဘာသာ ဘာသာရေးခေါင်းဆောင်တစ်ဦးမှ ရှင်းပြသည်မှာ “ကျုပ်တို့ အသိုင်းအဝိုင်းမှာ ဒီလို အဓိကရုဏ်းမျိုး အဖြစ်မခံနိုင်ပါဘူး။ အဲ့ဒါကြောင့် ကျုပ်တို့ နောင်တစ်ချိန် ဖြစ်လာမယ့် အဓိကရုဏ်းကို ကာကွယ်ဖို့အတွက် အဖွဲ့အစည်းတွေ ဖွဲ့စည်းထားပါတယ်။ အဓိကရုဏ်းဖြစ်တဲ့နေ့မှာ မွတ်စလင်တွေနဲ့ တာဝန်ရှိသူတွေကို ရွာဘက်ကို လူအုပ်ကြီး လာနေပြီဆိုတာ သတိပေးတယ်။ အဲ့ဒီအသင်းအဖွဲ့တွေက အဓိကရုဏ်းနဲ့ ဆိုင်တဲ့ကိစ္စတွေမှာဆို သတင်းအချက်အလက် မျှဝေကြတယ်။ အဲ့ဒါကြောင့် တစ်ခုခု ဖြစ်လာပြီဆိုရင် မြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်တယ်” ဟု ပြောပြသည်။

### *ရာဇဝတ်မှုများအား ဥပဒေဘောင်အတွင်း စီရင်မှုပြုစေရန် သေချာအောင် ပြုလုပ်ခြင်း*

ဘာသာရေးခေါင်းဆောင်တို့မှလည်း သက်ဆိုင်ရာ အသိုင်းအဝိုင်းအတွင်းရှိ ထိန်းသိမ်းထားသောရာဇဝတ်မှု ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ စီရင်ခံရစေရန် သေချာအောင် ပြုလုပ်ပေးသည်။ ပဋိပက္ခများကို ဖြေရှင်းပေးရန် ရပ်ကွက်တိုင်းတွင် သတင်းအချက်အလက် ဌာနများကို ထားရှိစေသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းမှ လူတစ်ယောက်က ဥပဒေကို ချိုးဖောက်ခဲ့ပါက ထိုဘာသာရေးခေါင်းဆောင်များသည် အစိုးရအရာရှိ/မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် တွေ့မည်ဖြစ်ပြီး ထိုကျူးလွန်သူကို တရားဥပ

ဒေနှင့်အညီ စီရင်ခံရစေရန် တာဝန်ယူမည်ဖြစ်သည်။ မွတ်စလင်ခေါင်းဆောင်အုပ်စုများအနေနှင့်လည်း သင့်တော်သော တရားဥပဒေစီရင်ချက်နှင့် ဒဏ်ငွေတို့ကို မွတ်စလင်တို့အတွက် ချမှတ်မည်ဖြစ်သည်။ ဗုဒ္ဓဘာသာခေါင်းဆောင်တို့ကလည်း ထိုကဲ့သို့ပင်လုပ်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ရဟန်းတစ်ပါးက ထိုဖြစ်စဉ်ကို ရှင်းပြသည်မှာ

> *ရပ်ကွက်တိုင်းမှာ သတင်းအချက်အလက် ဌာနရှိတယ်။ စွပ်စွဲခံရသူက (ပဋိပက္ခကို) ပြန်လည်ညှိနှိုင်းဖို့အတွက် အုပ်ချုပ်ရေးမှူးဆီကို ပို့ရမယ်။ အဲ့ဒီစွပ်စွဲခံရသူက တရားဥပဒေနဲ့အညီ စီရင်ခံရမှာဖြစ်ပြီး ပျက်စီးဆုံးရှုံးသွားတာတွေအတွက် ပြန်လည်ပေးလျော်ရမှာဖြစ်တယ်။ ပြဿနာကို ဖြေရှင်းရာမှာ နှောင့်နှေးခြင်းဟာ အဓိကရုဏ်း ဖြစ်သွားစေနိုင်တယ်။ ပြဿနာဖြစ်တဲ့အခါမှာ ဆုံးဖြတ်ချက်မချမီ ပြဿနာရဲ့ ရင်းမြစ်ကို ခွဲခြမ်းစိတ်ဖြာရမယ်။ပြဿနာဖြစ်တဲ့အခါ အသင်းအဖွဲ့နဲ့ ဆုံးဖြတ်ရမယ်။ ဦးဇင်းတို့ အတိတ်ကဖြစ်ရပ်တွေနဲ့ သင်ခန်းစာရသွားပြီ ဗုဒ္ဓဘာသာတစ်ယောက်က အမှုကျူးလွန်ရင် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းက သူ့ကိုအရေးယူလိမ့်မယ်။ အဲ့လိုပဲ မွတ်စလင်တစ်ယောက်က အမှုကျူးလွန်ရင် မွတ်စလင်အုပ်စုက ကိုင်တွယ်လိမ့်မယ်*
>
> \- ဗမာဗုဒ္ဓဘာသာ ရဟန်းတစ်ပါး

ထိုနည်းဖြင့် ရာဇဝတ်မှုများသည် တရားဥပဒေအရာ စနစ်တကျ ဖြေရှင်းပြီးဖြစ်မည်ဖြစ်ပြီး အဓိကရုဏ်း အဆင့်သို့ တက်မသွားရန်နှင့် လက်တုံ့ပြန်ခြင်းများလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။ အသိုင်းအဝိုင်းတစ်ခုရှိ ခေါင်းဆောင်တစ်ယောက်က ပြောသည်မှာ

*ကျွန်တော်တို့ ရွာသားတွေကို ထိုပြဿနာတွေဖြစ်ရခြင်းဟာ ဘာသာရေး အုပ်စုနှစ်ခုအကြား သွေးကွဲမှုဖြစ်အောင်လုပ်နေတဲ့ အရာတွေဆိုတာကို ကျကျနန ရှင်းပြထားပါတယ်။ ပြဿနာရှာရင် ရှာတဲ့လူကို တရားဥပဒေနဲ့အညီ စီရင်မယ်။ ပြဿနာဖြေရှင်းဖို့ တရားဥပဒေ ရှိနေပြီးဖြစ်တဲ့အတွက် မွတ်စလင် တစ်ယောက်ကိုလည်း လက်တုံ့ပြန်မှာမဟုတ်ဘူး။ သူတို့ကိုလည်း ပြောထား တယ်။ ရိုက်နက်သတ်ဖြတ်တဲ့နည်းနဲ့ လက်တုံ့ပြန်ရင် လက်တုံ့ပြန်တဲ့သူကိုပါ ဥပဒေအရအရေးယူမယ်လို့*

- လူငယ်ဗုဒ္ဓဘာသာ ရွာခေါင်းဆောင်

## *အသိုင်းအဝိုင်းတို့အား ဝါဒဖြန့်ချိခြင်းတို့ကို အချက်ကျကျ ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်စွမ်းကို တိုးမြှင့်ပေးခြင်း*

မြန်မာနိုင်ငံ၏ အခြားနေရာများအတွင်းတွင် မဟုတ်မမှန် ဝါဒဖြန့်ချိခြင်းနှင့် ကောလဟာ လတို့၏အဓိကရုဏ်းတွင် မည်သည့်နေရာမှ ပါဝင်သည်ဆိုသည်ကို အထင်အရှား ပြသပြီးဖြစ်သည်။ ဘာသာရေးခေါင်းဆောင်များ အနေနှင့်လည်း အသိပညာပေးရေးနှင့် အသိုင်းအဝိုင်းရှိ သူတို့အား ကောလဟာလတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အသိပညာ တိုးတက်စေနိုင်ရန်တို့ကို အထူးအလေးပေးလာကြသည်။ ဗုဒ္ဓဘာသာရဟန်းတစ်ပါးက ပြောသည်မှာ "(ကိုယ်ကြားရတဲ့ ကောလဟာလကြောင့်) စိတ်ပူရုံနဲ့ အခြားသူတစ် ယောက်ဆီကို ဖုန်းနဲ့လှမ်းမပြောပါနဲ့။ အဲ့ဒီသတင်း မှန်၊မမှန်ကို အရင်ဆန်းစစ်ပါ။ (အခြားသူတွေကိုခေါ်လိုက်ရင်) ပျံ့နှံ့သွားနိုင်ပြီး သင်ကိုယ်တိုင်က အဓိကရုဏ်းကို စတင်တဲ့လူ ဖြစ်သွားနိုင်တယ်။ အဲ့ဒီအခြေအနေရဲ့ (အစစ်အမှန်) ကိုနားလည်အောင် စစ်စစ်ပေါက်ပေါက် စုံစမ်းသင့်တယ်"ဟု ပြောလေသည်။

## *စွဲချက်တင်ခံထားရသူများကို အဓိကရုဏ်းဖြစ်နေစဉ်တွင် အဝေးပို့ထားခြင်း*

အသိုင်းအဝိုင်းခေါင်းဆောင်တို့ဘက်မှလည်းမြန်မာနိုင်ငံတွင်ဖြစ်သောအဓိကရုဏ်းများမှာ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်တို့ကြား ဖြစ်သွားသော အကြမ်းဖက်မှုတစ်ခုမှ စသည်ဆိုသည်ကို သိထားလေသည်။ထိုဖြစ်ရပ်သတင်းသာ လူမှုကွန်ယက်၊ ပါးစပ်စကား တို့မှ တဆင့်ပျံ့နှံ့သွားပါက မသမာသူများကို ရာဇဝတ်မှုများ ပြန်လည်ကျူးလွန်ရန်

လုံ့ခြုံဆော်နေသကဲ့သို့ပင် ရှိချေမည်။ ထိုမူလပထမ အကြမ်းဖက်မှုကို ကျူးလွန်ပါသည်ဟု စွပ်စွဲခံထားရသူအား အသိုင်းအဝိုင်းနှင့် ဝေးရာတွင် ထိန်းသိမ်းထားခြင်းဖြင့် အသိုင်းအဝိုင်းခေါင်းဆောင်တို့မှ လက်တုံ့ပြန်ခြင်း၊ အကြမ်းဖက်ခြင်းတို့ မပြုလုပ်စေရန် ရည်ရွယ်ထားလေသည်။

### *ညီညွတ်ရေးနှင့် စည်းလုံးရေးကို ထိန်းသိမ်းခြင်း*

> *တခြားအသိုင်းအဝိုင်းတွေနဲ့မတူဘဲ ကျွန်မတို့က အင်မတန်စည်းလုံးတယ်။ အဲ့ဒါကြောင့် အဓိကရုဏ်းဖြစ်တော့ ကျွန်မတို့ ထိန်းသိမ်းလိုက်နိုင်တယ်။*
>
> \- လူငယ်မွတ်စလင် ကျောင်းသူတစ်ဦး

အသိုင်းအဝိုင်းခေါင်းဆောင်များက ၎င်းတို့အသိုင်းအဝိုင်းအတွင်းရှိ မတူညီသော ဘာသာရေးအုပ်စုများအချင်းချင်း ယုံကြည်မှုနှင့် စည်းလုံးမှုကို ထိန်းသိမ်းရန် လိုအပ်ကြောင်း အရေးပါပုံကို ပြောပြလေသည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတွင်းမှ လူတစ်ယောက်က သူကြုံတွေ့ခဲ့ရသော စည်းလုံးမှုကို ပြောပြသည်မှာ-

> *ကျွန်တော်တို့ မြို့ကိုပြန်ပြီးတော့ ငြိမ်းချမ်းစေချင်ပါပြီ။ ဗုဒ္ဓဘာသာဖြစ်ဖြစ်၊ အစ္စလာမ်ဘာသာဖြစ်ဖြစ်ပျောက်ကွယ်သွားတာကို မမြင်ချင်ပါဘူး။ ဒါကြောင့် အစ္စလာမ်ဘာသာရေး ခေါင်းဆောင်တွေရော ဗုဒ္ဓဘာသာအကြီးအကဲတွေ၊ ရဟန်းတွေနဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေရော တစ်ယောက်တစ်လှည့် အပြန်အလှန် ပူးပေါင်းပြီးမြို့ရွာကိုလည်း စောင့်ရှောက်သလို ခေတ်သိပ္ပံကျောင်းတွေကိုလည်း စောင့်ရှောက်ကြပါတယ်။ မွတ်စလင်ရော ဗုဒ္ဓဘာသာရော အပြန်အလှန်တာဝန်ယူပြီး မြို့လုံခြုံရေးရော၊ မြို့နေပြည်သူလုံခြုံရေးကိုပါ စောင့်ရှောက်ကြပါတယ်။ ပြဿနာအနည်းငယ်တော့ ရှိခဲ့ပါတယ်။ အစောပိုင်းက ဈေးထဲမှာကတောက်ကဆဖြစ်တာလေးတွေ အနည်းငယ် ရှိခဲ့ပေမယ့် ကိုင်တွယ်ဖြေရှင်းလိုက်ပါတယ်။ သက်ဆိုင်ရာအသိုင်းအဝိုင်းက လူတွေကလည်း မိမိနေထိုင်ရာကို ငြိမ်းချမ်းအောင်လို့ စည်းစည်းလုံးလုံး နေရမယ်။ ကျုပ်တို့ဘာသာရေးဆိုင်ရာခွဲခြားမှုများကင်းစင်ပြီး ယုံကြည်မှုခိုင်ခိုင်မာမာတည်ဆောက်နိုင်*

*မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လောက်ပဲ အသုံးချခံရခံရ ဘယ်လိုမှ သွေးကွဲမှာ မဟုတ်တော့ဘူး*

- သက်လတ်ပိုင်းမွတ်စလင် အမျိုးသားတစ်ဦး

အကြမ်းဖက်မှုတားဆီးရာတွင် အောင်မြင်ခဲ့ခြင်းသည် သူတို့၏ အတိတ်က ယှဉ်တွဲနေထိုင်ခဲ့မှုနှင့် တင်းမာမှုများ ဖြစ်လာသောအခါ စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ် လုပ်ကိုင်နိုင်မှုကြောင့် ဖြစ်လာရခြင်းဖြစ်သည်။

*ကျွန်တော်တို့ကို (သွေးထိုးလှုံ့ဆော်သူတွေ) မှိုင်းတိုက်ဖို့ ခဲယဉ်းတယ်။ ဒီလိုအဓိကရုဏ်းမျိုး နောက်ထပ်တစ်ခေါက် ထပ်အဖြစ်ခံလို့ မရတော့ဘူး။ နောက်ဆက်တွဲ အကျိုးရလဒ်တွေက လူမှုရေးဆိုင်ရာ ထိခိုက်မှုတွေ၊ ယုံကြည်မှုပျက်ပြားခြင်းတွေ၊ စီးပွားရေးဆုံးရှုံးတာတွေဖြစ်လာလိမ့်မယ်။ ဘာသာပေါင်းစုံက လူတွေက မြို့ထဲမှာ အဓိကရုဏ်းမဖြစ်အောင်လို့ ဝိုင်းဝန်းတားဆီးပေးကြလိမ့်မယ်။ ကျွန်တော်တို့ နှစ်ပေါင်းများစွာ အတူတကွ ယှဉ်တွဲနေလာပြီးတော့ ညီညီမျှမျှ ဆက်ဆံလာခဲ့ကြတာ။ ကျွန်တော်တို့ကို သွေးခွဲလို့မရဘူး။ မွတ်စလင်နဲ့ဗုဒ္ဓဘာသာက (ကျွန်တော်တို့မြို့ထဲမှာ) အမြဲတမ်းစည်းလုံးတယ်။*

- အသက်၅၀အရွယ်ရှိ မွတ်စလင်အမျိုးသားတစ်ဦး

နောက်ထပ် အသိုင်းအဝိုင်းအတွင်းရှိ လူတစ်ယောက်က အသေးစိတ်ပြောသည်မှာ "ကျွန်တော်တို့တွေသူတစ်ပါးကို ဒုက္ခပေးတယ်ဆိုတဲ့ သမိုင်းကြောင်း ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ကျွန်တော်တို့တွေ လိုအပ်လာရင် မြို့ထဲက အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းယှဉ်တွဲလုပ်ဆောင်ဖို့ အစီအစဉ်တွေရှိပါတယ်။ ကျွန်တော်တို့တွေမှာ ဘာသာရေးအဖွဲ့တွေ၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ လူမှုရေးအဖွဲ့တွေတို့နဲ့ပါ ယှဉ်တွဲလုပ်ဆောင်နေတာ ရှိပါတယ်။ အဓိကရုဏ်းတားဆီးရေးအဖွဲ့တွေလည်း ဖွဲ့စည်းပြီးသွားပါပြီ။ ဗုဒ္ဓဘာသာ မ.ဘ.သ အဖွဲ့နဲ့လည်း သဘောတူညီချက်ရယူကာ လိုအပ်လာလို့ရှိရင် အဓိကရုဏ်း တားဆီးရေးအဖွဲ့ကို တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး အကြောင်းကြားမယ်လို့လည်း ပြောပါတယ်။ သူတို့နဲ့လည်း ဥပဒေဖောက်ဖျက်သူမည်သူမဆို ဗုဒ္ဓဘာသာ/မွတ်စလင်မရွေး အပြစ်ပေး

ခံရမယ်လို့လည်း ပြောပါတယ်။ရှိရှိသမျှသောအဖွဲ့တွေနဲ့ အဖွဲ့အစည်းတွေက သူတို့မြို့ ငြိမ်းချမ်းရေးအတွက် အတူတကွ ပူးပေါင်း လုပ်ဆောင်နေကြပါတယ်။" ဟု ပြောလေသည်။

အသိုင်းအဝိုင်းအတွင်း ရှိသူတို့ကလည်း သူတို့၏အားကောင်းသော စည်းလုံးမှုကို အသိုင်းအဝိုင်းအတွင်း ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးအတွက်လည်း အသုံးချကြသည်။ ထိုအခွင့်အလမ်းများသည် အသိုင်းအဝိုင်းအတွင်းရှိ သူများကို အခြားဘာသာ၏ ပွဲတော်များတွင် ပါဝင်ဆင်နွဲနိုင်ရန်အတွက်လည်း အားပေးလေသည်။ အသိုင်းအဝိုင်း အတွင်းရှိ လူတစ်ယောက်က ပြောသည်မှာ "ဒီကမွတ်စလင်တွေလည်း မြန်မာနိုင်ငံမှာပဲ မွေးတာပါဗျာ။ ဗုဒ္ဓဘာသာဝင်တွေ လုပ်တဲ့အခန်းအနားတွေမှာ လှူဒါန်းပေးကမ်း တာမျိုးတွေ လုပ်ကြတယ်။ ဘုန်းကြီးကျောင်းတွေနဲ့လည်း ကူးလူးသွားလာမှုရှိတယ်။ ဗုဒ္ဓဘာသာတွေနဲ့ မွတ်စလင်တွေလည်း စီးပွားရေးအရ ညီတူညီမျှ ရှိကြတယ်" ဟု ပြောလေသည်။

ထို့အပြင် ဘာသာရေးခေါင်းဆောင်တို့မှာလည်း စည်းလုံးညီညွတ်ခြင်းကို အားပေးသော တရားများဟောလေသည်။ အသိုင်းအဝိုင်းအတွင်းရှိ လူတစ်ယောက်က ပြောသည်မှာ "မြို့အရှေ့ဘက်ဘုန်းကြီးကျောင်းနှစ်ကျောင်းက ကျောင်းထိုင်ဆရာတော်နှစ်ပါးဆို ညီညီညွတ်ညွတ် နေကြဖို့ အမြဲတမ်းဟောတယ်" ဟုပြောလေသည်။

### *မသမာသူတို့ မှိုင်းတိုက်မည့်ရန်မှ ကာကွယ်ခြင်း*

အထက်တွင် အသေးစိတ်ပြထားသော ဗျူဟာအများစုသည် မသမာသူများ အုပ်စုဖွဲ့ခြင်းမှ ကာကွယ်ရန်ဖြစ်သည်။ ဘာသာရေးခေါင်းဆောင်တို့က အကြမ်းဖက်မှုဖြစ်ပွားရန်အတွက် မသမာသူတို့ ပါဝင်သော အခန်းကဏ္ဍအကြောင်းကို ဖော်ထုတ်ကြလေသည်။ အသိုင်း အဝိုင်းရှိ လူတစ်ယောက်ကပြောသည်မှာ "လူတွေစုမိပြီဆိုတာနဲ့ သူတို့ဘာမှမစဉ်းစားပဲ လုပ်ချင်ရာ လုပ်တော့တာပဲ။ ဘယ်သူမှလည်းမတားရဲဘူး အဓိကအရေးအကြီးဆုံးက လူမစုမိဖို့ပဲ" ဟုပြောလေသည်။

မသမာသူများကို အုပ်စုဖွဲ့ခြင်းမရှိစေရန် တားမြစ်ရသည်မှာ အမြဲတမ်း မဖြစ်နိုင်သကဲ့သို့ ဗုဒ္ဓဘာသာရဟန်းတစ်ပါးက မသမာသူများကိုလူစုခွဲရာတွင် သူ၏ အတွေ့အကြုံကို ပြောပြခဲ့သည်။ "အဓိကရုဏ်းဖြစ်ရင်လူမှုရေး-စီးပွားရေးဆုံးရှုံးမှုတွေ ဖြစ်လာမယ်။ အသိုင်းအဝိုင်းအတွင်းမှာလည်း စည်းလုံးမှုတွေ လျော့ရဲကုန်မယ်။ အဲ့လိုအခြေအနေမျိုး မရောက်ရအောင်လို့ ဦးဇင်းတို့ရွာနဲ့ အနီးအနားက လူ၁၀၀၀လောက်ကို အုပ်စုခွဲလိုက်ရတယ်။ သူတို့ကိုလည်း စေတီကို ဖျက်ဆီးတဲ့သူကို ဥပဒေနဲ့အညီအရေးယူမယ်လို့ပြောလိုက်တယ်။"

# နယ်မြေများကို အကျဉ်းချုပ် တင်ပြခြင်း

ဤအပိုင်းတွင် နယ်မြေများတွင် မတူညီသော အဖြစ်အပျက် ကွာခြားချက်များကို တင်ပြထားသည်။တစ်နေရာချင်းစီအတွက် အဓိကအကြောင်းအရာ အကျဉ်းချုပ်ကို တင်ပြထားပါသည်။

| မိတ္ထီလာတွင် : အများဆုံးကြားရသော အကြောင်းအရာများ |
|---|
| ၁။ အဓိကရုဏ်းကြောင့် လူတို့ဘဝပျက်ခဲ့ရပြီး လူပေါင်းများစွာ ၄င်းတို့၏အိမ်များကို စွန့်ခွာကာ ယခုလက်ရှိတွင် IDP စခန်းများတွင်နေထိုင်နေရသည်။ |
| ၂။ အမုန်းတရားနှင့် ဝါဒမှိုင်းများမှာလည်း ပျံ့နှံ့လျက်ရှိပြီး ယခုလက်ရှိတွင် ကြုံတွေ့နေရသော ကိစ္စဖြစ်သည်။ |
| ၃။ မွတ်စလင်များ ခွဲခြားဆက်ဆံခြင်း ကိုခံနေရသည်။ |
| ၄။ ပြန်လည်ထူထောင်ရေးစခန်းများတွင် နေထိုင်နေရသော သူတို့သည် ယခုအချိန်တွင် မိမိတို့၏ နေအိမ်များသို့ပြန်လိုကြသည်။ |
| ၅။ အသိုင်းအဝိုင်းတို့ကလည်း ကြောက်ရွံ့လျက်ရှိပြီး ထိုကဲ့သို့သော အကြမ်းဖက်မှုကို ထပ်မံမဖြစ်စေလိုတော့ပေ |
| ၆။ IDP စခန်းများတွင် အကူအညီများ လိုအပ်လျက်ရှိပြီး အထူးသဖြင့် အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိသည်။ |
| ၇။ ဘာသာခြားသူများမှာလည်း တစ်ယောက်နှင့်တစ်ယောက် မုန်းတီးမှုမရှိကြသကဲ့သို့ အတိတ်ကလည်းကတောက်ကဆ ဖြစ်ခြင်းမရှိကြပါ။ |
| ၈။ ဖြစ်ပေါ်သော အကြမ်းဖက်မှုသည် စနစ်တကျစီစဉ်ထားခြင်း ဖြစ်သည်။ |
| ၉။ အကြမ်းဖက်မှု ဖြစ်ပွားနေစဉ်အတွင်း ကျောင်းသွားသော ကျောင်းသားများ လူမှုရေးအရရော လုံခြုံရေးအရပါ ပြဿနာများ ကြုံတွေ့ခဲ့သည်။ |
| ၁၀။ ဘာသာရေးအုပ်စုများမှ လူများ ဆုံးရှုံးကြေကွဲခံစားရသည်များကို လူအများကလည်း ကရုဏာသက်ကြသည်။ |

၁၁။ အချို့သောသူများသည် မွတ်စလင်နှင့် ရုပ်ရည်သွင်ပြင်ဆင်တူသောကြောင့် အထင်အမြင်လွဲမှားပြီးအသတ်ခံလိုက်ရသည်။

၁၂။ မိသားစုများအနေနှင့်လည်း ၎င်းတို့၏ မိသားစုဝင်များ ဆုံးရှုံးသေကြေခဲ့ရသောကြောင့်စိတ်သောကဖိစီးမှုများခံစားရသည်။ အထူးသဖြင့် ရင်သွေးငယ်များသေဆုံးရမှု၊ သို့မဟုတ်ချစ်ခင်သူတို့နှင့် ခွဲခွါနေရမှုကြောင့်ဖြစ်သည်။

၁၃။ အစိုးရအရာရှိတို့ကလည်း ထိုအခြေအနေကို ထိန်းသိမ်းပေးခြင်းမျိုး မလုပ်ပေးခဲ့ချေ။

၁၄။ ဘာသာရေးအဆောက်အဦးများ ဖျက်ဆီးခံခဲ့ရခြင်း၊ တစ်ချို့သော ဘာသာရေးအဆောက်အဦးများကို ပြန်လည်တည်ဆောက်ခွင့် မရခြင်းကြောင့် လူအများဝမ်းနည်းကြေကွဲရသည်။

၁၅။ လူတိုင်း ကျားမမရွေးလက်နက်များကို မိမိကိုယ်ကို ကာကွယ်ရန်အတွက်ကိုင်ဆောင်လာကြသည်။

၁၆။ IDP စခန်းများတွင် နေထိုင်သူတို့အဖို့ စီးပွားရှာရသည်မှာ ခက်ခဲလာသည်။ အထူးသဖြင့် ခွဲခြားဆက်ဆံခံရသော မွတ်စလင်အသိုင်းအဝိုင်းမှလူတို့အဖို့ ပိုမိုခက်ခဲလေသည်။

၁၇။ အကြမ်းဖက်မှုကြောင့် ကလေးတော်တော်များများ မိဘများကို ဆုံးရှုံးလိုက်ရသည်။

၁၈။ IDP စခန်းများတွင် စီမံမှုညံ့ဖျင်းသောကြောင့် လူမှုရေးပြဿနာများ ကြုံတွေ့ရသည်။


၁၉။ မိတ္ထီလာတွင် ဘာသာရေးအယူသည်းမှုမှာ မလျှော့မိုးနိုင်ခဲ့ချေ။ မြို့နယ်များအတွင်း ဖွင့်နေသော မွတ်စလင်ဆန့်ကျင်ရေး သီချင်းများက လူအများကိုကြောက်လန့်စေသည်။

၂၀။ အကြမ်းဖက်ဖျက်ဆီးမှုနှင့် ဆူပူမှုအများစုကို ပြုခဲ့သူများမှာ သူစိမ်းများဖြစ်ကြသည်။

# ခွဲခြမ်းစိတ်ဖြာချက်


မိတ္ထီလာနှင့် ပတ်သတ်၍ တစ်ခုမှတ်သားထားရမည်မှာ စကားပြောဆိုခဲ့သော သူအများစုသည် IDP စခန်းများနှင့် ပြန်လည်ထူထောင်ရေးစခန်းများတွင် နေထိုင်နေသူများဖြစ်သည်။ နားဆင်သူတို့သည် စခန်းလေးခုကို သွားရောက်ခဲ့ကြသည် (စခန်းနှစ်ခုမှာ မွတ်စလင်သီးသန့်ဖြစ်ပြီး၊ စခန်းနှစ်ခုမှာ ဗုဒ္ဓဘာသာသီးသန့်ဖြစ်သည်) နောက်စခန်းတစ်ခုမှာ မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်တို့ကို ရောထားသော ပြန်လည်ထူထောင်ရေးစခန်းတစ်ခုရှိသည်။ နားဆင်သူများအနေဖြင့် ၅၁ဦးအထိကို စကားပြောလိုက်နိုင်ပြီး အများစုမှာ IDP စခန်းရှိ ယာယီစခန်းများတွင် နေထိုင်နေသူများဖြစ်သည်။

၂၃ ယောက် (၄၅%) မှာ မွတ်စလင်များဖြစ်ကြပြီး ၂၁ယောက် (၄၁%) မှာ ဗုဒ္ဓဘာသာများဖြစ်ကြကာ၅ယောက်(၁၀%)ဝမှာခရစ်ယာန်များဖြစ်ပြီး ၂ယောက် (၄%) မှာဟိန္ဒူများဖြစ်ကြသည်။ အောက်ပါဇယားသည် မိတ္ထီလာရှိအသိုင်းအဝိုင်းရှိ လူများ၏ ကိုးကွယ်ရာကို ပြသောဇယားဖြစ်သည်။




၂၅ ယောက် (၄၉%) မှာ ယောကျ်ားများဖြစ်ကြပြီး ၂၄ယောက် (၄၇%) မှာ အမျိုးသမီးများဖြစ်ကြသည်။ ပြောကြားသူ လေးယောက်၏ လိင်အမျိုးအစားကိုမှု မှတ်တမ်းမတင်ထားမိချေ။

၁၆ ယောက် (၃၁%) သော ပြောကြားသူတို့မှာ အသက် ၂၀-၃၀ကြားဖြစ်ပြီး ၁၂ ယောက် (၂၃%) မှာ၃၁-၄၀ကြားဖြစ်ကာ ၈ယောက် (၁၆%) မှာ၄၁-၅၀ကြားဖြစ်ပြီး ၃ယောက် (၆%) မှာ၅၁-၆၀ကြားဖြစ်ကာ၁၀ယောက် (၂၀%) ၏ အချက်အလက်များကိုမှု မှတ်တမ်းမတင်ထားမိချေ။ ထိုအချက်အလက်များကိုအောက်တွင် ဖော်ပြထားပါသည်။




*ကျွန်ုပ်တို့အကြမ်းဖက်မှုကို ထပ်မံ မဖြစ်ပွားလိုတော့ပါ*

မိတ္ထီလာရှိ အသိုင်းအဝိုင်းအတွင်းမှ လူတို့သည် အဓိကရုဏ်းကြောင့် များစွာ ထိခိုက်ခံစားခဲ့ရပြီး သူတို့၏ဘဝများသည် ထိုအဓိကရုဏ်းကြောင့် ပျက်စီးခဲ့ရသည်ဟု ထပ်ကာထပ်ကာ ပြောဆိုသည်။ လူများလည်း ကြီးလန့်စာစားနေနေရပြီး ထိုအကြမ်းဖက်မှုမျိုးကို ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်း နောက်ထပ်မဖြစ်စေချင်တော့ကြောင်းကိုလည်း ပြောသည်။ ခြုံငုံသုံးသပ်လျှင် မွတ်စလင်များမှာ အကြမ်းဖက်ခံရမှုကြောင့် ထိခိုက်ခံရသူများဟု ထင်နိုင်ဖွယ်ရာရှိသည်။ သို့ရာတွင် ဟိန္ဒူဘာသာဝင်များ အနေနှင့်လည်း မွတ်စလင်တို့နှင့် ရုပ်ဆင်းအင်္ဂါသွင်ပြင်တူမှုကြောင့် လူမှားပြီး အသတ်ခံခဲ့ရသည်။ နောက်ပိုင်းတွင်မည်သူ မဆိုကျား၊မမရွေး မိမိကိုယ်ကို ကာကွယ်ရန်အတွက် တင်းမာမှုများ ဖြစ်လာသောအခါ လက်နက်များဆောင်လာကြသည်။

မိသားစုဝင်များ သေကြပျက်စီးခဲ့ရသည့်အတွက် အထူးသဖြင့် ကလေးများ သေကြခဲ့ရသည့်အတွက် လူအများမှာ စိတ်ဒဏ်ရာရဖိစီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ကလေးငယ်တော်တော်များများလည်း မိဘမဲ့များဖြစ်သွားကြရပြီး မိသားစုများအနေနှင့်လည်း ချစ်ခင်သူများနှင့် ကွေကွင်းရခြင်းကြောင့် ခံစားခဲ့ရသည်။

အသိုင်းအဝိုင်းအတွင်းတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေသော်လည်း ကျောင်းသားများမှာ ကျောင်းသို့ဆက်သွားမြဲသွားနေကြသည်။ ထိုဖြစ်ရပ်က လူငယ်များကို လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ကွဲပြားသောပြဿနာများနှင့် တွေ့ကြုံရစေသည်။ ဥပမာအားဖြင့် မွတ်စလင်နှင့် ရုပ်ဆင်သောကျောင်းသားများခြိမ်းခြောက်ခြင်းခံရသည်။

*ကျွန်တော် (အသိုင်းအဝိုင်းအတွင်းရှိ မွတ်စလင်များအား) တိုက်ခိုက်ရာမှာ ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့်သူတို့လည်း လူတွေပဲ၊ သူတို့လည်း သေရမှာကြောက် တတ်တယ်ဆိုတာ သိလိုက်တဲ့အချိန်မှာ ကျွန်တော်မလုပ်တော့ဘဲ ရပ်လိုက်ပါ တယ်။ ကျွန်တော်ဒီအကြမ်းဖက်မှုတွေကို ထပ်ပြီးတော့ မမြင်လိုတော့ပါဘူး*
*- ဗမာလူမျိုး ဈေးသည်အမျိုးသားတစ်ဦး*

## *အကြမ်းဖက်မှုများသည် အဖွဲ့အစည်းတို့မှ လှုံ့ဆော်ခြင်းဖြစ်သည်*

အဓိကရုဏ်းမဖြစ်မီက ဘာသာခြားသူများသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးကြပြီး ချစ်ချစ် ခင်ခင် ရှိကြသည်။ ဘာသာခြားသူများ အချင်းချင်း တစ်ဦးနှင့်တစ်ဦး စီးပွားကူးသန်းရောင်း ဝယ်မှုများ ပြုလုပ်ကြပြီး တစ်ဦး၏ ဘာသာရေးပွဲတော်များသို့ တစ်ဦးတက်ရောက်လေ့ရှိ သည်။ ဘာသာခြားသူများ အချင်းချင်း လက်ထပ်ယူခြင်းမျိုးလည်း မကြာခဏရှိပြီး အသိုင်းအဝိုင်းအတွင်းတွင် မည်သို့သော ပြဿနာမျိုးမှ မဖြစ်ပွားခဲ့ပေ။စကားပြောဆိုရင်း ခိုင်ခိုင်မာမာသိလာရသည်မှာ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်း အတွင်းရှိသူများက ပစ်မှတ်ထား ခံရသော သူများကို သွားရောက်ကာ ကယ်တင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအရာများတွင် မွတ်စလင်မိတ်ဆွေများ၊ သူငယ်ချင်းများ၊ သူစိမ်းများကိုပင် အကြမ်းဖက်မှု ဖြစ်နေစဉ် အတွင်းတွင် အန္တရာယ်ကင်းအောင် ကူညီခဲ့လေသည်။

ထို့ကြောင့်ပင် လူအများက ထိုအကြမ်းဖက်မှုများသည် စနစ်တကျ ကြိုတင်စီမံထားခြင်း ဖြစ်သည်ဟု ပြောခြင်းဖြစ်သည် (အစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီများနှင့် ဘာသာရေးအစွန်း ရောက် အုပ်စုများ) ဆူပူမှုကို လုပ်နေသူအများစုမှာလည်း သူစိမ်းများဖြစ်ပြီး ဖျက်ဆီးခြင်း များကိုလည်း ပြုလုပ်နေခြင်းဖြစ်သည်။ အစိုးရအာဏာပိုင်တို့ဘက်မှလည်း ထိုအဓိ ကရုဏ်းကို ဘာမှ ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းခြင်း မပြုသည်ကိုတွေ့ရသည်။

## *အကြမ်းဖက်မှုများကြောင့် ဆက်ဆံရေးများကို ထိခိုက်စေသည်*

ယခင်က ဘာသာခြားသူများသည် တစ်ယောက်နှင့်တစ်ယောက် ရင်းရင်းနှီးနှီးရှိကြပြီး သူတို့ကြားတွင်ပဋိပက္ခလည်း ဖြစ်ပွားခြင်းမရှိခဲ့ချေ။ အမုန်းတရားများနှင့် ဝါဒဖြန့်သီချင်း

များသည် ယခုအချိန်တွင်အသိုင်းအဝိုင်းအတွင်း ပိုမိုပျံ့နှံ့လျက်ရှိသည်။ ယခုကိစ္စသည် ဆက်လက်စိုးရိမ်ပူပန်နေရသော ကိစ္စဖြစ်သည်။

လက်ရှိအချိန်တွင် မွတ်စလင်များမှာ သိသိသာသာ အနိမ်ခံနေရပြီး မွတ်စလင်တော်တော်များများ မြို့ထဲတွင် အလုပ်ရှာမရတော့ချေ။ တစ်ချို့လူများမှာ မွတ်စလင်များထံမှ ဈေးဝယ်ခြင်း မပြုတော့သောကြောင့် ဘာသာကွဲအုပ်စုနှစ်ခုကြား ကုန်သွယ်ရောင်းဝယ်မှု ထိုးကျသွားသည်။ ဒေသခံ အာဏာပိုင်များကလည်း ဗလီကဲ့သို့သော အချို့သောဘာသာရေး အဆောက်အအုံများကို ပြန်လည်တည်ဆောက်ခွင့် တားမြစ်ထားသည်။

### *IDP စခန်းတွင် နေထိုင်စဉ် စိန်ခေါ်မှုများ*

အကြမ်းဖက်မှုများအတွင်း မိမိနေအိမ်များကို စွန့်ခွာပြီးပြေးလာရသူတို့သည် IDP စခန်းများတွင် နေထိုင်ကြရသည်။ အိမ်ဖောက်ထွင်းမှုအများစု၊ ခိုးမှုနှင့် မီးရှို့မှုများတွင် အကြမ်းဖက်မှုများပါ ရောပါလေ့ရှိသည်။ ရလဒ်အနေဖြင့် IDP အများစုမှာ ၄င်းတို့ပိုင်ဆိုင်သော ပစ္စည်းများကို ဆုံးရှုံးရလေ့ရှိသည်။ လူများက အိမ်ပြန်ချင်ပြီဖြစ်ပြီး အစိုးရက ပြန်ခွင့်ပြုထားသော်လည်း အများစုအတွက်မူ အိမ်ပြန်ဆောက်စရာမရှိတော့သဖြင့် အခက်အခဲတွေ့လျက်ရှိသည်။


IDP စခန်းတွင် နေထိုင်သူ အများစုသည် လိုအပ်သော အထောက်အပံ့များ မရရှိသည်ကို သတိထားမိသည်။ အထူးသဖြင့် စားစရာမရှိခြင်းဖြစ်သည်။ ပထမလအနည်းငယ်တွင် လိုအပ်သော အကူအညီများနှင့် စားစရာများရရှိသော်လည်း ယခုအချိန်တွင်အစိုးရက IDP စခန်းကို ထောက်ပံ့မှုများ ရပ်တံ့လိုက်သောကြောင့် IDP များအနေဖြင့် စောင့်စားနေရလေသည်။

စခန်းအတွင်းတွင် စီမံမှုညံ့ဖျင်းသောကြောင့် IDP စခန်းအတွင်း နေထိုင်သူများမှာ လူမှုရေးပြဿနာများ ကြုံတွေ့ရလေ့ရှိသည်။ ဥပမာအားဖြင့် ပြန်လည်နေရာချထားရေး စခန်းရှိ လူများအတွက်ကမူ ခန်းမကျယ်ကြီးထဲတွင် အခန်းခွဲထားခြင်းမျိုးမရှိဘဲ နေထိုင်ရခြင်းကြောင့် ခိုးယူမှုများဖြစ်နိုင်ဖွယ်ရာရှိသည်။ယောကျ်ားများနှင့် မိန်းမများပါ အတူတကွ နေထိုင်နေရသောကြောင့် ကိုယ်ပိုင်လွတ်လပ်ခွင့်မရှိသော ဖြစ်ရပ်မျိုးများလည်းရှိလာသည်။ သင့်တော်သော ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်းသည်လည်း လက်ရှိတွင် ဖြစ်နေသော စိုးရိမ်ရမည့်ကိစ္စတစ်ခုဖြစ်သည်။


| လားရှိုး : အများဆုံးကြားရသော အကြောင်းအရာများ |
|---|
| ၁။ အစိုးရ အာဏာပိုင်များအနေနှင့် ဝင်ပါရန် အမိန့်မကျသောကြောင့် အကြမ်းဖက်မှုကို ထိန်းသိမ်းနိုင်ခဲ့ခြင်း မရှိကြချေ။ |
| ၂။ အဓိကရုဏ်းဖြစ်ခြင်းကြောင့် ဘာသာခြားအုပ်စုများ အချင်းချင်း စီးပွားရေးအရ ဆက်ဆံမှုကိုထိခိုက်သွားသည်။ |
| ၃။ အကြမ်းဖက်မှုသည် စီစဉ်တကျလုံ့ဆော်ခြင်းဖြစ်ပြီး ဘာသာရေးကြောင့် ဖြစ်ခြင်း မဟုတ်ပေ |
| ၄။ မွတ်စလင်အသိုင်းအဝိုင်းမှ လူများလည်း စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ခွဲခြားဆက်ဆံခံရမှုများ ခံရသည်။ |
| ၅။ အဓိကရုဏ်းကြောင့် နှစ်ဖက်ဘာသာအုပ်စုများ ဆက်ဆံရေးအပေါ် ဆိုးကျိုးများ သက်ရောက်စေသည် |
| ၆။ သူစိမ်းများက မြို့တွင်ရှိ ဗလီတစ်လုံးကို ဖျက်ဆီးပြီး စေတီကိုလည်း ဖျက်ရန်ကြံသည်။ |
| ၇။ လားရှိုးတွင် ဖြစ်သွားသော အဓိကရုဏ်းမှာ မည်သို့မှ ထင်မှတ်မထားသော အခြေအနေဖြစ်သည်။ |
| ၈။ ဆူပူမှုဖြစ်သွားချိန်တွင် လူအများမှာ ကမ္ဘာပျက်သကဲ့သို့ပင် ထင်မှတ်ကြရ၏ |
| ၉။ အာဏာပိုင်များက မွတ်စလင်များကို မိဘမဲ့ကလေးငယ်များအတွက် စာသင်ကျောင်းဆောက်ခွင့်မပေးချေ။ |

## ခွဲခြမ်းစိတ်ဖြာချက်

နားဆင်သူများသည် လားရှိုးတွင် မတူညီသော ဘာသာကွဲများ စုစုပေါင်း ၂၅ယောက်နှင့် စကားပြောဆိုခဲ့ကြသည်။ ၁၅ယောက် (၆၀%) မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၈ယောက် (၃၂%) မှာ မွတ်စလင်များဖြစ်ကြသည်။ ၁ယောက် (၄%) မှာခရစ်ယာန်ဖြစ်ကာ ၁ယောက် (၄%) မှာ ဟိန္ဒူဖြစ်သည်။ အောက်ပါဇယားတွင် ပြောကြားသူတို့၏ ကိုးကွယ်သော ဘာသာကို ပြသထားပါသည်။




ပြောကြားသူတို့တွင် ၁၆ယောက် (၆၄%) မှာ ယောက်ျားများဖြစ်ကြပြီး ၉ယောက် (၃၆%) မှာ မိန်းမများဖြစ်ကြသည်။ ၈ယောက် (၃၂%) မှာ အသက်၂၀-၃၀နှစ်အရွယ် လူများဖြစ်ကြပြီး ၄ယောက် (၁၆%) မှာ၃၁-၄၀နှစ်အရွယ်များဖြစ်ကြကာ ၅ယောက် (၂၀%) မှာ ၄၁-၅၀များဖြစ်ကြပြီး ၇ယောက် (၂၈%) မှာ၅၁-၆၀နှစ်အရွယ်များဖြစ်ကြသည်။ ထိုနောက် ၁ယောက် (၄%) မှာ အသက် ၆၀နှစ်အထက်ဖြစ်သည်။လားရှိုးရှိ အသိုင်းအဝိုင်းမှ လူများ၏ အသက်အရွယ်စာရင်းကို အောက်တွင်ဖော်ပြထားသည်။




### *အကြမ်းဖက်မှုမတိုင်မီက အသိုင်းအဝိုင်းတွင်း စည်းလုံးမှု*

လူအများစုကလည်း လားရှိုးတွင် အကြမ်းဖက်မှု ဖြစ်ပွားလိမ့်မည်ဟု မထင်ထားခဲ့ချေ။ ဘာသာရေးနှင့်လူမျိုးရေး နောက်ခံမတူ ကွဲပြားသော လူများသည် ချစ်ချစ်ခင်ခင် နေခဲ့ကြသည်ဟု ဆိုသည်။ တစ်ချို့ဆိုလျှင် ငယ်သူငယ်ချင်းများပင် ဖြစ်သည်ဟု ဆိုသည်။ အခြားနယ်များတွင် အဓိကရုဏ်း ဖြစ်နေသည်ကိုကြားသော်လည်း ထိုကဲ့သို့သော ဖြစ်ရပ်မျိုး ယခင်က မဖြစ်ခဲ့ဖူးသောကြောင့် ဖြစ်လိမ့်မည်ဟု မထင်ခဲ့ချေ။ ဆူပူမှုများ ဖြစ်သည့်အခါ လူအများက ကျွှာပျက်တော့မလားပင် ထင်မှတ်မှားခဲ့ရသည်။

## *အကြမ်းဖက်မှုသည် အဖွဲ့အစည်းတို့မှ လှုံ့ဆော်ခြင်းဖြစ်ပြီး ဘာသာရေးနှင့်မဆိုင်ချေ*

အကြမ်းဖက်မှုဖြစ်ပွားသော ရက်သတ္တပတ်တွင် သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှ ဝါဒဖြန့်သီချင်းများနှင့် မွတ်စလင်ဆန့်ကျင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေနေသည်ကို တွေ့ရသည်။ သို့ရာတွင် အသိုင်းအဝိုင်းအတွင်းရှိ လူအများစုကမူ ထိုအကြမ်းဖက်မှုသည် အစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီနှင့် ဘာသာရေးအစွန်းရောက်အဖွဲ့အစည်းများ၏ စီစဉ်တကျ လှုံ့ဆော်မှုကြောင့် ဖြစ်သည်ဟု ယုံကြည်ကြသည်။ လူအများကလည်း သူစိမ်းများက ဗလီများနှင့် ဈေးဆိုင်များကို ဖျက်ဆီးနေသည်ကို တွေ့ရပြီး ဆူပူသောင်းကျန်းသူများတွင် ရင်းနှီးသောသူများကို မတွေ့ရဟုဆိုသည်။

## *အကြမ်းဖက်မှုက ဆက်ဆံရေးကို ထိခိုက်စေသည်*

ထိုအဓိကရုဏ်း မဖြစ်ခင်က ဘာသာခြားအုပ်စုမှသူများသည် မိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြသည်။ အကြမ်းဖက်မှုက လူအများ၏ ဆက်ဆံရေးကို သွားရောက် ထိခိုက်လေသည်။ မယုံကြည်မှုများကို ဖြစ်ပေါ်လာစေပြီး တစ်ယောက်နှင့်တစ်ယောက်ကို သူစိမ်းများကဲ့သို့ ဖြစ်သွားစေသည်။ မွတ်စလင်များ ထိုကဲ့သို့ ခံစားနေရမှုအပေါ် လူအချို့မှာ အပြစ်ရှိသလို ခံစားရသည်။ မွတ်စလင်တစ်ချို့က ပြောသည်မှာ ယခင်က သူငယ်ချင်းများ ဖြစ်ခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်များကို ကြောက်လန့် လာသည်ဟုဆိုသည်။ တက္ကသိုလ်ကျောင်းသားများက ပြောသည်မှာ ဘာသာခြားများနှင့် သူငယ်ချင်းဖွဲ့ရမည်ကိုလည်း တွန့်ဆုတ်နေမိပြီး သူတို့အနားတွင် အမြဲသတိထားနေရမလို ခံစားနေရသည်ဟု ဆိုသည်။

ထိုအဓိကရုဏ်းသည် ရှိရှိသမျှ ဘာသာရေးအုပ်စုများ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများကို သွားသက်ရောက်လေသည်။ တစ်ချို့ကမူ မွတ်စလင်ဆိုင်များတွင် ဈေးမဝယ်တော့သကဲ့သို့ ရှမ်းနှင့်တရုတ်ကုန်သည်များကလည်း မွတ်စလင်တို့နှင့် ကုန်သွယ်ခြင်းကို ရပ်ဆိုင်းလိုက်သည်။ ညမထွက်ရ အမိန့်ထုတ်ပြန်ပြီး ညနေ၆နာရီမတိုင်မီ ဆိုင်ပိတ်ရခြင်းကြောင့်လည်း ဈေးဆိုင်ပိုင်ရှင်တို့ကို ထိခိုက်နစ်နာစေသည်။

ထိုအကြမ်းဖက်မှုပြီးနောက်ပိုင်းတွင် မွတ်စလင်များအား ခွဲခြားဆက်ဆံခြင်းများ ရှိလာသည်ကို လူအများက သတိပြုမိကြလေသည်။ ဥပမာအားဖြင့် မွတ်စလင်အသိုင်းအဝိုင်းတို့က သူတို့ ကလေးများအတွက် မိဘမဲ့ကလေးစာသင်ကျောင်းကို ပြန်လည် တည်ဆောက်လိုသော်လည်း ဒေသခံအာဏာပိုင်များက ခွင့်မပြုချေ။ ဆူပူမှုတွင် ပျက်ဆီးခဲ့ရသော ဗလီကိုမူ ပြန်ဆောက်ခွင့် ပေးသည်။ ဟိန္ဒူဘာသာဝင်အများစုမှာလည်း မွတ်စလင်တို့နှင့် ရုပ်ရည်သွင်ပြင် ဆင်တူ နေသောကြောင့် ခွဲခြားဆက်ဆံခံရခြင်းများကို ခံနေရလေသည်။

## မွန္တလေး : အများဆုံးကြားရသော အကြောင်းအရာများ

၁။ ဆူပူမှုများတွင် အဖွဲ့အစည်းများ ပါဝင်နေသည်။ အစိုးရ၊ စစ်တပ်နှင့် နိုင်ငံရေးပါတီများ

၂။ ရာဇဝတ်မှုများကို တရားဥပဒေနှင့် အညီမဖြေရှင်းကြပေ။ ထို့အပြင် အခြေအနေတစ်ရပ်ကို အသိုင်းအဝိုင်းတို့မှ အကြမ်းဖက်ဆူပူခြင်းဖြင့် တုံ့ပြန်ကြသည်။

၃။ အသိုင်းအဝိုင်းတို့မှာလည်း ကြောက်ရွံ့နေရပြီး မည်သူမှ ထိုအဓိကရုဏ်းမျိုးကဲ့သို့ အခြေအနေမျိုးကို ထပ်မဖြစ်စေလိုတော့ချေ။

၄။ ဆူပူပြီး အဓိကရုဏ်းဖြစ်နေခိုက်တွင် မင်းမဲ့တိုင်းပြည်ကဲ့သို့ ခံစားနေရသည်။

၅။ ဘာသာရေးအဖွဲ့အစည်းအားလုံးမှ လူများ၏ စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများသည်လည်း ထိုအကြမ်းဖက်မှုကြောင့် ထိခိုက်ခဲ့ရသည်။

၆။ အသိုင်းအဝိုင်းအတွင်းရှိ ဘာသာရေးခေါင်းဆောင်များနှင့် ၎င်းတို့၏ နောက်လိုက်များအကြားတွင်လည်း ဘာသာရေးဆိုင်ရာ ယုံကြည်မှုများ၊ ကျင့်ကြံအားထုတ်မှုများနှင့် ဓလေ့ထုံးတမ်းများနှင့် ပတ်သတ်ပြီး အပြန်အလှန် နားလည်မှုရှိရန် လိုအပ်သည်။

၇။ လူအများသာ နိုင်ငံရေးအခြေအနေကို နားလည်ခဲ့ပါက ထိုအဓိကရုဏ်းတွင် ပါဝင်ဖြစ်အောင် သိမ်းသွင်းခံရမည်မဟုတ်။

၈။ အသိုင်းအဝိုင်းသာ စည်းလုံးပါက သွေးခွဲမှုသည်လည်း အရာရောက်မည်မဟုတ်။


၉။ ဆူပူမှုများသည် အသိုင်းအဝိုင်းပြင်ပမှလူများ ပြုလုပ်သွားခြင်းဖြစ်သည်။ ထိုသူများသည် မန္တလေး၏အထင်ကရ အဆောက်အအုံများ၊ လမ်းများကို မသိချေ။

၁၀။ အဓိကရုဏ်းသည် အသိုင်းအဝိုင်း၏ ရှုထောင့်ပေါင်းစုံ (စီးပွားရေးနှင့်လူမှုရေး) ကို ထိခိုက်လေသည်။


၁၁။ အာဏာပိုင်များက လက်သည်တရားခံ မည်သူမည်ဝါမှန်း သိသော်လည်း တားဆီးရန်မလုပ်ချေ။ ထို့အပြင် မိမိကိုယ်ကို ကာကွယ်ရန် လက်နက်ဆောင်သူများကိုပင် ထောင်သွင်းအကျဉ်းချသည်။

# ခွဲခြမ်းစိတ်ဖြာချက်

နားဆင်သူတို့သည် မန္တလေးရှိ ဘာသာပေါင်းစုံမှ လူပေါင်း၃၁ယောက်နှင့် စကားပြောဖြစ်ခဲ့ကြလေသည်။ ၁၅ယောက် (၄၈%)မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြကာ ၁၃ယောက် (၄၂%) မှာ မွတ်စလင်များဖြစ်ကြပြီး ၂ယောက် (၇%) မှာ ခရစ်ယာန်များ ဖြစ်ကြကာ ၁ယောက် (၃%)မှာ ဟိန္ဒူဖြစ်သည်။ အောက်ပါဇယားသည် ပြောကြားခဲ့သော သူတို့၏ ကိုးကွယ်သော ဘာသာကို ပြသလေသည်။




၁၈ ယောက် (၅၈%) မှာ ယောကျ်ားများဖြစ်ကြပြီး ၁၃ယောက် (၄၂%) မှာ မိန်းမများဖြစ်ကြကာ၁၀ယောက် (၃၂%) မှာ ၂၀-၃၀နှစ်ကြား ဖြစ်ကြကာ ၆ယောက် (၁၉%) မှာ ၃၁-၄၀ ကြားဖြစ်ကြသည်။၈ယောက် (၂၆%) မှာ ၄၁-၅၀နှစ်အတွင်းဖြစ်ကာ ၁ယောက် (၃%) မှာ ၅၁-၆၀နှစ်အတွင်းဖြစ်ပြီး၁ယောက် (၃%) မှာ ၆၀နှစ်နှင့်အထက်ဖြစ်သည်။ မန္တလေးရှိ ပြောကြားသူတို့၏ အသက်အရွယ်ကို အောက်ပါဇယားတွင်ပြထားသည်။



## *အကြမ်းဖက်မှုသည် အဖွဲ့အစည်းတို့မှ လှုံ့ဆော်ခြင်းဖြစ်ပြီး ဘာသာရေးနှင့် မသက်ဆိုင်ပေ*

အသိုင်းအဝိုင်းတွင်းရှိ လူတော်တော်များများက အကြမ်းဖက်မှုသည် ကြိုးကိုင် လှုံ့ဆော်ခြင်း ခံရသည်ဟုပြောသည်။ သို့ရာတွင် အသိုင်းအဝိုင်းရှိ လူများမှာ မည်သည့်အဖွဲ့အစည်းက ကြိုးကိုင်နေကြောင်းကို ရေရေလည်လည် မသိချေ။သို့ရာတွင် အစိုးရ၊ စစ်တပ်၊ နိုင်ငံရေး ပါတီများနှင့် ဘာသာရေးအစွန်းရောက် အဖွဲ့အစည်းများ ဖြစ်မည်ဟုယူဆသည်။ အချို့က အကြမ်းဖက်မှု မဖြစ်ပွားမီတွင် မန္တလေးရှိသူများက ပုဒ်မ၄၃၃ပြင်ဆင်ရန် (လွှတ်တော်ထဲရှိ တပ်မတော် ကိုယ်စားလှယ်များ အနေဖြင့် မည်သည့်ပြင်ဆင်မှုမျိုးကိုမဆို ဗီတိုအာဏာသုံးကာ ပယ်ချနိုင်သော ပုဒ်မ) ထောက်ခံဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ ထိုသူများက ဆူပူမှုများ သည် အခြေခံဥပဒေ ပြင်ဆင်ရေး ဆန္ဒမဲကောက်ခံမှုမှ လူအများအာရုံလွဲအောင် ဘာသာ ရေးကို နိုင်ငံရေးလက်နက် တစ်ခုအနေနှင့် အသုံးချသော ဗဟိုအစိုးရက လှုံ့ဆော်ချ က်တစ်ရပ် ဖြစ်သည်ဟု ရှုမြင်ကြသည်။ အများစု၏ အမြင်တွင်လည်း ပြင်ပမှလူများက ဆူပူမှုကိုစုဝေးပြီး ထိန်းချုပ်နေသည်ကို တွေ့ရသည်။ ထိုအချက်သည် သွေးထိုးလှုံ့ ဆော်သူများက မန္တလေးမြို့၏ အထင်ကရ အဆောက်အအုံများနှင့်လမ်းများကို မသိခြင်းဟူသော အချက်ကို အခြေခံပြီး သိရှိလာခြင်းဖြစ်သည်။

အသိုင်းအဝိုင်းမှလည်း သတိထားမိသည်မှာ မွတ်စလင်တစ်ယောက်က ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ယောက်ကို မုဒိမ်းကျင့်လိုက်သည်ဟူသော ကောလဟာလပျံ့ရာမှ အကြမ်းဖက်မှု စတင်ဖြစ်ပွားသည်ကို သတိထားမိကြလေသည်။ ထိုအချင်းအရာကို တရားဥပဒေနှင့်အညီ ဖြေရှင်းရန်မကြိုးစားပဲ အဓိကရုဏ်းဖြစ်စေရန် လှုံ့ဆော်ရာတွင် သုံးခဲ့သည်။ ဒေသဆိုင်ရာ အာဏာပိုင်များကလည်း မည်သူများ အကြမ်းဖက်မှုတွင် ပါဝင်နေသည်ကို သိသော်လည်း တားဆီးရန် မကြိုးစားခဲ့ချေ။ ထို့အပြင် မိမိကိုယ်ကို ကာကွယ်ရန် လက်နက်ကိုင်ဆောင် အသုံးပြုသူများကို ထောင်သွင်း အကျဉ်းချခဲ့သည်။

## *အကြမ်းဖက်မှုသည် လူအားလုံးကို ထိခိုက်သည်*

ဆူပူမှုဖြစ်ပွားနေစဉ်အတွင်းတွင် မင်းမဲ့တိုင်းပြည်ကဲ့သို့ဖြစ်သွားပြီး တရားဥပဒေများလည်း မရှိတော့ချေ။ ရဲများရှိသော်လည်း အထက်အမိန့်မရသောကြောင့် အကြမ်းဖက်မှုကို တားဆီးခြင်းမရှိဟု လူအများကမြင်လေသည်။ အကြမ်းဖက်မှုပြီးသည့်နောက်တွင်ပင်

အသိုင်းအဝိုင်းတို့မှာ ကြောက်ရွံ့နေကြရသည်။ အသိုင်းအဝိုင်းတို့မှာလည်း အကြမ်းဖက်မှု ကြောင့် ထိခိုက်ဒဏ်ရာခံစားရပြီး ထိုအကြမ်းဖက်မှုကို ထပ်မံမဖြစ်စေလိုတော့ချေ။ အကြမ်းဖက်မှုသည် မန္တလေးမြို့နေထိုင်မှု၏ ဘက်ပေါင်းစုံကို စီးပွားရေးအရရော လူမှုရေးအရပါ ထိခိုက်သည်။ ပုဒ်မ၁၄၄ ထုတ်ပြန်လိုက်သောအခါ မည်သူမှ မနက်၉နာရီမှ ညနေ၆နာရီအတွင်း အပြင်ထွက်ခွင့်မရှိတော့ချေ။ ထို့ကြောင့်ဈေးထဲတွင် နံနက်စောစော စီးစီး ဈေးရောင်းသူတို့အဖို့ ၎င်းတို့၏ ကုန်ပစ္စည်းများကို နံနက်စောစောတွင် ရောင်းချခွင့် မရှိတော့ချေ။

## *အသိုင်းအဝိုင်းတို့ဘက်မှလည်း ဘာသာရေးအုပ်စုအချင်းချင်း အပြန်အလှန် နားလည်ရန်လိုအပ်သည်*


လူအများက ပြောသည်မှာ ၎င်းတို့၏ ဘာသာရေးခေါင်းဆောင်များနှင့် နောက်လိုက်များ အကြားအပြန်အလှန်နားလည်မှုကိုတိုးမြှင့်သင့်သည်ဟုဆိုသည်။အကြံတစ်ခုပေးသည်မှာ မူလတန်းအဆင့်တွင်ဘာသာရေးများနှင့် ၎င်းတို့၏ ဓလေ့များရိုးရာများ အကြောင်းကို ဘာသာရေး အသိပညာပေးရေး အနေဖြင့် သင်ကြားပေးရန်ဖြစ်သည်။ နောက်ထပ်အကြံ ပေးချက်တစ်ခုမှာ ဘာသာရေးဆိုင်ရာ အုပ်စုအဖွဲ့အစည်းများကို ညီညွတ်မျှတစွာ နေစေနိုင်မည့် ဘာသာပေါင်းစုံ လှုပ်ရှားမှုများကို မြှင့်တင်ခြင်းတို့ ဖြစ်သည်။

အသိုင်းအဝိုင်းတို့ကလည်း အသိအမှတ်ပြုသည်မှာ ကောလဟာလတို့ကလည်း အကြမ်း ဖက်မှု လှုံ့ဆော်ရာတွင် တစ်စိတ်တစ်ဒေသ ပါဝင်နေသည် ဟူ၍ဖြစ်သည်။ နိုင်ငံရေး အဖွဲ့အစည်း (စစ်တပ်၊အစိုးရနှင့်နိုင်ငံရေးပါတီ) မှလှုံ့ဆော်လာသော အကြမ်းဖက်မှုများကို သူတို့မတုံ့ပြန်နိုင်ဟု ခံစားနေရသည်။သို့ရာတွင် သူတို့ယုံကြည်သည်မှာ ကောလဟာလ ပျံ့ပွားမှုကို နည်းပါးအောင် ပြုလုပ်နိုင်လျှင် နောင်တစ်ချိန်တွင် ဆူပူမှုများကို တားဆီး ပေးနိုင်လိမ့်မည်ဟု ယုံကြည်လေသည်။ အချို့ကလည်း သတိထားမိသည်မှာ အသိုင်း အဝိုင်းတို့မှ နိုင်ငံရေးအခြေအနေကို နားလည်သင့်ပြီး စည်းလုံးမှုကို တည်ဆောက်ပါမှ နိုင်ငံရေးလှည့်ကွက်များသုံးကာ လှည့်စားပြီး ဆူပူမှုများကို သွေးထိုးလှုံ့ဆော်ခြင်းများ လုပ်၍ရနိုင်လိမ့်မည် မဟုတ်ဟူသော အချက်ပင်ဖြစ်သည်။


| ပဲခူးအနောက်ဘက် : အများဆုံးကြားရသော အကြောင်းအရာများ |
| --- |
| ၁။ ဖြစ်ပွားခဲ့သော အဓိကရုဏ်းများအားလုံးသည်အဖွဲ့အစည်းတို့မှ လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။ |
| ၂။ တာဝန်ရှိသူတို့ဘက်မှလည်း အခြေအနေကို ကောင်းကောင်း မထိန်းသိမ်းချေ။ |
| ၃။ ထိုအရာသည် တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် ဖြစ်သည်။ |
| ၄။ စာသင်ကျောင်းများတွင် မွတ်စလင်များကိုလည်း ခွဲခြားဆက်ဆံခြင်းများလည်း ရှိလာသည်။အထူးသဖြင့် မူလတန်းကျောင်းများတွင် ပိုများသည်။ |
| ၅။ ပြီးခဲ့သော ဆူပူမှုများတွင် ပျက်စီးသွားသော ဗလီများကိုလည်း ပြန်လည်တည်ဆောက်ခွင့်မရချေ။ |

## ခွဲခြမ်းစိတ်ဖြာချက်

ပဲခူးအနောက်ဖက်တွင် နားဆင်သူတို့အနေနှင့် လူပေါင်း၄၅ယောက်ကို စကားပြောဆိုခဲ့ကြသည်။ ၂၄ ယောက် (၅၃%) မှာ မွတ်စလင်များဖြစ်ကြပြီး ၉ယောက် (၂၀%) မှာ ဗုဒ္ဓဘာသာများဖြစ်ကြကာ၄ယောက် (၉%) မှာ ဟိန္ဒူများဖြစ်ပြီး ၂ယောက် (၅%) မှာ ခရစ်ယာန်များဖြစ်ကြသည်။ ၆ယောက်မှာမူ၄င်းတို့ကိုးကွယ်သော ဘာသာကို ထည့်ရေး မထားချေ။ အောက်တွင်ပြထားသောဇယားသည် ပဲခူးတိုင်းအနောက်ဘက်ရှိ အသိုင်းအတွင်းရှိ လူတို့၏ ကိုးကွယ်ရာဘာသာများကို ပြထားခြင်း ဖြစ်သည်။



ပြောကြားသူ ၃၅ ယောက်(၇၈%)မှာ ယောက်ျားများ ဖြစ်ကြပြီး ၁၀ယောက် (၂၂%) မှာ အမျိုးသမီးများဖြစ်ကြသည်။ ၉ယောက် (၂၀%) မှာ အသက်၂၀-၃၀ နှစ်အရွယ်အတွင်း ဖြစ်ပြီး ၁၃ယောက် (၂၉%) မှာ၃၁-၄၀နှစ်အတွင်း ရှိသည်။၆ယောက် (၁၃%) မှာ ၄၁-၅၀ နှစ်အကြားရှိသည်။ ၁၁ယောက် (၂၅%) မှာ၅၁-၆၀နှစ်အတွင်း ရှိသည်။ ၄ ယောက် (၉%) မှာ အသက်၆၀ကျော်များ ဖြစ်ကြကာ နှစ်ယောက်ကမူ၄င်းတို့၏ အသက်ကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ချေ။ ထိုအသိုင်းအဝိုင်းရှိ လူများ၏ အသက်အရွယ်အပိုင်း အခြားကို အောက်ပါဇယားတွင် ပြထားသည်။




## *လူအများသည် တစ်ဦးကိုတစ်ဦး ယုံကြည်မှု ရှိခဲ့ကြသည်*

အကြမ်းဖက်မှု မဖြစ်ပွားခင်က လူတို့သည် ဘာသာခြားများနှင့် ငြိမ်းငြိမ်းချမ်းချမ်း အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည်။ အသိုင်းအဝိုင်းတွင်းတွင်လည်း ယုံကြည်မှုရှိခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ဘာသာမတူသော ကုန်သည်များနှင့် လယ်သမားများပင် တစ်ဦးကိုတစ်ဦး ယုံကြည်သောကြောင့် ကြိုတင်ငွေပေးခြင်းများ ပြုလုပ်လေ့ရှိကြသည်။ လူအများ၏ နေ့စဉ်ဘဝများတွင်လည်း ကြောက်ရွံ့နေစရာမလိုချေ။

## *ဆူပူမှုများ မဖြစ်ပွားမီ အမုန်းစကားများကို ကြားခဲ့ရသည်*

ဆူပူမှုများမဖြစ်ပွားမီတွင် ပြဿနာအရိပ်အရောင်များကို တွေ့ခဲ့ရသည်။ အမုန်းစကားများ လည်း အမြဲလိုလို ကြားနေရပြီး "မွတ်စလင်တွေ ကမ္ဘာကြီးကို သိမ်းတော့မယ်" ဟူသော စကားများလည်း ပျံ့နှံ့လျက်ရှိသည်။ မွတ်စလင်ဆန့်ကျင်ရေး သီချင်းများလည်း ကြား နေရပြီး မွတ်စလင်များကို စိတ်ဆိုးစေ၊ကြောက်ရွံ့စေသည်။

## *အကြမ်းဖက်မှုသည် အဖွဲ့အစည်းတို့မှ လှုံ့ဆော်ခြင်းဖြစ်သည်*

လူအများစုကခံစားရသည်မှာ ဆူပူမှုကိုစတင်ရန်အတွက် စနစ်တကျ အားထုတ်မှုများ ရှိခဲ့သည်ဟုခံစားရသည်။ အသိုင်းအဝိုင်းတို့က ယုံကြည်ကြသည်မှာ အစိုးရနှင့် နိုင်ငံရေးပါတီတို့ကိုသာ အပြစ်ဖို့ရန်ရှိပြီး သူတို့ဝင်မပါပါက ထိုဆူပူမှုများလည်း ဖြစ်လာစရာအကြောင်းမရှိဟု ယုံကြည်ကြသည်။ အချို့သူများကလည်း လွှတ်တော်အမတ်များနှင့် တိုင်းဒေသကြီးအဆင့် အာဏာပိုင်များပါ ပါဝင်သည်ဟု ယုံကြည်ကြသည်။

## *အကြမ်းဖက်မှုသည် ဘာသာရေးနှင့် မသက်ဆိုင်ပါ*

ထိုအဓိကရုဏ်း ဖြစ်ပွားနေစဉ်အတွင်းတွင် ဗုဒ္ဓဘာသာရဟန်းတို့မှာ ကဏ္ဍနှစ်မျိုးတွင် ပါဝင်နေသည်။ အချို့မြို့နယ်များတွင် သူတို့ကိုယ်တိုင် ပါဝင်ပြီး တစ်ခါတစ်ရံတွင် သူတို့ကပင် ဦးဆောင်ခြင်းများ ရှိသကဲ့သို့ ပဲခူးအနောက်ဘက်ရှိ အချို့မြို့များတွင် ဗုဒ္ဓဘာသာရဟန်းများနှင့် အသိုင်းအဝိုင်းတို့က မွတ်စလင်များကို အန္တရာယ်ကင်းစေရန် ကူညီပေးကြသည်။

## *တရားဥပဒေ စိုးမိုးမှု မရှိခြင်း*

လူအများက သတိထားမိသည်မှာ မြို့တွင်းရှိ ဒေသခံ အာဏာပိုင်များက အကြမ်းဖက်မှုကို ကောင်းကောင်း မထိန်းသိမ်းနိုင်ကြပေ။ အချို့ဖြစ်ရပ်များတွင် ရဲများနှင့် အစောင့်များကို အိမ်များအား စောင့်ကြည့်ရန် တာဝန်ချထားသော်လည်း လူအုပ်ကြီးပေါ်လာသောအခါ သူတို့က ဘေးထွက်နေပြီး မွတ်စလင်အိမ်များကို ဖျက်ဆီးသည်ကို ကြည့်နေသည်။ အချို့မျက်မြင်သက်သေများကလည်း နေ့ခင်းဘက်တွင် ဆူပူအကြမ်းဖက်မှုလုပ်နေသော လူအချို့ကို ညအချိန်တွင် လုံခြုံရေးတာဝန်ကျ ယူနီဖောင်းများနှင့် တွေ့ရသည်ဟုဆိုသည်။

## *မွတ်စလင်များ ခွဲခြားဆက်ဆံခံရသည်*

မွတ်စလင်များသည် ပဲခူးအနောက်ဘက်တွင် ခွဲခြားဆက်ဆံခံရမှုမျိုးစုံ ကြုံတွေ့ခဲ့ရသည်။ မွတ်စလင်တို့ကလည်း ဗုဒ္ဓဘာသာဝင်တို့၏ သာရေးနာရေး လှုပ်ရှားမှုများတွင် ပါဝင်သင့် မဝင်သင့် မသိတော့ကြောင်းပြောသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ပွဲလမ်းသဘင်တို့တွင်

ပါဝင်သောအခါ မွတ်စလင်ဆန့်ကျင်ရေးစကားများ ကြားရမည်ကို ကြောက်နေကြောင်းပြောပြသည်။

ကျောင်းများတွင်လည်း မွတ်စလင်ကလေးငယ်များကို ခွဲခြားဆက်ဆံခံရပုံများအကြောင်း ပြောပြလေသည်၊ အထူးသဖြင့် မူလတန်းကျောင်းများတွင် ဖြစ်သည်။ ခရစ်ယာန်ကျောင်းဆရာ တစ်ဦးက ကျောင်းသို့ ထောက်ပံ့ရေးပစ္စည်းများ သွားယူရာတွင် ကျောင်းဆရာတစ်ယောက်က မွတ်စလင်ကလေးငယ်တစ်ဦးကို ဘေးသို့တွန်းဖယ်လိုက်ပြီး "ဒါမင်းအတွက် မဟုတ်ဘူး"ဟု ပြောသည်ကို မြင်တွေ့ခဲ့ရသည်။

အသိုင်းအဝိုင်းတို့မှာလည်း ပြီးခဲ့သော ဆူပူမှုများအတွင်း ပျက်စီးခဲ့သော ဗလီများကို ပြန်ဆောက်ခွင့် မရချေ။မြို့တစ်မြို့တွင် ဖျက်ဆီးခံခဲ့ရသော ဗလီတစ်လုံးကို ပြန်ဆောက်ခွင့် မပေးသည့်အတွက် မွတ်စလင်များမှာ သောကြာနေ့ ဝတ်ပြုဆုတောင်းရန်အတွက် ကီလိုမီတာ၂၀ခန့်ဝေးသော နေရာသို့သွားရလေသည်။အချို့အသိုင်းအဝိုင်းအတွင်းရှိ လူများက ထိုအရာသည် အသိုင်းအဝိုင်း အတွင်း အမုန်းတရားပွားများစေရန် ပြုလုပ်ထားသောအစိုးရ၏လက်ချက်ဖြစ်သည်ဟုဆိုသည်။

## *အသိုင်းအဝိုင်းတို့မှာလည်း ညီညီညွတ်ညွတ်နေရန် လိုအပ်သည်*

လူတော်တော်များများက ပညာရေးကို အသိုင်းအဝိုင်းတို့အတွက် အဓိကလိုအပ်သော အရာဖြစ်သည်ဟု ဆိုကြသည်။ အသိုင်းအဝိုင်းအတွင်းရှိ လူတို့မှာလည်း ပြည်သူ့အခွင့်အရေးနှင့် လူ့အခွင့်အရေးအကြောင်း သိရန်လိုအပ်သည်။ လူအများတို့ကလည်း ဘာသာရေးအသိပညာပေးရေး အစီအစဉ်အနေနှင့် ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းပွဲကဲ့သို့ အစီအစဉ်များ ပြုလုပ်ကာ ညီညွတ်စွာ ယှဉ်တွဲနေနိုင်ရေးနှင့် အပြန်အလှန် လေးစားမှုကို အားပေးရန် လိုအပ်သည်။

အသိုင်းအဝိုင်းအတွင်းရှိ လူများအနေနှင့်လည်း မသေချာသော ကောလဟာလများ ဖြန့်ဝေမှုကြောင့်ဖြစ်လာနိုင်သော အန္တရာယ်တို့ကို လူအများသိရှိရန် လိုအပ်ကြောင်း ပြောပြလေသည်။

## စစ်တွေ ႏ အများဆုံးကြားရသော အကြောင်းအရာများ

၁။ အသိုင်းအဝိုင်းတို့သည်လည်း ထိုအကြမ်းဖက်မှုကြောင့် ထိခိုက်ကြေကွဲရသည်။ ယခုတွင်လူအများနေ့စဉ်နှင့်အမျှ ကြောက်ရွံ့နေရပြီး မလုံမခြုံနှင့် နေထိုင်နေရသည်။

၂။ သတင်းမီဒီယာများကလည်း အကြမ်းဖက်မှုဖြစ်ပွားစေရန် ဘက်လိုက်သော အရေးအသားများဖြင့်ဖော်ပြသည်။

၃။ တရားဥပဒေလွှမ်းမိုးမှုလည်း မရှိချေ။ အသိုင်းအဝိုင်းအတွင်းရှိ လူတို့မှာ မည်သည့် ဘာသာဝင်ပင် ဖြစ်စေ တရားဥပဒေကိုလိုက်နာသင့်သည်။

၄။ လူအများကလည်း ထိုဆူပူသောင်းကျန်းမှုများကို ပျံ့နှံ့သွားစေရန် မရည်ရွယ်ချေ။

၅။ အစိုးရဘက်မှလည်း မတည်မငြိမ်ဖြစ်စေရန် ဆူပူမှုများနှင့် အဓိကရုဏ်းများကို ဖန်တီးသည်။

၆။ အဓိကရုဏ်းသည် နေ့စဉ်လူနေမှုဘဝ၏ ရှုထောင့်ပေါင်းစုံကို ထိခိုက်လေသည်။ ထိုအထဲတွင် အမြင့်မားဆုံးမှာ ရှင်သန်နေထိုင်ရေးခက်ခဲမှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးလစ်ဟာမှုတို့ ဖြစ်သည်။

၇။ ညမထွက်ရ အမိန့်ထုတ်လိုက်ခြင်းသည် စီးပွားရှာဖွေမှုကို ထိခိုက်စေပြီး အသိုင်းအဝိုင်း၏ အခြားသော နေ့စဉ်ဆောင်ရွက်ဖွယ် ကိစ္စတို့ကို ပြုလုပ်မရနိုင်ရန် တားဆီးလေသည်။

၈။ ပြည်နယ်အစိုးရထံတွင်သာ အာဏာဗဟိုပြုနေခြင်းက အကြမ်းဖက်မှုကို ကိုင်တွယ်ရာတွင် နှောင့်နှေးစေသည်။

၉။ အသိုင်းအဝိုင်းအတွင်းတွင်သာမက အပြင်တွင်ပါ မယုံသင်္ကာဖြစ်မှုများ မြင့်တက်လာကြသည်။

၁၀။ အကြမ်းဖက်မှုတွင် ပါဝင်ရန် သူစိမ်းများက အသိုင်းအဝိုင်းအတွင်းရှိ လူများကို သွေးဆောင်သည်။

၁၁။ အကြမ်းဖက်မှုများသည် ရခိုင်ပြည်၏ သယံဇာတများနှင့် မြေနေရာများကို တူးဖော်အသုံးပြုသော ကိစ္စများတွင် လူထုအာရုံလွဲစေရန် ပြုလုပ်ခြင်းဖြစ်သည်။

၁၂။ ဘာသာရေးအယူသည်းသူများက အကြမ်းဖက်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။

၁၃။ UN ကဲ့သို့ နိုင်ငံတကာရေးရာ လှုပ်ရှားသူများအနေနှင့်လည်း ရခိုင်ပြည်၏ အခြေအနေအကြောင်းကို ကောင်းကောင်း နားမလည်ကြချေ။

၁၄။ ရခိုင်ပြည်ရှိ ပညာရေးစနစ်သည် အဆင့်မြှင့်ရန် လိုအပ်နေချေပြီဖြစ်သည်။

၁၅။ အခြေအနေများကို ကောင်းကောင်း နားမလည်သောကြောင့် အစောက တည်းက မွတ်စလင်တို့အပေါ် ရှိနှင့်ပြီးဖြစ်သော အမုန်းတရားနှင့် မကျေနပ်ချက်များက လူတို့အား ကောလဟာလများနှင့် သတင်းအမှားများကို ပိုမိုယုံလွယ်စေသည်။

၁၆။ ယခုတွင် ယှဉ်တွဲနေထိုင်နိုင်ရန် မဖြစ်တော့ချေ။ ခွဲခြားနေခြင်းသည်သာလျှင် တစ်ခုတည်းသော ဖြေရှင်းနည်းဖြစ်သည်။ ယခုအချိန်တွင် ဘာသာခြား အုပ်စုများအကြား မယုံကြည်မှုများ ကြီးစိုးလာသောကြောင့် အတူတကွ ပြန်လည်နေထိုင်နိုင်ရန်အတွက် အချိန်ယူရမည်ဖြစ်သည်။

၁၇။ အသိုင်းအဝိုင်းတို့ဘက်မှလည်း လူ့အခွင့်အရေးနှင့် အခြားသော ဘာသာများ အကြောင်းကို ပိုမို သိနားလည်ရန် လိုအပ်သည်။ ထိုမှသာ ထိုအဓိကရုဏ်း၏ နောက်ကွယ်မှ အကြောင်းရင်းကို နားလည်နိုင်မည် ဖြစ်သည်။


၁၈။ ရခိုင်ပြည်တွင် အခြားသော လူနည်းစုများ (ဟိန္ဒူမရမကြီး၊မျိုးနှင့်အခြားဘင်္ဂါလီတင်မဟုတ်) အပေါ်တွင်လည်း ခွဲခြားဆက်ဆံမှုများ ရှိလာသည်။

၁၉။ အဓိကရုဏ်းကြောင့် မိသားစုဝင်တော်တော်များများ ကွဲကွာသွားကြသည်။


# ခွဲခြမ်းစိတ်ဖြာချက်

စစ်တွေမြို့တွင် နားထောင်သူများသည် လူပေါင်း၄၈ဦးကို စကားပြောဆိုခဲ့ကြသည်။ နေရာပေါင်း ၉နေရာမှလာသော သူတို့နှင့် စကားပြောဖြစ်ခဲ့ကြသည်။ အဓိကရုဏ်းကြောင့် ထိခိုက်ခံခဲ့ရသော နေရာများလည်း ပါသကဲ့သို့စစ်တွေမြို့အပြင်ဘက်ရှိ IDP စခန်းနှစ်ခုမှ လည်းပါသည်။

၃၅ ယောက် (၇၆%) မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၄ယောက် (၈.၅%) မှာ မွတ်စလင်များဖြစ်ကြကာ၄ယောက် (၈.၅%) မှာ ဟိန္ဒူများဖြစ်ကြသည်။ ၃ယောက် (၇%) မှာ ခရစ်ယာန်များဖြစ်ကြသည်။အောက်ပါဇယားတွင်ပြောကြားသူတို့၏ ကိုးကွယ်သော ဘာသာများကို ဖော်ပြထားသည်။




၂၈ ယောက် (၆၁%) မှာ ယောကျ်ားများ ဖြစ်ကြပြီး ၁၈ယောက် (၃၉%) မှာ အမျိုးသမီး များဖြစ်ကြကာ၁ (၂%) မှာ အသက်၂၀အောက်ဖြစ်နေသည်။ ၇ယောက် (၁၅%) မှာ အသက် ၂၀-၃၀ နှစ်အတွင်း ဖြစ်ပြီး၁၁ယောက် (၂၄%) မှာ အသက်၃၁-၄၀ နှစ်အတွင်း ဖြစ်သည်။ ၁၃ ယောက် (၂၈%) မှာ အသက် ၄၁-၅၀ အတွင်း ဖြစ်ကာ ၉ယောက် (၂၀%) မှာ အသက် ၅၁-၆၀ အတွင်း ဖြစ်ကာ ၅ယောက် (၁၁%) မှာအသက်၆၀နှစ်နှင့် အထက်ဖြစ်သည်။ အောက်ပါဇယားသည် စစ်တွေမြို့ရှိ ပြောကြားသူတို့၏ အသက်အပိုင်း အခြားကို ဖော်ပြသည်။



*အကြမ်းဖက်မှုကို တွန်းပို့လှုံ့ဆော်ခဲ့သော လုပ်ရပ်များ*

လူအများက ယုံကြည်ကြသည်မှာ မုဒိန်းမှုကဲ့သို့ သတင်းမျိုးကို တင်ပြရာတွင် မီဒီယာဘက်လိုက်မှုသည်(ရခိုင်အမျိုးသမီးတစ်ဦးကို ဘင်္ဂါလီအမျိုးသားတစ်ဦးက မုဒိန်းကျင့်အစရှိသည်ဖြင့်) အကြမ်းဖက်မှုကို လှုံ့ဆော်သော အချက်ဖြစ်သည်။ လူအများက ပြောကြသည်မှာလည်း တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ အာဏာပိုင်တို့က ကျူးလွန်သူတို့ကို အပြစ်ပေးခြင်း တစုံတရာမလုပ်ခြင်း တို့ကြောင့် လူအများက သူတို့လက်နှင့်ပင် စီရင်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အခြားအသိုင်းအဝိုင်းက ပြောသည်မှာ ရခိုင်တို့ သတ်သောကြောင့် သေခဲ့ရသော မွတ်စလင်ဆယ်ဦးတို့အတွက် ဝတ်ပြုဆုတောင်းရန် မွတ်စလင်တို့ စုရုံးခြင်းသည်ပင်လျှင် လွန်ကျူးမှုတစ်ရပ်လို ထင်မြင်ခံရပြီး စစ်တွေမြို့ ဆူပူမှုအတွက် စမှတ်တစ်ခုလို ဖြစ်သွားသည်။ လူအများကလည်း ပြောသည်မှာ ဘာသာရေးအစွန်းရောက်များနှင့် အယူသည်းသူများက အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြသည်ဟု ဆိုသည်။

*အဓိကရုဏ်း ဆူပူမှုများသည် ကျယ်ပြန့်စွာ အကျိုးသက်ရောက်မှုများ ဖြစ်သွားစေခဲ့သည်။*

အသိုင်းအဝိုင်းတို့ဘက်မှလည်း ဆူပူအကြမ်းဖက်မှုများကို ထိုမျှမြန်မြန်ဆန်ဆန် ပျံ့နှံ့သွားလိမ့်မည်ဟုထင်မထားခဲ့ချေ။ လူတို့သည်လည်း ၎င်းတို့အသိုင်းအဝိုင်းအတွင်းတွင် လုံခြုံမှုမရှိတော့ဘဲ အကြောက်တရားနှင့် ရှင်သန်နေရသည်။

ထိုအဓိကရုဏ်းကြောင့် လူတို့၏ နေ့စဉ်ဘဝများလည်း ထိခိုက်ခဲ့ရသည်။ နေ့စဉ်ဝင်ငွေ၊ ပညာရေးနှင့်လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုကိစ္စများသည် အဓိကရုဏ်းကြောင့် ထိခိုက်မြဲထိခိုက်လျက်ရှိသည်။အသိုင်းအဝိုင်းတို့ဘက်မှလည်း စီးပွားရေးဆိုင်ရာ သိသိသာသာ ဆုံးရှုံးနစ်နာမှုများ ပြခဲ့သည်။ အချို့သော မွတ်စလင်ကုမ္ပဏီများတွင် ဝန်ထမ်းများအား ကြိုတင်ငွေများ ထုတ်ပေးထားပြီး အကြမ်းဖက်မှုများကြောင့် ထိုလူများ ထွက်သွားသောအခါ ငွေများလည်း ဆုံးလေတော့သည်။ ညမထွက်ရ အမိန့်များသည်လည်း နေ့စဉ်နေထိုင်မှုဘဝကို သက်ရောက်ပြီး အခြားသော ပြုဖွယ် ဆောင်ရာတို့ကို ထိခိုက်လေသည်။

မိသားစုဘဝများသည်လည်း များစွာ ထိခိုက်ခဲ့ရသည်။ ပြန်လည်ထူထောင်ရေး စခန်းများတွင် အချို့သော အိမ်မီးလောင်သောကြောင့် လာရောက်နေထိုင်သော မိဘများသည် ၎င်းတို့၏ အရွယ်ရောက်ပြီး သားသမီးများ၊ မိသားစုဝင်များနှင့် ခွဲခွါနေရသည်။ ထို့အပြင် အကြမ်းဖက်မှုကြောင့် လူငယ်အချို့ စစ်တွေမှထွက်ခွါ သွားကြရသည်။ ထိုသူများသည် မြန်မာနိုင်ငံရှိ အခြားပြည်နယ် များတွင်လည်းကောင်း၊ ထိုင်းနှင့်မလေးရှားတွင်လည်းကောင်း သွားရောက်နေထိုင်ကြသည်။

## *နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း နားမလည်နိုင်ကြပေ*

အသိုင်းအဝိုင်းတို့မှလည်း နိုင်ငံတကာအဖွဲ့အစည်း အသိုင်းအဝိုင်းများဖြစ်သော ကုလသမဂ္ဂနှင့်နိုင်ငံတကာ NGO တို့မှ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသွားသော အခြေအနေတို့ကို တိကျသော သတင်းအချက် အလက်များကို မသိဟု ခံစားရလေသည်။ ထိုနိုင်ငံတကာအရေးလှုပ်ရှားသူများ ကလည်း အချို့သော နိုင်ငံတကာ NGO များ၏ အစီရင်ခံစာလောက်ကိုသာ ဖတ်ပြီး အခြား ပါဝင်လှုပ်ရှားသူ (အသိုင်းအဝိုင်းများ) ကို နားမထောင်ပေ။ အပြင်လူသူစိမ်းများရှိနေခြင်းကြောင့် အသိုင်းအဝိုင်းအတွင်းတွင် မယုံသင်္ကာမှုများ ဖြစ်ပေါ်စေသည်။ ထိုအပြင်လူဆိုသည်မှာ ရခိုင်ပြည်နယ် ဒေသခံမဟုတ်သူတိုင်းကို ဆိုလိုခြင်းဖြစ်ပြီး အစိုးရကိုယ်စားလှယ်များနှင့် ဘာသာရေးခေါင်းဆောင်များလည်း ပါဝင်သည်။

## *ဗဟိုပြုထားသော အစိုးရကအကြမ်းဖက်မှုများကို တုံ့ပြန်ရာတွင် နှောင့်နှေးစေသည်။*

သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့မှလည်း ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရတို့ကြား အာဏာမျှဝေခြင်းမရှိခြင်းသည် အကြမ်းဖက်မှုများကို ထိန်းချုပ်ရာတွင် နှောင့်နှေးစေသော အကြောင်းရင်းတစ်ခု ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ အကြမ်းဖက်မှု ပျံ့ပွားသွားရခြင်းမှာ ဒေသခံအာဏာပိုင်တို့သည် အခြေအနေကို တုံ့ပြန်ရန်အတွက် ဗဟိုအစိုးရ၏ တိုက်ရိုက်အမိန့်ကို စောင့်နေရသောကြောင့် ဖြစ်သည်။

### *အကြမ်းဖက်မှုများသည် အာရုံလွှဲသော ဗျူဟာစနစ်တစ်ခုသာ ဖြစ်သည်*

ထိုအကြမ်းဖက်မှုမဖြစ်ခင်က ရခိုင်ပြည်တွင် အကြမ်းဖက်မှုများ ကြုံတွေ့နေရသည်။ ဆူပူမှုများမဖြစ်ခင်က ရဲစခန်းရှေ့တွင် လူများဈေးကွက်နေရာကိစ္စ တင်ဒါခေါ်ယူခြင်းနှင့် ပတ်သတ်ပြီး ဆန္ဒပြကန့်ကွက်နေကြောင်း ပြောပြခဲ့သည်။ လူများက ပြောပြခဲ့သည်မှာ လည်းဒေသတွင်းရခိုင်ပြည်မှထွက်သောသဘာဝသယံဇာတများကိုထုတ်ယူရောင်းချခြင်းမှ ရလာသော အမြတ်ငွေများ ဘဏ္ဍာများကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ မျှတစွာ ခွဲဝေယူရန် ထုတ်ဖော်စည်းရုံးနေချိန် ဖြစ်သည်။ မြေပိုင်နက်နှင့် ပတ်သတ်ပြီး ဖြစ်နေသော ကိစ္စများလည်းရှိသည်။

အချို့လူများက ယုံကြည်ကြသည်မှာ အစိုးရကိုယ်တိုင်က ဆူပူမှုများကို ဖြစ်စေကာ မင်းမဲ့စရိုက်ဆန်ဆန် ဖြစ်စေပြီး အသိုင်းအဝိုင်းနှင့် ပြည်သူ့လူမှုအဖွဲ့အစည်း/ အသိုင်းအဝိုင်းတစ်ခုကို အခြေခံထားသောအဖွဲ့အစည်းများ၏ အထက်ပါ ရခိုင်ပြည်နှင့် သက်ဆိုင်သော ကိစ္စများအား အာရုံလွဲစေရန် တမင်သက်သက် လှုံ့ဆော်ဖန်တီးသည်ဟု ယုံကြည်ကြသည်။

### *အစောကတည်းက ရှိနှင့်သော ခွဲခြားဆက်ဆံမှုများ*

လူအများက ဘင်္ဂါလီများ၊ ဟိန္ဒူများ ၊မရမကြီးများ ၊မြို့လူမျိုးများနှင့် အခြားအသိုင်းအဝိုင်းရှိ လူများ ခွဲခြားဆက်ဆံခံရကြောင်းကို ပြောပြသည်။ အစောကတည်းက ရှိနှင့်သော ‘အမုန်းတရား’ နှင့် မကျေနပ်ချက်များက တစ်ဖက်ဘာသာကို ကောင်းစွာ သိနားလည်ခြင်း မရှိခြင်းနှင့် ပေါင်းလိုက်သောအခါ ကောလဟာလများနှင့် သတင်းအမှားများကိုပျံ့ပွား စေလေသည်။

### *အဓိကရုဏ်းဖြစ်စဉ်ကို နားလည်နိုင်ရန် အသိပညာပေးမှု လိုသည်*

အသိုင်းအဝိုင်းတို့မှလည်း နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် ယုံကြည်မှုတည် ဆောက်ရေး အစီအစဉ်တို့အပေါ်တွင် အခြေခံသော ငြိမ်းချမ်းမှု တည်ဆောက်ရေး လုပ်ရှားမှုများ လိုအပ်သည်။ ထိုအစီအစဉ်များသည် အသိုင်းအဝိုင်းတို့အား ပဋိပက္ခ ဖြစ်စဉ်၏ နောက်မှ အကြောင်းရင်းကို နားလည်နိုင်ရန် ရည်ရွယ်သင့်သည်။

### *အသိုင်းအဝိုင်းတို့အား ခွဲခြားထားရမည်*

စစ်တွေနှင့် အခြားနယ်များတွင် လုံးလုံးမတူညီသော အချက်တစ်ချက်မှာ စစ်တွေမြို့ခံများက ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်တို့အား ခွဲခြားထားရန်အတွက် အပြင်းအထန် တောင်းဆိုခြင်းပင် ဖြစ်သည်။အသိုင်းအဝိုင်းတို့ဘက်မှလည်း လောလောဆယ်တွင် အသိုင်းအဝိုင်း တစ်ခုနှင့် တစ်ခု မယုံကြည်မှု မြင့်တက်နေသောကြောင့် အတူတကွနေထိုင်နိုင်ရန် မဖြစ်နိုင်ဟု ခံစားမိလေသည်။ ယုံကြည်မှု တည်ဆောက်ပြီးမှ သူတို့အကုန် ယှဉ်တွဲ နေထိုင်နိုင်မည်ဖြစ်သည်။

မှတ်မှတ်ရရအားဖြင့်လည်း စစ်တွေတစ်မြို့တည်းမှာပင် ဘာသာမတူသူတို့က အသိုင်း အဝိုင်းများကြားတွင် ရောယှက်နေထိုင်ခြင်းဖြစ်သည်။ ရခိုင်ပြည်၏အခြားနေရာများတွင် မွတ်စလင်နှင့် ဗုဒ္ဓဘာသာတို့ က ခွဲခြားနေထိုင်လေ့ ရှိသည်။

**ရွှေဘို : အများဆုံးကြားရသော အကြောင်းအရာများ**

၁။ သူစိမ်းများမရှိပါက အကြမ်းဖက်မှုလည်း ဖြစ်မည်မဟုတ်ချေ။

၂။ အသိုင်းအဝိုင်းတွင်းရှိ လူများကလည်း အခြားသော ဘာသာရေးအုပ်စု၏ ရိုးရာနှင့် ဘာသာရေးပွဲတော်များတွင် ဝင်ရောက်ပါဝင်ကြသည်။

၃။ မည်သည့်ဘာသာကိုးကွယ်စေကာမူ လူတော်တော်များများမှာ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်ရှိကြသည်။

၄။ ဒေသခံများကလည်း ဆူပူမှုများမဖြစ်အောင် တားဆီးပေးနိုင်မည့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲများကိုပြုလုပ်ပေးကြသည်။


၅။ လူတို့ကလည်း သူတို့အသိုင်းအတွင်းတွင် အဓိကရုဏ်းကို မဖြစ်လိုသကဲ့သို့ သူတို့အတူတကွ ပူးပေါင်းကာကာကွယ်နိုင်မည်ဟု ခန့်မှန်းသည်။

၆။ အသိုင်းအဝိုင်းတို့မှလည်း သူတို့၏ပဋိပက္ခ ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် အဖွဲ့အစည်းများကိုလိုအပ်သည်ဟု ဆိုသည်။


၇။ လူငယ်များလည်း အခြားသော ဘာသာတရားများကို လေ့လာရန် လိုသည်။

## ခွဲခြမ်းစိတ်ဖြာချက်

နားဆင်သူတို့သည်ရွှေဘိုရှိလူ ၂၂ ယောက်နှင့် စကားပြောဆိုခဲ့သည်။ မှတ်မှတ်ရရအားဖြင့် ရွှေဘိုမြို့ရှိရွာတစ်ခုတွင် အသိုင်းအဝိုင်းတို့သည်၊ အထူးသဖြင့် ဘာသာရေးခေါင်းဆောင်များသည် တင်းမာမှုများကို အဓိကရုဏ်းအသွင် ပြောင်းမသွားအောင် တားဆီးလိုက်နိုင်ကြသည်။ ပြောကြားသူ ၁၂ ယောက် (၅၅%) မှာ မွတ်စလင်များ ဖြစ်ကြပြီး ၁၀ယောက် (၄၅%) မှာ ဗုဒ္ဓဘာသာများ ဖြစ်ကြသည်။ အောက်ပါဇယားသည် ပြောကြားသူတို့၏ ကိုးကွယ်သော ဘာသာများကို ပြသလေသည်။



၁၈ ယောက် (၈၂%) မှာ ယောက်ျားများဖြစ်ကြပြီး ၄ယောက် (၁၈%) မှာ မိန်းမများ ဖြစ်ကြသည်။ ၆ ယောက် (၂၇%) မှာ ၂၀-၃၀ နှစ်အတွင်း ဖြစ်ကာ ၃ယောက် (၁၄%) မှာ ၃၁-၄၀ နှစ်အတွင်း ဖြစ်ကြပြီး ၃ယောက် (၁၄%) မှာ ၄၁-၅၀ နှစ်အတွင်း ဖြစ်သည်။ ၁ယောက် (၄%) မှာ ၅၁-၆၀ နှစ်ကြားရှိပြီး ၉ ယောက် (၄၁%) မှာ သူတို့၏အသက်ကို ဖော်ပြမထားချေ။ ရွှေဘိုမြို့ရှိ ပြောကြားသူတို့၏ အသက်များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။




### *အကြမ်းဖက်မှုများကို လှုံ့ဆော်ရာတွင် ပြင်ပသူစိမ်းများ ပါဝင်နေသည်။*

လူအများစုက ပြောသည်မှာ အကြမ်းဖက်မှုကို လှုံ့ဆော်ရန် ကြိုးစားရာတွင် ပြင်ပသူစိမ်းများ ပါဝင်နေသည်ဟုဆိုသည်။ ရွာတစ်ရွာတွင်မူ ရွာခံက ပြောသည်မှာ အကြမ်းဖက်မှုမတိုင်မီ တစ်ပတ်နှစ်ပတ် အလိုအတွင်း ဝဘ်ဆိုက်မှ မွတ်စလင်ဆန့်ကျင်ရေး ဝါဒများကို ဗီဒီယိုများ ဖြင့်လည်းကောင်း စီဒီအသွင်ဖြင့်လည်းကောင်း ၄င်းတို့ အသိုင်းအဝိုင်းအတွင်း ဖြန့်ချိခဲ့ သည်ဟု ဆိုသည်။

### *ဘာသာပေါင်းစုံ ချစ်ကြည်မှုရှိခြင်းသည် အကြမ်းဖက်မှုကို တားဆီးရာတွင် ကူညီပေးသည်*

အကြမ်းဖက်မှု မတိုင်မီက လူအများသည် အခြားဘာသာခြားတို့၏ ရိုးရာနှင့် ဘာသာရေး ဆိုင်ရာ လုပ်ရှားမှုများတွင် ပါဝင်ကြသည်။ ထိုအရာသည် ဘာသာခြားအုပ်စုများ တစ်ခုနှင့် တစ်ခုအကြားတွင် ခိုင်မြဲသော ဆက်ဆံရေးကို ဖြစ်ပေါ်စေကာ လူအများကလည်း သူတို့သည် အခြားဘာသာမှ သူများနှင့် မိတ်ဆွေများဖြစ်ကြသည်ဟူ၍ ဖြစ်သည်။ ရွာတစ် ရွာတွင် မတူညီသော ဘာသာများမှ ဘာသာရေး ခေါင်းဆောင်များသည် ငယ်သူငယ်ချင်း

များ ဖြစ်ကြသောကြောင့် တစ်ဦး၏ အသိုင်းအဝိုင်းကို တစ်ဦးကကာကွယ်ရန် အတူတကွ လုပ်ဆောင်ကြသည်။ ထိုအချက်ကပင် သူတို့ကို ဆက်သွယ်မှု မြှင့်တင်ပေးသော ကောလဟာလများကို ပယ်ဖျက်ပေးသော ၊ဆူပူမှုများကို တားဆီးပေးသော ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲများကို တွေ့ဆုံရန်ဖြစ်ပေါ်စေသည်။

နေရာနှစ်နေရာတွင် အရှင်တေဇာဓိပတိသည် အကြမ်းဖက်မှုများကို ဖြန်ဖြေရာတွင် အင်မတန် ဩဇာညောင်းလေသည်။ သူကိုယ်တိုင်ကလည်း မွတ်စလင်ဘာသာရေးခေါင်းဆောင်များနှင့် အတူအလုပ် တွဲလုပ်ပြီး ထိုခေါင်းဆောင်များက သူတို့အသိုင်းအဝိုင်း အတွင်းရှိ လူများကို တင်းမာနေသော အခြေအနေများကို ထိန်းသိမ်းရန်နှင့် လူတို့အား ဆူပူအကြမ်းဖက်မှုတွင် ဝင်မပါစေရန် သိမ်းသွင်းပြောဆိုရသည်။

ထင်ထင်ရှားရှားပင် မ.ဘ.သရဟန်းများသည်လည်း အခြားသော ဘာသာရေးခေါင်းဆောင်များနှင့်သတင်းအချက်အလက်များ မျှဝေခြင်း၊ ဖြစ်ပေါ်လာသော ပဋိပက္ခများကို ဖြေရှင်းရန် ဆွေးနွေးခြင်းတို့ဖြင့် အကြမ်းဖက်မှုကို တားဆီးရာတွင် လှုပ်ရှားကြသည်။

*လူအများကလည်း အကြမ်းဖက်မှုကို တားဆီးရန် စိတ်အားထက်သန်နေကြသည်*

လူအများကလည်း အကြမ်းဖက်မှုကို သူတို့နေထိုင်ရာ ဒေသအတွင်းတွင် မဖြစ်စေလိုကြချေ။ အသိုင်းအဝိုင်းအတွင်းရှိ လူများကလည်း ကောလဟာလများ ဖြန့်ဝေပြီး အကြမ်းဖက်မှုကို လှုံ့ဆော်လိုသော သူများရှိနေသည်ကို သတိထားမိသော်လည်း သူတို့ထိုကဲ့သို့ အဖြစ်မခံပါဟု ပြောလေသည်။ သူတို့ဘက်မှ ဘာသာရေးအုပ်စုနှစ်စုအကြား နားလည်မှုလွဲမှားခြင်းကို ကာကွယ်ပေးနိုင်သော အသင်းအဖွဲ့များ သို့မဟုတ် ဘာသာပေါင်းစုံ ဆွေးနွေးရေး ဂရုများဖွဲ့ပြီး အကြမ်းဖက်မှုကို တားဆီးနိုင်မည်ဟု ယုံကြည်ကြသည်။

အခြားသော နေရာများတွင် အကြမ်းဖက်မှုများအကြောင်း ကောလဟာလများ ဇာတ်လမ်းများ ကြားသောကြောင့် အသိုင်းအဝိုင်းအတွင်းရှိ လူများ ထိတ်လန့်ရသော်လည်း သူတို့တစ်ဦးကိုတစ်ဦး သိသောကြောင့် ယုံကြည်သောကြောင့် အကြမ်းဖက်မှုများကို သူတို့အသိုင်းအဝိုင်းအတွင်း မဖြစ်အောင် တားဆီးနိုင်ခဲ့သည်။

ဖြစ်ရပ်တစ်ခုတွင် သူစိမ်းများက ရပ်သိရွာသိ ဆေးစွဲနေသော မွတ်စလင်တစ်ယောက်ကို စေတီတစ်ခုအားဖျက်ဆီးရန် သွေးဆောင်သည်။ အသိုင်းအဝိုင်းတို့မှ ထိုအခြေအနေကို ဆူပူသောင်းကျန်းမှု အဆင့်ထိ တက်မသွားအောင် တစ်ဖက်နှင့် တစ်ဖက် စကားပြောပြီး အခြေအနေကို တည်ငြိမ်အောင်လုပ်ကာ ထိန်းသိမ်းလိုက်နိုင်သည်။

*ဘာသာပေါင်းစုံ အသိပညာပေးရေး လိုအပ်သည်*

အချို့ရပာန်းများက ပညာရေးစနစ်ကို ပြောင်းလဲရန်လိုကြောင်း၊ ထိုမှသာ လူငယ်များ အခြားဘာသာများအကြောင်းကို သိမည်ဖြစ်ကြောင်း ပြောလေသည်။ သူတို့က ထိုသို့လုပ်မှသာ ဘာသာခြားသူများ အချင်းချင်းကြားထဲတွင် ကြီးမားသော နားလည်နိုင်မှုများ ဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်ကြသည်။ အခြားသူများကမူ အဓိကရုဏ်း ထပ်မံဖြစ်ပွားမှုကို တားဆီးရန် ပို၍ ပညာပေးရန် လိုသည်ဟု ပြောလေသည်။

*တရားဥပဒေစိုးမိုးမှုမရှိခြင်းသည်လည်း အကြမ်းဖက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းတစ်ချက်ဖြစ်သည်*

တစ်နေရာတွင် အကြမ်းဖက်မှု ဖြစ်ပွားသောအခါ လူအများက သတိထားမိသည်မှာ နယ်စပ်ရေးရာကာကွယ်ရေးဝန်ကြီး ရှိနေသော်လည်း အကြမ်းဖက်မှုကို မတားဆီးနိုင်သည်ကို တွေ့ရသည်။ထိုကြောင့် သူတို့နယ်တွင် တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် အကြမ်းဖက်မှုများ ဖြစ်ရသည်ဟုထည့်သွင်းပြောကြားလေသည်။

*လူအများကလည်း ဘာသာပေါင်းစုံဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပြီး အားကောင်းစေလိုကြသည်*

အကြမ်းဖက်မှု ဖြစ်သွားသော အသိုင်းအဝိုင်းတစ်ခုတွင် အသိုင်းအဝိုင်းရှိ လူများက ၄င်းတို့ ယခင်လိုညီညီညွတ်ညွတ် ပြန်နေသော အခြေအနေကို ပြန်ရောက်ရန်အတွက် ဆက်ဆံရေးကိုပြန်လည်တည်ဆောက်ရန် အချိန်ကြာမည်ကို သိရှိသည်။ ထိုအသိုင်းအဝိုင်းအတွင်း နေထိုင်သူများက ဘာသာခြားများနှင့်ပြန်လည်ပြီး ဆက်ဆံရေး တည်ဆောက်လိုကြသည်။ သူတို့ဘက်မှလည်း ဘာသာခြားအုပ်စုများ အကြားတွင် တင်းမာမှုများ ရှိနေသေးသောကြောင့် ဘာသာခြားအုပ်စုများနှင့် ဆက်ဆံမှုအားကောင်းစေရန် အထောက်အပံ့

ပေးမည့် အဖွဲ့အစည်းများ လိုအပ်ကြောင်း ပြောပြလေသည်။ သူတို့သည်လည်း ဘာသာရေးအယူသည်းအဖွဲ့များ တည်ရှိနေမှုအပေါ်တွင် စိုးရိမ်နေကြသည်။

*အကြမ်းဖက်မှုများတွင် အဖွဲ့အစည်းများလည်း ကဏ္ဍတစ်ရပ်မှပါဝင်သည်*

အချို့လူများက ယုံကြည်ကြသည်မှာ ဘာသာရေးအုပ်စုများအကြား တင်းမာမှုများ ဖြစ်ပေါ်စေရန် ကြိုးပမ်းအားထုတ်မှုတွင် နိုင်ငံရေးပါတီများမှာ တာဝန်ရှိသည်ဟုဆိုသည်။ ရွာတစ်ရွာတွင် လူတို့က ထင်မြင်ချက် ပေးသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်လိုက်ပါက၊ အထူးသဖြင့် အစိုးရအုပ်ချုပ်ပုံ ပြောင်းလဲလိုက်ပါက အဓိကရုဏ်းမဖြစ်စေရန် တားဆီးပေးနိုင်မည်ဟု ယူဆကြသည်။

CENTRE FOR PEACE & CONFLICT STUDIES

ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအရေးလေ့လာမှုစင်တာ (CPCS) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ သုတေသနလုပ်ငန်းများနှင့်လေ့လာသင်ယူမှုများအား အဆင့်မြှင့်တင်ရန် အထောက်အကူ ပြုသည့် အပြန်အလှန် ချိတ်ဆက်လျက်ရှိသော သင်တန်းအစီအစဉ်များ ဖြန့်ဖြူးရာနေရာဖြစ်သည်။ ဤနေရာသည် လက်တွေကျင့်သုံးသူများ၊ ကျောင်းသားများ၊ အသိပညာရှင်များ နှင့် ဆန်းစစ် လေ့လာသူများအား ဆက်စပ်အခြေအနေပေါ်၌ အခြေခံထားသော သတင်းအချက် အလက်များနှင့် အရင်းအမြစ်များအား လက်လှမ်းမီ လေ့လာကြည့်ရှုနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

www.centrepeaceconflictstudies.org

ငွေကြေးထောက်ပံ့သူ

CAFOD
just one world

9789996381782